www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပမှီဝါဒီ ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံ များအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံ့စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေပဒေသာစာပေ

# တက္ကသိုလ် ယဉ်ယဉ်လဲ့

# မိဖင်းသခင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ် ယဉ်ယဉ်လွဲ့

# မိမ်းသခင်


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၃၃၆၀၆၀၃ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၈၂၇၀၆၀၇ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၀၆၊ အောက်တိုဘာ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂)<br>ရွှေဥစာပေတိုက်<br>တိုက် ၄၊ အခန်း ၁၀၊<br>ပြည်တော်သစ်ရိပ်သာ၊<br>ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀)<br>ရွှေပဒေသာအော့ဖ်ဆက်<br>အမှတ် ၃၁/၃၃၊ ၅၃ လမ်း၊<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| တန်ဖိုး | - | ၈၀၀ ကျပ် |
| အုပ်ရေ | - | ၁၀၀၀ အုပ် |


BURMESE CLASSIC .com

## အခန်း(၁)

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း"

လူမမာ ညည်းသလို ညည်းသံသည် တဖြည်းဖြည်းကျယ်လောင်လာသည်။

အိပ်ပျော်လူဆဲဆဲဖြစ်နေသော တင်ထွန်းနိုင်၏မျက်လုံးများပွင့်လာသည်။

ဘယ်ကအသံလဲ။

"ဟော့. . . တင်ထွန်းနိုင်၊ ဘာလို့အိပ်နေတာလဲ၊ ထလေ. . ."

သူဆတ်ခနဲအိပ်ရာက ငုတ်တုတ်ထ,ထိုင်သည်။

လောကတစ်ခုလုံးအိပ်မောကျနေချိန်မို့ တိတ်ဆိတ်ငြိမ်သက်နေသည်မဟုတ်လား။

သူ့အခန်းထဲမှာ ပြာလဲ့လဲ့မီးရောင်ကလေးသာရှိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲက ပစ္စည်းတွေကို ပြတ်သားစွာ မြင်နေရသည်။

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း"

ညည်းတွားသံကို ကြားနေရပြန်ပါ၏။

သူ့ရင်သည် စိုးရိမ်ထိတ်လန့်စွာဖြင့် တထိတ်ထိတ်ခုန်နေရင်းက ဇောချွေးများပြန်ထလာသည်။

ပြာလဲ့သောမီးရောင်အောက်မှာပင် သူ့ခုတင်ဆီသို့ တရွေ့ရွေ့လျှောက်လာသော သဏ္ဌာန်တစ်ခုကို မြင်ရသည်။

မျက်တောင်မခပ်၊ အသက်ပင်ရှူဖို့မေ့သွားကာ၊ ရွေ့လာသောသဏ္ဌာန်တစ်ခုကို ကြောက်ရွံ့ထိတ်လန့်စွာ ငေးစိုက်ကြည့်နေမိ၏။

"တင်ထွန်းနိုင်. . . ထလေ၊ စာကျက်လေ"

ဘယ်သူလဲ။

သူ့ကိုစာကျက်ခိုင်းနေတာ ဘယ်သူလဲ။

"ဟော့. . . ထလေကွာ"

သူ့ခြင်ထောင်အား တစ်စုံတစ်ယောက်က ဆွဲမ,လိုက်သောအခါ. . .

"အား. . ."

သူ ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။

သူ့ခုတင်ဘေးမှာ မည်းမည်းသဏ္ဌာန်ကြီးက သွားဖြဲပြနေသည်။ မျက်လုံးကြီးနှစ်ဖက်က ဝိုင်းစက်ပြီး မီးဝင်းဝင်းတောက်နေသည်။

နားရွက်ကြီးနှစ်ဖက်က ပခုံးထိကျအောင်တွဲကျနေသည်။





"သွား. . . သွား၊ မလာနဲ့. . . သွား"

"ဟီး. . . ဟီး၊ ဟီး. . . ဟီး. . . "

"မလာနဲ့. . . မလာနဲ့"

အမွေးထူထူနှင့် လက်မည်းမည်းကြီးနှစ်ဖက်ဖြင့် သူ့အားဆွဲလာသောအခါ သံကုန်အော်ဟစ်ရုန်းကန်လိုက်ပါတော့သည်။

"အား. . . အမယ်လေး"

❉

"သား. . . သားလေး၊ ဘာဖြစ်သလဲ သား"

သားဖြစ်သူ၏ကြောက်လန့်တကြား အော်ဟစ်သံကြောင့် ဒေါ်မမခင် အိပ်ခန်းထဲပြေးဝင်လာပြီး မီးခလုတ်ကိုဖွင့်လိုက်၏။

တစ်ခန်းလုံး လင်းထိန်သွားသည်။

"သား. . . သား၊ သတိထားပါ သားရယ်၊ မေမေတို့ရှိတယ်လေ"

"ကြောက်တယ်. . . ကြောက်တယ်၊ အကောင်ကြီး. . . ဟိုအကောင်ကြီး ကျွန်တော့်ကိုလာဆွဲတယ်"

တင်ထွန်းနိုင်၏အသံတွေ တုန်နေသည်။

ဒေါ်မမခင်၏နောက်မှ ရှင်ယွန်းခိုင်လည်း ဝင်လာသည်။

"ကိုနိုင်. . . အိပ်မက်ဆိုးတွေမက်နေပြန်ပြီလား၊ ရေသောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဦး. . . ဒါကြောင့်ပြောတာ မီးမွှင့်အိပ်လို့"

စားပွဲပေါ်မှာရှိသော ရေကရားထဲမှ ရေတစ်ခွက်ခပ်ပြီး တိုက်လိုက်သည်။

တင်ထွန်းနိုင်၏ နဖူးမှာဇောချွေးတွေပြန်နေသည်။

စကားမပြောနိုင်ဘဲ မောနေသော တင်ထွန်းနိုင်၏အစူးအရှာ (ကြ)ည့်ပြီး ဒေါ်မမခင် သက်ပြင်းတစ်ချက်ရှိုက်လိုက်သည်။

ရှင်ယွန်းခိုင်က မျက်နှာသုတ်ပဝါလေးဖြင့် တင်ထွန်းနိုင်၏ နဖူးမှချွေးစများကို သုတ်ပေးနေသည်။

"အလကား . . . အိပ်မက်ဆိုးတွေမက်နေတာ၊ ဒါကြောင့် မခိုင်ပြောတာ၊ ညအိပ်ခါနီးဘုရားရှိခိုး၊ ပြီးတော့ အခန်းထဲမှာ တရားခွေဖွင့်ထားပါလို့"

"ကော်ဖီသောက်ဦးမလား သား"

"ဟုတ်တယ်. . . ဆေးပါတစ်ခါတည်းသောက်လိုက်လေ"

"မသောက်ချင်ဘူး၊ ဖဲဒီးဆေးတွေ. . ."

"ဆေးသောက်မှ ရောဂါပျောက်မှာပေါ့"

"ကျွန်တော်က ဘာရောဂါရှိလို့လဲ"

"ဟုတ်သားပဲ မေမေကလဲ. . . ဘာရောဂါမှမရှိပါဘူး၊ ဆေးက အိပ်ဆေးပါ၊ ကိုနိုင် အိပ်မပျော်လို့ အိပ်ဆေးတိုက်တာပါ"

ရှင်ယွန်းခိုင်က သူ့မောင်အကြိုက်လိုက်၍ ပြောခြင်းဖြစ်သည်။

"ကော်ဖီသောက်မယ် မေမေ၊ ဆေးတော့ မသောက်ဘူး"

"အေးပါ"





"ကော်ဖီသောက်လို့ အိပ်မပျော်ဘဲ ဖြစ်နေမယ်၊ ကယ်လ်စီယမ်ကွစ်ကာ သောက်ပါလား"

"ဟုတ်တယ်၊ အဲဒါပဲ ဖျော်လိုက်မယ်နော် ကိုနိုင်"

ရှင်ယွန်းခိုင်က အဆင်သင့်ရှိနေသော ရေနွေးနှင့် ကယ်လစီယမ်ကွစ်ကာ ဖျော်ပေးလိုက်၏။

"သားအတွက် အနားမှာ. . . အဖော်တစ်ယောက်ယောက်ထားမှဖြစ်မှာ"

"မလိုပါဘူး၊ သားတစ်ယောက်ပဲနေချင်တယ်"

တင်ထွန်းနိုင်က ငြင်းလိုက်သည်။

ဒေါ်မမခင်တို့သားအမိနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

❈ ❈ ❈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

"စိမ်းရေ. . . ဧည့်သည်လာတယ်ဟေ့"

ကတ်ဆက်ခလုတ်လေးပေါ်သို့တင်ထားသော စိမ်းနုငယ်၏ လက်များပြန်ရုပ်လိုက်ပြီး ဧည့်ခန်းသို့ ထွက်ခဲ့ပါသည်။

"ဩော်. . . မေမေ၊ ဧည့်သည်လာတယ်ဆိုတော့ စိမ်းက မေမေပဲဖြစ်မယ်လို့ထင်သား"

မှန်တာပြောလိုက်ခြင်းဖြစ်ပါသည်။

စိမ်းနုငယ်အနေဖြင့် ထူးထူးခြားခြား ဧည့်သည်လာစရာ အကြောင်းမရှိပါ။

မိခင်ဖြစ်သူကလည်း စိမ်းနုငယ် တစ်ပတ်တစ်ခါ ပြန်သည်မို့ ကိစ္စမရှိဘဲတော့ စိမ်းနုငယ်၏အဆောင်ကို လာမတွေ့၊ လမ်းကြုံရင်း သဘောမျိုးတော့ လာတတ်ပါသည်။





"သမီး. . . ဒီက မေမေတို့နဲ့သိပ်ခင်တယ်လေ၊ ဒေါ်မမခင် တဲ့၊ ရန်ကုန်မှာပဲနေတယ်"

မေမေက သူနှင့်အတူပါလာသော ဖြူဖြူသန့်သန့် ခန့်ခန့် ချောတဲ့ အမျိုးသမီးကြီးတစ်ဦးနှင့် မိတ်ဆက်ပေးပါသည်။

"ကျွန်မသမီး စိမ်း. . . လေ၊ ကြည့်ပါဦး. . . ငယ်ငယ်ကနဲ့ တူရဲ့လား"

"အင်း. . . လမ်းမှာတွေ့ရင် ဘယ်မှတ်မိပါ့မလဲ၊ သမီးက သိပ်ပြောင်းလဲသွားတာ၊ သမီးကလည်း အန်တီ့ကို မှတ်မိရဲ့လား"

ဒေါ်မမခင်က စိမ်းနုငယ်အား ခြေဆုံးခေါင်းဆုံးကြည့်ပြီး ပြောနေခြင်းဖြစ်ပါသည်။

စိမ်းနုငယ်က သူ့ကိုလုံးဝမမှတ်မိ၊ ယဉ်ကျေးမှုအရ ပြုံးပြ လိုက်မိပါသည်။

"အရင်က သိပ်ရင်းနှီးတဲ့မိတ်ဆွေတွေပေမယ့် ခွဲခွာကြရတာ လည်း ကြာပြီဆိုတော့ ကလေးတွေမပြောနဲ့၊ ကျွန်မတို့အချင်းချင်း တောင် မှတ်မိအောင် မနည်းကြီး ကြိုးစားနေရတယ် မဟုတ်လား"

"မမခင်ကတော့ သိပ်မပြောင်းလဲပါဘူးရှင်၊ ကျွန်မသာ. . . ဩော်. . . သမီး၊ မမခင်နဲ့ မေမေတွေ့ကြရတာ အတော်ပဲ၊ မမခင် ကလည်း သူ့သားအတွက် သူနာပြုဆရာမ လာရှာတာ. . . မရလို့ စိတ်ညစ်နေတယ်လေ၊ မေမေက သမီးအကြောင်းပြောပြတော့ ဝမ်းသာအားရနဲ့ သမီးဆီ လိုက်လာတာ"

"ဟုတ်ကဲ့. . . မေမေ"

"အဲဒါ သမီးအားရင် မမခင်ကို ကူညီလိုက်ပါဦးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သမီးရယ်. . . အန်တီ့သားမှာ ပြုစုမယ့်သူ တစ်ယောက်လိုနေတယ်၊ ခုလို မိတ်ဆွေရင်းချာချင်းတွေ့ရတော့ အန်တီဖြင့် ဝမ်းသာသွားတာပဲ"

"အန်တီ့သားက ဘာဖြစ်လို့လဲဟင်"

"မျက်စိမှာ ဒဏ်ရာရထားလို့လေ၊ အဲဒါခွဲစိပ်ကုသဖို့ နောက် တစ်လလောက်လိုဦးမယ်၊ ဒီအတောအတွင်း သူ့အနားမှာ စောင့်ကြည့် ပြုစုလုပ်ကိုင်ပေးမယ့် စပါယ်ရှယ်နပ်စ်ရှိမှပေါ့၊ ကလေးလည်း သနား ပါတယ်၊ စာမေးပွဲနီးမှ ခုလိုဖြစ်ရတာ"

"ကလေးက ဘယ်အရွယ်ရှိပြီလဲ"

"နှစ်ဆယ့်နှစ်နှစ်"

"ဩော်. . ."

စိမ်းနုငယ် ရယ်ချင်သလိုဖြစ်သွားရပါသည်။ ဒေါ်မမခင်က ကလေးဆိုတော့ တကယ့်ကလေးမှတ်လို့။

"စိမ်းကတော့ ညဂျူတီရှိတယ် အန်တီ. . . တခြားနပ်စ် တစ်ယောက်ယောက်ကို ရှာပေးပါ့မယ်"

"အို. . . သမီးရယ်၊ သမီးကိုယ်တိုင်လုပ်လို့ မဖြစ်ဘူးလား"

"ဟုတ်ပါတယ် သမီးရယ်၊ အန်တီက စိမ်းကိုပဲအားကိုးတယ်၊ ညဂျူတီရှိတယ်ဆိုတော့ နေ့ဘက်မှာ လုပ်လို့မရဘူးလား"

"တစ်ညလုံးမအိပ်ရတော့ နေ့ဘက်မှာ စိမ်း အနားယူရမှာ ပေါ့ အန်တီ"

"ဒီလိုလုပ်ပါကွယ်၊ စိမ်းဆေးရုံက ခွင့်ယူလို့မရဘူးလား"

"ဟင့်အင်း. . . အန်တီ၊ အလကားသက်သက် အကြောင်းမဲ့





တော့ စိမ်း ခွင့်မယူချင်ဘူး"

စိမ်း၏မေမေက လွန်စွာအားနာသွားပုံရသည်။

"အရေးကြီးနေလို့ပါ သမီးရယ်၊ သမီးတတ်နိုင်မှာပါ၊ လူနာ ကလည်း မျက်စိမကောင်းတာ တစ်ခုပဲ၊ တခြားဘာမှ ဖြစ်တာမဟုတ် တာ၊ တစ်လတည်းပဲကွယ်၊ မေမေနဲ့ မမခင်တို့က ဆွေမျိုးရင်းချာလို ဖြစ်နေတော့. . ."

"စိမ်းထက် ကျွမ်းကျင်တဲ့စပါယ်ရှယ်နပ်စ်တွေ ရှိပါတယ် မေမေ"

"ဒီမှာ စိမ်း၊ အန်တီက သားအတွက်ပိုက်ဆံဘယ်လောက် ကုန်ကုန် မနှမြောဘူး၊ ဒါပေမယ့် သားစိတ်ချမ်းသာဖို့နဲ့ သားအပေါ် စိတ်ရှည်မယ့် ဆရာမကိုပဲလိုချင်တယ်. . . စိမ်းကတော့ သားကို သည်းခံပြီး ဆက်ဆံနိုင်မယ့်မိန်းကလေးလို့ထင်တယ်၊ မိတ်ဆွေရင်းချာ ဆိုတော့ အားနာစရာလည်း မရှိဘူး"

စိမ်းနုငယ် စဉ်းစားရပြန်သည်။

စိမ်းတို့လို သူနာပြုဆရာမများမှာ မိမိတို့ပြုစုရမည့်လူနာ များအပေါ် ဂရုတစိုက် စိတ်ရှည်လက်ရှည်ဆက်ဆံကြရသည်ချည်း ဖြစ်ပါသည်။

ခုတော့၊ ဒေါ်မမခင်ပြောပုံက မိတ်ဆွေထဲက သူနာပြု ဆရာမမို့ သူ့သားအပေါ် သည်းခံနိုင်လိမ့်မယ်ဆိုတော့ . . .

"ဒီလိုပါ သမီးရယ်၊ သားကိုလွန်ခဲ့တဲ့လအတွင်းက ဆရာမ သုံးယောက်ပြောင်းခဲ့ရပြီ"

"ရှင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လည်းကြောက်မသွားပါနဲ့၊ သားကစိတ်ရင်းကောင်းပေမယ့် စိတ်တိုတတ်တယ်၊ စိတ်မြန်တာ အရမ်းပဲ၊ ဆရာမတွေက သဘောကောင်းကြပါတယ်၊ ဒါပေမယ့် သားကသူ့မျက်လုံးပတ်တီးကြီးစည်းပြီး ဘာမှမမြင်ရတာကို အလိုလိုစိတ်တိုပြီးနေတာ"

လက်စသတ်တော့ သူ့သားလူဆိုးလူကြမ်းကြီးကို စိမ်း လက်အပ်နေခြင်းကိုး။

စိတ်တို၊ စိတ်ဆတ်၊ စိတ်မြန်သောသူ့သားမှာ သူနာပြုဆရာမများ မမြဲခြင်းကြောင့်၊ လူရင်းအချင်းချင်းဆိုပြီး သူမအား အပူကပ်နေကြောင်း စိမ်းနုငယ် နားလည်လာပါသည်။

သူနာပြုဆရာမသုံးယောက်တောင် လက်လျှော့သွားရတဲ့ လူကို မမြင်ဖူးဘဲနှင့် စိမ်း ကြောက်ရွံ့သွားရပါသည်။

ဒါပေမယ့်. . .

ကိုယ့်ဆီကအကူအညီလိုကြောင်း တောင်းပန်နေတော့ အားနာတတ်သော သူမ၏မေမေလည်း မျက်နှာမပျက်ရအောင် ကူညီပါ့မယ်ဟု ကတိပေးလိုက်ရပါသည်။

"ဝမ်းသာလိုက်တာသမီးရယ်. . . ဝမ်းသာလိုက်တာ၊ မမြအေးနဲ့တွေ့တာ ကျွန်မကိုဘုရားမ,တာ၊ ဒါဖြင့်ရင် မနက်ဖြန်ကစပြီး လာခဲ့ပါလား သမီး၊ အိမ်ကကားလွှတ်လိုက်မယ်၊ ဘယ်အချိန်လာခေါ်ရမလဲ၊ အန်တီတို့အိမ်မှာ သမီးနားနားနေနေ နေနိုင်ပါတယ်ကွယ်၊ သားအတွက် ဒီလောက်တာရိကထ မများပါဘူး၊ တစ်ခုပဲရှိတယ်၊ သားကို အချိန်မှန်မှန် ဆေးတိုက် ဆေးထည့်၊ ဒါပါပဲ တခြားအချိန်တွေ သမီး နေချင်သလိုနေနိုင်တယ်"





"စိမ်းကို မနက်ရှစ်နာရီလောက် လာခေါ်ပါ၊ ဒါဆိုဖြစ်တယ်မဟုတ်လား. . . စိမ်းအတတ်နိုင်ဆုံးလိုက်လျောခြင်းပါ"

"ဖြစ်ပါတယ်ကွယ်. . . ဖြစ်ပါတယ်ကွယ်၊ စားဖို့သောက်ဖို့ဘာမှမပူနဲ့နော် ကလေး. . . အိမ်မှာပဲစား"

စိမ်း၏မေမေ ဒေါ်မြအေးက ပြုံးနေသည်။

သမီးဖြစ်သူက အကူအညီပေးလိုက်ခြင်းကို ကျေနပ်သွားသည်။

"သားနာမည်က တင်ထွန်းနိုင်တဲ့၊ အိမ်သားတွေ ကိုနိုင်လို့ခေါ်ကြတယ်၊ ဆေးတက္ကသိုလ် ကျောင်းသားပါကွယ်"

သူ့သားအကြောင်း သိသင့်သိထိုက်တာတွေ ပြောသွားပါသည်။

စိမ်းက ရွယ်တူယောကျ်ားလေးတစ်ယောက်ကို ပြုစုရမှာသိပ်မကြိုက်ချင်။ ဒါပေမယ့် သူနာပြုဆရာမ မဟုတ်လား။

ကိုယ့်လူနာဖြစ်လာရင်တော့ ကြီးသည်ငယ်သည် မဟုတ်။

မိန်းမ၊ ယောကျ်ားမရွေး တာဝန်ရှိသလောက် စေတနာထား၍ ပြုစုစောင့်ရှောက်ရမည် ဖြစ်သည်လေ။

❖

ဒေါ်မြအေးတို့ပြန်သွားသည်နှင့် စိမ်းနုငယ် အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဝင်လာကာ စောစောက ဖွင့်နားထောင်မည်ပြုသော ကက်ဆက်ခလုတ်ကို နှိပ်လိုက်ပါသည်။

အချစ်ရေ. . .

မင်းကို သိပ်သိပ်ချစ်တယ်ကွယ်. . .

ချစ်တဲ့အကြောင်းတွေ အခါခါ ထပ်မနား သောင်းသောင်းညံညံပြောတော့. . .

အချစ်ရူးလို့ ကိုယ့်ကိုဆိုမလားဟင်. . .

အချစ်နဲ့ပတ်သက်ရင်

မင်းနဲ့ပတ်သက်ရင် ကိုယ်ရူးပါရစေတော့ ခင်. . .

"ဟော. . . ကြည့်စမ်း၊ ဖွင့်ပြန်ပြီ ဒီသီချင်း၊ သိပ်ကြိုက်တယ်နဲ့တူတယ်"

အခန်းဖော် သင်းသင်းနုက အနားမှာလာထိုင်ရင်း ပြောလိုက်ပါသည်။

သူတို့ပြောမယ်ဆိုလည်း ပြောစရာဖြစ်နေပြီကိုး။

"သိပ်ကြိုက်ပါတယ်လို့ ပြောပြီးပြီပဲ သင်းရယ်၊ ဘာလဲ စိမ်း ဒီသီချင်း ခဏခဏဖွင့်လို့ နားငြီးပြီလား"

"မငြီးပါဘူးဟယ်၊ ဒီလောက်ကောင်းတဲ့သီချင်း၊ သံစဉ်လေးကိုက အေးအေးငြိမ့်ငြိမ့်ကလေး၊ ဒါပေမယ့် စိမ်း ဒီလောက်ကြိုက်နေပုံထောက်ရင်၊ ဒီသီချင်းနဲ့ပတ်သက်ပြီး စိမ်းမှာ ထူးထူးခြားခြားအကြောင်းတစ်ခုခုတော့ ရှိရမယ်၊ ဒါမှမဟုတ် ဒီသီချင်းထဲက အဖြစ်မျိုး. . ."

"ဩော်. . . သင်းရယ်၊ သင်းကိုယ်ထဲမှာ ပုဏ္ဏားလေးရှိတယ်နဲ့တူတယ်"





"သင်းပြောတာ ဟုတ်နေပြီပေါ့"

စိမ်း ခေါင်းညိတ်ဝန်ခံလိုက်မိပါသည်။

စိမ်းရင်ထဲမှာ တစ်ဖက်သတ်နဲ့ခံစားရသမျှကို ဖွင့်ပြောပြလိုက်ချင်ပါသည်။ ဒါဆိုရင်ထဲမှ ဝေဒနာလေး သက်သာရာရလေမလားလို့ပါ။

"ဒီသီချင်းကိုရော. . . သီချင်းဆိုတဲ့အသံကိုရော စိမ်းသိတာပေါ့၊ ဒါပေမယ့်. . . လေ"

"သီချင်းဆိုတဲ့လူက မောင်မောင်လွမ်းပြေတဲ့၊ အဲဒီသီချင်းတစ်ပုဒ်ထဲနဲ့ နာမည်ကြီးသွားတာ"

"မောင်မောင်လွမ်းပြေဟာ ဇင်ချိုပဲဖြစ်ရင်တော့. . ."

စိမ်း စကားအဆုံးမပြောနိုင်ဘဲ မျက်ဝန်းမှ ဝေ့သီလာသော မျက်ရည်စများကို လက်ကိုင်ပဝါနှင့် သုတ်ပစ်လိုက်ပါသည်။

"အို. . . စိမ်းက ငိုတယ်၊ ဟုတ်လား"

"အဟောင်းတွေ အသစ်ပြန်ဖြစ်နေရပြီလေ၊ အဟောင်းဆိုပေမယ့် စိမ်းအဖို့တော့ ဒီအဖြစ်တွေဟာ မနေ့တစ်နေ့က ဖြစ်နေသလို အမြဲဆန်းသစ်နေပါတယ်၊ စိမ်းလေ. . . စိမ်း"

"စိမ်းကလည်းကွယ်. . . ကလေးဆန်လိုက်တာ"

စိမ်း ငိုရှိုက်တာကိုကြည့်ပြီး သင်းသင်းနုက မှတ်ချက်ချလိုက်ပါသည်။

"စိမ်း အထူးပြောစရာတောင် မလိုပါဘူး သင်းရယ်၊ သီချင်းနာမည်ကိုက မောင့်ရဲ့စိမ်းတဲ့၊ နားထောင်ကြည့်ပါ နှင်းရယ်၊



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ကြည့်ပါ၊ စိမ်း ငယ်ငယ်တုန်းက ချစ်လာခဲ့တဲ့ စိမ်းချစ်သူက စိမ်းကိုခဏခဏ ဆိုပြခဲ့တဲ့သီချင်းပါ၊ အဲဒီတုန်းက စိမ်း ဆိုတဲ့ နာမည်ကို သူမခေါ်ရက်ပါဘူး၊ တစ်နေ့ စိမ်းတာ သူ့ကို စိမ်းတား သွားမှာကြောက်လို့တဲ့"

စိမ်းဆက်၍မပြောနိုင်တော့ဘဲ သီချင်းကိုနားထောင်မိသည်၊

မြကျွန်းမှာ မမွေးဖွားသော်လည်း
စိမ်းကားသူခင်
မြစိမ်းနွယ် မြရည်လိမ်းသလို
စိမ်းမြမြသွင်
အစိမ်းဘုရင်၊ သခင်လို့ခေါ်တင်စား
မြကျောက်လို နဂိုစိမ်းတာမို့
စိမ်းရက်နိုင်အား. . .

"ကြားလား. . . မစိမ်းကားကြီးလို့ စိမ်းကိုစွပ်စွဲလိုက်တာ၊ ဘာပဲဖြစ်ဖြစ် ဒီသီချင်းဆိုတဲ့လူကိုတော့ စိမ်းတွေ့ချင်လိုက်တာ"

"ကဲပါလေ. . . စိတ်မကောင်းစရာတွေ စိမ်းရယ်၊ မငိုပါနဲ့တော့ ဟုတ်ပါရဲ့၊ သီချင်းကလည်းလွမ်းစရာ ကောင်းလိုက်တာနော်၊ သင်းတို့လိုအချစ်နဲ့ပတ်သက်ရင် ဘာခံစားမှုအကြောင်းမှမရှိတဲ့ လူတောင် ခံစားရသေးတာပဲ၊ စိမ်းဆိုရင်တော့ ငိုမယ်ဆိုငိုလောက်ပါတယ်၊ ဒါနဲ့ အဲဒီသီချင်းဆိုတဲ့လူဟာ စိမ်းသိတဲ့လူဆိုရင်ကော စိမ်းဘာလုပ်မလဲ"

"အဖြစ်မှန်ကို ရှင်းပြချင်တာပေါ့၊ သူစွပ်စွဲသလို မဟုတ်ပါဘူးဆိုတဲ့အကြောင်းကိုလေ၊ အို . . . သူ ဟုတ်ချင်မှဟုတ်မှာပါ၊





တစ်ယောက်ယောက်က ဒီသီချင်းကို သူ့ကိုယ်စားဆက်ပြီး ရေးစပ်တာများလား"

"သူ့လိပ်စာသိအောင် စုံစမ်းကြည့်ပေါ့"

အကာယ်၍သာ မောင်မောင်လွမ်းပြေသည် တစ်ခါက စိမ်း၏ချစ်သူဆိုရင်တော့ . . .

စိမ်း သက်ပြင်းအခါခါ ရှိုက်မိလိုက်ပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

နံနက်ခြောက်နာရီ၊ စိမ်း၏ဂျူတီ ပြီးဆုံးချိန်ဖြစ်ပါသည်။

အဆောင်သို့ပြန်၊ ကိုယ်လက်သန့်စင်၍ ရေမိုးချိုးအလှပြင်ပြီး နံနက်စာကော်ဖီနှင့် မုန့်စားသောက်နေစဉ်မှာပင် ဒေါ်မမခင် အကြို့လွှတ်လိုက်သောကား ရောက်လာပါသည်။

ကားဒရိုင်ဘာနှင့်အတူ အမျိုးသမီးလှလှချောချောတစ်ဦး ပါလာသည်။

"မမနာမည်က ရှင်ယွန်းခိုင်ပါ၊ မေမေက စိမ်းကို သွားကြိုဆိုပြီး လွှတ်လိုက်တာ"

ရှင်ယွန်းခိုင်. . . လို့သူ့ကိုယ်သူပြောမှ ခုတလောနာမည်ကြီးနေသော အဆိုတော် ရှင်ယွန်းခိုင်ပါလားဟုတွေး၍ အံ့သြဝမ်းသာစွာ ငေးကြည့်နေမိ၏။





မိန်းမချင်းငေးကြည့်ရအောင်လည်း ရှင်ယွန်းခိုင်က လှပနေတာမဟုတ်လား။

ရှင်ယွန်းခိုင်ကိုတွေ့ကတည်းက တွေ့ဖူးမြင်ဖူးသလိုလို ထင်မိတာလေ။

ရုပ်ချောသလောက် သဘောကောင်းပုံရသည်။

"စိမ်းကြည့်ရတာ နုနုနွဲ့နွဲ့လေး၊ သဘောကောင်းပြီး စိတ်ရှည်မယ့်ပုံပဲ၊ ဒါမှ ကိုနိုင်နဲ့ဖြစ်မှာ၊ ကိုနိုင်က အမေနဲ့ အစ်မအပေါ်မှာသာ နွဲ့ဆိုးဆိုးတာ၊ တစိမ်းအပေါ်ဆို သိပ်ကောင်းတာ၊ စာတော်တယ်၊ စာအရမ်းကြိုးစားရင်း၊ အိပ်မပျော်တဲ့ဆေးတွေစားရင်း ကြောင်သွားတာ"

သူ့မောင်အကြောင်းကို ကြိုတင်ပြောပြနေသော ရှင်ယွန်းခိုင်၏အမူအရာတွေကို ငေးကြည့်ရင်း စိမ်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေမိသည်။

"ကိုနိုင်က အသန့်အရှင်းအရမ်းကြိုက်တာ. . . အစားအသောက်ဆိုလည်း ကောင်းပေ့ညွှန့်ပေ့ဆိုမှ၊ ဒါပေမယ့်လေ ခုလိုမျက်စိထိခိုက်ပြီးမှ သိပ်စိတ်ဓာတ်ကျပြီး ဘာဆိုဘာမှ ဟုတ်တိပတ်တိမစားဘူး၊ မျက်စိထိတာကလည်း စိတ်တိုစိတ်မြန် ကယောင်ချောက်ချားတွေဖြစ်ပြီး ကားကိုလျှောက်မောင်းရင်းက ဖြစ်တာ၊ ကားမောင်းလည်း အရမ်းကြမ်းတယ်၊ အရင်က သီချင်းဆိုတာဝါသနာပါတယ်၊ ခု. . . ဒီလိုဖြစ်ပြီးကတည်းက ကိုနိုင် သီချင်းမဆိုတော့ဘူး၊ မခိုင် သီချင်းဆိုတာတောင် နားငြီးသတဲ့၊ ဘယ်လိုလုပ်ရမလဲ၊ ?က အဆိုတော်၊ သီချင်းဆိုတဲ့အလုပ် လုပ်နေရတာဆိုတော့. . ."



www.burmeseclassic.com

www.burmeseclassic.com



အဆိုတော် ရှင်ယွန်းခိုင်၏သီချင်းများကို စိမ်း နားထောင်ဖူးပါသည်။

"ကဲ. . . အိမ်တော့ရောက်ပါပြီကွယ်၊ စိမ်းလူကို စိမ်းကိုယ်တိုင် ဆက်ဆံကြည့်ပေတော့"

ရွှေတောင်ကြားလမ်းထဲမှာရှိသော ခြံဝင်းကျယ်ကျယ်၊ ပန်းမျိုးစုံဖူးပွင့်နေသော ပန်းခြံအလယ်မှ ခေတ်မီစွာ ဆောက်လုပ်ထားသော နှစ်ထပ်တိုက်ကြီးကို စိမ်း ခဏမျှမော်ကြည့်မိပါသည်။

ပုံစံဆန်းပြားသည်နှင့်အမျှ ခမ်းနားကြီးကျယ်ပါသည်။

"လာ. . . သမီးရေ၊ အထဲဝင်ကွယ်၊ ခုမှပဲ စိတ်အေးရတော့တယ်၊ စိတ်များပြောင်းပြီး လိုက်လာပါ့မလားလို့"

ဒေါ်မမခင် အိမ်ထဲမှပြေးထွက်လာပြီး စိမ်းကို ဆီးကြိုခေါ်ငင်လိုက်ပါသည်။

အိမ်ထဲသို့ ရှင်ယွန်းခိုင်က အရင်ဝင်သွားပါသည်။ စိမ်းက အီတလီဖြစ် မွေးပွကောဇောပေါ်မှာ ခြေကိုဖွဖွနင်း၍ လျှောက်မိပါသည်။

မနင်းရက်စရာကောင်းအောင်ပင် ကြမ်းခင်းကော်ဇောနီညိုရောင်ကြီးကား နူးညံ့အိစက်နေပါတော့သည်။

ဆိုဖာအနီရဲရဲကြီးများပေါ်မှ မှီခေါင်းအုံး ပန်းရောင်ကလေးများ၊ ပြောင်လက်တောက်ပနေသော အလှပြင်မှန်ဗီရိုများ၊ အလှကြွေပန်းအိုးများ၊ တခမ်းတနားပြင်ဆင်ထားသော အရုပ်ဗီရိုထဲတွင် နိုင်ငံခြားမှလာသော ဂျပန်မရုပ်၊ ဘိုမရုပ်၊ ဗီးနပ်စ်ရုပ်စသော အရုပ်မျိုးစုံ၊ နံရံကပ်၍ချိတ်ထားသော ပန်းချီကားချပ်များ၊ လေအဝင့်မှာ





တလူလူလွင့်နေသော ဇာခန်းဆီးများစသည်ဖြင့် ဧည့်ခန်းထဲရှိ ပစ္စည်းများကို စိမ်း မျက်လုံးလေးဝေ့ဝဲ၍ ကြည့်နေမိပါသည်။

ဆိုဖာအိစက်စက်ပေါ်တွင် ထိုင်လိုက်သောအခါ တစ်ကိုယ်လုံးမြုပ်ဝင်သွားမတတ် ဖြစ်နေရပါသည်။

ဒေါ်မမခင်သည် လက်ထဲမှ ပုတီးလေးကို တချောက်ချောက်စိပ်ရင်း. . .

"သမီးရေ. . . ညီမလေးကို အရင်ဆုံး ကော်ဖီလေးဘာလေးတိုက်လိုက်ပါကွယ်၊ သူ့ခမျာ ညဂျူတီဝင်ထားတာ"

"နေပါစေ အန်တီ၊ စိမ်း သောက်ခဲ့ပြီးပါပြီ"

"သောက်ပြီးပေမယ့် ထပ်သောက်ရမယ်၊ စိမ်းရေ. . . ဒီအိမ်မှာတော့ စိမ်း ဧည့်သည်လိုနေလို့မရဘူးနော်၊ ဆွေမျိုးအရင်းအချာယှက်တောင် မခိုင်တို့မေမေနဲ့ စိမ်းတို့မေမေကခင်ကြတာ၊ ပြီးတော့စိမ်းက ဒီကိုအလုပ်ဝတ္တရားအရ လာတယ်လို့သဘောမထားနဲ့၊ လာ. . . ညီမ"

ချိုသာသော အပြောအဆိုလေးများနှင့် စိမ်းလက်ကို ဆွဲခေါ်နေတော့လည်း ငြင်းရမှာအားနာမိပြန်သည်။

ဧည့်ခန်းနှင့်တွဲလျက်ရှိနေသော ထမင်းစားခန်းကြီးကလည်း ကျယ်ဝန်းလှပါသည်။

စားပွဲရှည်ကြီးပေါ်မှာ ကော်ဖီကရားတစ်အိုးနှင့် မုန့်များရှိနေသည်။

"သောက်. . . စိမ်း၊ မုန့်တွေကလည်းအစုံပဲ၊ စိမ်း ကြိုက်တာစား၊ ဒါက အီကလဲ၊ ဘတ်တာကွပ်ကီးစ်၊ ပေါင်မုန့်ထောပတ်သုတ်



www.burmeseclassic.com

www.burmeseclassic.com



စားချင်လည်း စိတ်တိုင်းကျသာ စားပေတော့. . . အားမနာနဲ့နော် စိမ်း"

အချိုမုန့်များ မကြိုက်သည်က တစ်ကြောင်း၊ အဆောင်မှ စားလာခဲ့ပြီးဖြစ်သည်က တစ်ကြောင်းမို့ ကော်ဖီတစ်ခွက်သာ စိမ်း သောက်နိုင်ပါသည်။

"စားခန်းသောက်ခန်းပြီးရင်တော့ ကိုနိုင်နဲ့တွေ့ရမယ့် အခန်း ပဲ၊ ဟင်း. . . ဟင်း၊ မနေ့ကပဲ ကိုနိုင့်ကို စိမ်းအကြောင်း ပြောပြတော့ မေမေတို့နပ်စ်က စိမ်းနုငယ်ဆိုတော့ အပျံ့စားပါလားတဲ့၊ ကဲ. . . အပေါ်တက်ကြစို့ စိမ်းရယ်၊ ကိုနိုင်အိပ်ရာက နိုးနေပါပြီ"

အပေါ်ထပ်သို့တက်ရသည့်လှေကားကြီးကလည်း နင်းရက် စရာမရှိအောင် ချောမွေ့ပြောင်လက်ခန့်ညားနေပါသည်။

လှေကားတစ်ထစ်ချင်းကိုခြေဖနောင့်နှင့် မထိစေဘဲ သာသာ ဖွဖွလေး နင်းတက်သွားသော ရှင်ယွန်းခိုင်၏ ကိုယ်နောက်ပိုင်းကို တစိမ့်စိမ့်ကြည့်ပြီး စိမ်း အပေါ်သို့တက်ခဲ့ပါသည်။

"လာ. . . ဟောဒါ၊ ကိုနိုင့်အခန်းပဲ"

ခန်းဆီးစကိုဘေးသို့ဖယ်ပြီး အထဲသို့ဝင်လိုက်ပါသည်။

နောက်ကျောဘက်အနေအထားမှ မြင်ရသောလူ တစ် ယောက်၊ ဆံပင်များကလည်း လည်ဂုတ်ထောက်နေအောင်ရှည်သည်။ အိပ်ရာပေါ်မှာ ထိုင်နေခြင်းဖြစ်၏။

"ကိုနိုင်"

"ဘာလဲ"

"သြော်. . . တွေ့တာနဲ့ဟောက်ပြီ၊ အဲလေ. . . တွေ့တယ်ဆို





တာ မဖြစ်နိုင်ဘူး၊ ကိုနိုင့်မျက်လုံးတွေက မြင်မှမမြင်ရသေးပဲ"

ရှင်ယွန်းခိုင်နှင့် စိမ်း သူ့ရှေ့မှာသွားရပ်ကြသည်။

အို. . . လူချောတစ်ဦးပါလား။

မခိုင်ရဲ့မောင်ဆိုတော့ သူလည်းဘယ်ဆိုးလိမ့်မလဲ။

အသားဖြူဖြူ မြင့်မြင့်ထွားထွား လူချောလူလှ လူရည်သန့် ဖြစ်သောတင်ထွန်းနိုင်အား စိမ်း ခင်မင်စွာကြည့်နေမိသည်။

ကိုနိုင်က မျက်လုံးမှာ ပတ်တီးစည်းထားသည်။ နဖူးပေါ် ဆံပင်များဝဲကျနေပုံမှာ ညှင်းသိုးသိုးနှင့်၊ သူ့ကြည့်ရသည်မှာ တစ်စုံ တစ်ခုစိတ်ညစ်နေသလိုပင်။

"ကိုနိုင်ကကွယ်. . . ဘုချည်းပဲ၊ ဒီမှာ ကိုနိုင်ရဲ့စိမ်း ရောက် နေပြီ၊ သိလား"

"စိမ်းရောက်ပြီ. . . ဟုတ်လား"

"ဟုတ်တယ်၊ ကိုနိုင်ရဲ့စိမ်းရောက်ပြီ"

"ကိုနိုင်ရဲ့စိမ်းတဲ့"

စိမ်းနုငယ်က ရှင်ယွန်းခိုင်အား ကြည့်လိုက်ပါသည်။

ဘာဖြစ်လို့ "ကိုနိုင်ရဲ့စိမ်း" လို့ပြောတာလဲ။

"စိမ်းနုငယ်ဆိုတဲ့ ဆရာမကလည်း ဘာမို့လဲ၊ ဟိုဆရာမတွေ လိုပဲ ဩဇာလာပေးဦးမှာ မဟုတ်လား၊ အချိန်တန်ပြီ ဆေးသောက် တော့၊ ထမင်းစားတော့၊ ဘာလုပ်ပါတော့နဲ့၊ ဟင်း. . . လူကိုဘာများ မှတ်နေသလဲ မသိဘူး၊ အချိန်နဲ့အိပ်၊ အချိန်နဲ့စား၊ စက်ရုပ်တစ်ရုပ် လို လှုပ်ရှားနေရမှာလား"

ရှင်ယွန်းခိုင်က ဘယ်နှယ့်ရှိစ,ဆိုသောပုံစံဖြင့် မျက်ခုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ပင့်ပြလိုက်သည်။

သည်သို့ပင် ကိုယ့်ရောဂါဝေဒနာအပေါ်စိတ်ညစ်ပြီး၊ တွေ့ရာလူတိုင်းအပေါ် မပြေမပြစ်ဆက်ဆံတတ်သောလူမျိုး တွေ့ဖူးလွန်း၍ရိုးနေပြီ။

"အချိန်နဲ့အိပ်၊ အချိန်နဲ့စားဆိုတာက လူနာတွေအတွက် စေတနာနဲ့လုပ်ပေးကြရတာပါ၊ ဒါပေမယ့် လူနာတွေက မအိပ်ချင်သေးဘူး၊ မဆာသေးဘူး ဆိုလည်းဖြစ်ပါတယ်၊ ဆေးသောက်ဖို့ကျတော့ အချိန်မှန် တိုက်ကိုတိုက်ရမယ်၊ စိမ်းတို့က တာဝန်ဝတ္တရားအရ လူနာကို ပြုစုကြရတယ်ဆိုပေမယ့် စေတနာလည်းထားကြပါတယ်၊ စေတနာထားကြလို့သာ ဒီအလုပ်ကိုခင်မင်နေကြတာပေါ့၊ လူနာတွေကသာ ရောဂါဝေဒနာခံစားနေရတာကြောင့် စိတ်ညစ်တိုင်း တခြားလူတွေအပေါ် မကြည်မသာဖြစ်နေကြရတာပါ၊ ဒါတွေ စိမ်းတို့နားလည်ပေးနိုင်ပါတယ်၊ စိမ်းကတော့ ကိုနိုင်ဆာတယ်ဆိုမှ ကျွေးမယ်၊ အိပ်ချင်ပါပြီဆိုမှ အိပ်ခိုင်းမယ်၊ လူနာသက်သာဖို့တော့ စိမ်းတို့တတ်နိုင်သမျှပြုစုရမယ့် ဝတ္တရားရှိတယ်လေ၊ ဒါနဲ့ ကိုနိုင့်မျက်လုံးကဘာဖြစ်တာလဲ"

"ကားတိုက်တာ"

"ဩော်"

"ကိုနိုင်က ကားကို. . . ဂျက်လေယာဉ်မောင်းသလိုမောင်းတာ"

"မခိုင်ကလဲဗျာ"

"ကားမှန်ကွဲစမျက်လုံးထဲဝင်ပြီး လူလည်းမြင်တဲ့အတိုင်း





မသေတာကံကောင်း"

"လူပါသေသွားရင် ပိုကောင်းတာပေါ့၊ မျက်စိမမြင်ဘဲ အသက်ရှင်နေရတာ စိတ်ပျက်စရာကြီး"

စိတ်ပျက်အားလျော့ဟန်ကြီးဖြင့်ပြောလိုက်သော ကိုနိုင့်ပုံစံကိုကြည့်ပြီး ကရုဏာသက်မိသွားပါသည်။

"ခုကော. . . မျက်စိဘယ်လိုနေသေးလဲ"

"မှန်စတွေတော့ ထုတ်ပြီးပါပြီ၊ မမြင်ရတာခက်နေတယ်၊ ဒါနဲ့လိုအပ်တဲ့စမ်းသပ်မှုတွေလုပ်ပြီး ရှေ့လထဲမှာခွဲမယ်လေ၊ ဒါကိုသူ စိတ်ဓာတ်ကျနေတာ၊ သူ့မျက်လုံးပြန်မြင်ရမှာ မဟုတ်ဘူးတဲ့၊ ပါရဂူတွေနဲ့ ကုနေတာပဲ၊ ဒီလောက်လည်း စိတ်ဓာတ်ကျစရာ မလိုပါဘူးနော်"

"ဒါပေါ့. . . စိမ်းတို့ရှေ့တင် မျက်စိဝေဒနာသည်တွေ တစ်ယောက်ပြီးတစ်ယောက် ခွဲစိတ်ကုသခံသွားတာ မြင်နေရတာပဲ၊ တချို့ဆို ငယ်ငယ်ကလေးတည်းက မမြင်ရတာ၊ ခုမှခွဲစိပ်ကုပြီး ပြန်မြင်သွားတာအများကြီး၊ အရေးကြီးတာက စိတ်ဓာတ်ကျတာမျိုး မဖြစ်စေရဘူး၊ စိတ်ဓာတ်ကြံ့ခိုင်ဖို့နဲ့ လူကျန်းမာဖို့ အရေးကြီးတယ်"

"အေးလေ. . . မေမေကလည်း ဒီမှာကုလို့ မအောင်မြင်ရင် နိုင်ငံခြားသွားကုမယ်လို့ ပြောထားရက်သားနဲ့၊ ကဲ. . . စိမ်းနေခဲ့ဦးတော့နော်၊ မခိုင်ဒီနေ့ အသံသွင်းဖို့ ကိစ္စရှိသေးလို့၊ နောက်မှပဲ စိမ်းနဲ့ အေးအေးဆေးဆေးတွေ့ကြတာပေါ့၊ ကိုနိုင်ကလည်း စိမ်းကို အရင်ဆရာမတွေကိုဆက်ဆံသလို မဆက်ဆံပါနဲ့ကွယ်၊ သူ့ခမျာ အားရှာတာ မဟုတ်ဘူး၊ မေမေ့ကို သက်သက်လာကူတာ၊ ညဂျူတီဝင်ပြီး ကိုနိုင့်



www.burmeseclassic.com

www.burmeseclassic.com



ဆီလာရတာဆိုတော့ ဘယ်လောက်ပင်ပန်းမလဲ၊ စိမ်းကို သူနာပြု ဆရာမလို သဘောထားမယ့်အစား ညီမတစ်ယောက်လို၊ မိတ်ဆွေ တစ်ယောက်လို သဘောထားပြီး လိုတဲ့အကူအညီတောင်းပေါ့၊ စိမ်းက အရင် ဆရာမကြီးတွေလို ကြမ်းကြမ်းတမ်းတမ်းပုံစံကြီး မဟုတ်ဘူး နော်၊ တကယ်ချစ်စရာကောင်းတယ်၊ ကိုနိုင် အခုမမြင်နိုင်သေးလို့၊ စိမ်းမျက်နှာလေးကြည့်ရတာ ရင်ကိုအေးသွားတာပဲ၊ တကယ်. . . ဒါပဲနော် စိမ်း၊ ကိုနိုင့်ကို စိမ်းလက်ထဲအပ်ခဲ့ပြီ၊ ပြီးတော့လေ လိုတာ ရှိရင် အောက်ထပ်မှာ မကြည်စိန်နဲ့ လှလှရှိတယ်၊ စိမ်းလိုတာ ခိုင်းနိုင်တယ်၊ အခု ချက်ကြပြုတ်ကြနဲ့မအားကြသေးလို့၊ တော်ကြာ သူတို့တက်လာကြ လိမ့်မယ်၊ သွားပြီနော် စိမ်း"

သူပြောချင်တာတွေ၊ မှာချင်တာတွေ မနားတမ်းပြောဆိုပြီး ရှင်ယွန်းခိုင် အောက်သို့ ပြန်ဆင်းသွားတော့သည်။

စိမ်းမှာ ခုမှမြင်တွေ့ဖူးသူနှင့် နှစ်ယောက်တည်းဆိုတော့ ကြောင်တော့ကြောင်သား။

ကိုနိုင်ကတော့ မလှုပ်မယှက်ကြီး ထိုင်နေသည်။

"ကိုနိုင်အိပ်ရာထ ဘာစားပြီးပြီလဲ"

"ဘာမှ မစားရသေးဘူး၊ ဘာမှလည်းမစားချင်ဘူး"

ခပ်ပြတ်ပြတ်ပင် အဖြေပေးလိုက်သော သူ့မျက်နှာမှာ ဘာမှ ခံစားမှု မရှိသလိုပင်။

ကိုနိုင်၏ အေးတိအေးစက် အမူအရာကိုကြည့်ရင်း စိမ်း သက်ပြင်းတစ်ချက် ရှိုက်လိုက်ပါသည်။

"ဘာပဲဖြစ်ဖြစ်လေ. . . အိပ်ရာထဆိုတော့ ဆာမှာပေါ့၊





ကော်ဖီလေးတစ်ခွက်သောက်လိုက်ပါလား"

"အဲဒီကော်ဖီပဲ မသောက်ချင်တာ၊ တစ်နေ့တစ်နေ့ နို့နဲ့ ကော်ဖီနဲ့၊ ကြက်ဥနဲ့ ကိတ်မုန့်နဲ့ တော်ပါပြီ၊ ဘာမှမစားချင်ဘူး"

"ဒါနဲ့ မျက်နှာကောသစ်ပြီးပြီလား"

"ပြီးပြီ"

"ကဲ. . . လေ၊ ဘာမှမစားချင်လည်းနေပေါ့၊ အိပ်ရာက ထ,စမို့ ကိုယ်တွေလက်တွေ ညောင်းပြုမနေဘူးလား၊ လမ်းလျှောက် လိုက်ပါလား၊ ပန်းခြံထဲမှာဆိုတော့ လေကောင်းလေသန့်လည်းရပြီး စိတ်ကြည်လင်လာမယ်၊ စိမ်း တွဲပြီးလိုက်ပါ့မယ် ဟင်"

"လမ်းလျှောက်ဖို့နေနေသာသာ ကျုပ်အမေက ကျုပ်ကို အောက်ဆင်းတာတောင် ခွင့်မပေးဘူး၊ အကန်းဆိုတော့ အခန်းထဲ အောင်းနေတာပဲ ကောင်းပါတယ်၊ သူများမြင်လို့လည်း မတင့်တယ်"

"အို. . . မျက်စိမမြင်တာ ရှက်စရာမဟုတ်ပါဘူး၊ အမြဲ ကန်း နေတာမှ မဟုတ်ပဲ၊ လာပါ. . . စိမ်းလိုက်ပို့ပါ့မယ်၊ ဒီနေ့ ရာသီဥတု ကလည်း သိပ်သာယာတာပဲရှင့်၊ နေရောင်လည်းခံရင်းပေါ့၊ ဒါမှ ဗီတာမင်ဒီဓာတ်ရပြီး အရိုးတွေသန်မာမယ်၊ ကိုယ်တွင်းက ရောဂါပိုး တွေလည်း သေမယ်၊ အပျင်းလည်းပြေ၊ လတ်ဆတ်တဲ့လေကို ရှူရှိုက် ရတော့ နှလုံးလည်းအားရှိ၊ သွေးသားလည်းစင်ကြယ်၊ မကောင်း ဘူးလား၊ ဒီအခန်းထဲနေရတာထက်စာရင် အပြောင်းအလွဲပေါ့"

"ခင်ဗျားက သူနာပြုဆရာမပီပီ ကျွန်တော့်ကို ကျန်းမာရေး လက်ချာရိုက်နေတာပေါ့လေ"

"ကျန်းမာရေး ဆရာမကိုးရှင့်၊ ဒါပေမယ့် စိမ်းကို ဆိုစ်လို့



www.burmeseclassic.com

www.burmeseclassic.com



သဘောမထားပါနဲ့၊ စိမ်းကလည်း ကိုနိုင့်ကို လူနာတစ်ယောက်ကို တာဝန်ရှိလို့ ပြုစုရတယ်လို့ သဘောမထားဘူး၊ ခြံထဲမှာ လမ်းလျှောက်ရင်း ကိုနိုင့်ကို စိတ်ဝင်းစားစရာအကြောင်းတွေပြောရဦးမယ်"

"ဘာလဲ ဗီတာမင်အေကနေဇက်အထိ အကြောင်းလား၊ ကျန်းမာရေးလက်ချာရိုက်တာတော့ နားငြီးပြီဗျာ"

"မဟုတ်ပါဘူး၊ တခြားအကြောင်းပေါ့"

"ဒါဖြင့်လည်း လျှောက်မယ်လေ၊ ခင်ဗျား ကျွန်တော့်ကို တွဲရမှာ၊ ခြံထဲမှာပစ်မထားနဲ့"

"အပေါင်း. . . ဟင်း၊ ကိုနိုင်ကလဲရှင်၊ ထဲ. . . ထ"

သူ့ကို ခုတင်ပေါ်မှ ဆင်းစေပါသည်။

"ဒါနဲ့ ဆရာမ၊ အဲ. . . စိမ်းနဲ့ငယ်"

"စိမ်းလို့ပဲ ခေါ်ပါရှင်"

"ကျွန်တော့် အဝတ်အစားတွေကြည့်ပါဦး၊ ခြံထဲဆင်းလို့ လူမြင်တော်ပါ့မလား"

"ခု. . . ကိုနိုင်ဝတ်ထားတာ ညဝတ်အင်္ကျီပဲ၊ အဝတ်အစား လဲမှ ကောင်းမှာပေါ့၊ လဲပေးပါမယ် ဟုတ်လား"

စိမ်း ဘွက်လက်စွာပင် လှုပ်ရှားလိုက်သည်။ ဗီရိုထဲမှာရှိသော အဝတ်အစားများထဲမှ သိပ်ပြီးသစ်သစ်လွင်လွင်ကြီးမဟုတ်သော အဝတ်အစားများ ရွေးထုတ်လိုက်ပါသည်။

"ဘာတွေလဲပေးမလို့လဲ"

"စပန့်အင်္ကျီအနီ၊ ပုဆိုးက ယောပုဆိုး"

"ပုဆိုး မဝတ်ချင်ဘူး၊ ဟိုမှာ ဝတ်လက်စဘောင်းဘီ ရှိ





ပါတယ်၊ ဆရာမတွေ့လား"

"တွေ့တယ်၊ ဒီမှာ. . . ကဲ. . . အဝတ်အစားလဲရအောင်"

"ဟာ. . ဘောင်းဘီတော့ လဲမပေးပါနဲ့၊ ကိုစိန်သောင်းကို ခေါ်လိုက်ပါ။ ဘားမောင်းတဲ့လူလေ"

"ဘာလုပ်ဖို့လည်းရှင်၊ စိမ်းလဲပေးပါ့မယ်၊ ဟောဒီပုဆိုး အရင်ဝတ်၊ ပြီးမှ ဟောဒီဘောင်းဘီကြီးချွတ်ချ၊ လာ. . . ရပါတယ်၊ စိမ်းတို့က နပ်စ်ပါနော်၊ အပေါင်း. . . ဟင်း"

သူသည် စိမ်း အဝတ်အစားလဲပေးသည်ကို ဘာမှစောဒက မတက်တော့။ ငြိမ်နေပါသည်။

သူ့လက်ကိုဆွဲ၍ စိမ်းလှေကားလက်ရမ်းကို ကိုင်လိုက်စေပါသည်၊

"ကဲ. . . လာ၊ ဒါလှေကားလက်ရမ်းနော်၊ သေချာကိုင် ဒီဘက်က စိမ်းလက်ကိုကိုင်၊ ဟုတ်ပြီ. . . ပထမလှေကားထစ်ကို ဆင်းရအောင်၊ အဲလို တစ်ထစ် ချင်းမှန်မှန်ဆင်း"

ဒေါ်မမခင်သည် စိမ်းတို့လှေကားပေါ်မှ ဆင်းလာပုံကို စိုးရိမ်တကြီး ကြည့်နေပါသည်။

"ဘာလုပ်မလို့လဲ စိမ်း"

"ကိုနိုင် အညောင်းပြေခြံထဲဆင်းလမ်းလျှောက်ခိုင်းမလို့"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် အန်တီ"

ဒေါ်မမခင်ဘာမှ မပြောတော့။

"ဟာ. . . ဟုတ်ပါဘယ်ဗျာ၊ ခုမှတစ်မျိုးပဲ လေအေးအေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုလာထိတွေ့တော့ အသည်းကိုအေးသွားသလို တစ်မျိုးပဲ၊ ရင်ထဲမှာ လန်းဆန်းသွားတယ်"

"ကိုနိုင်အခန်းထဲမှာ အောင်းနေရတာ ဘယ်လောက်ရှိသွားပြီလဲ"

"သုံးလ"

"ကြာပြီပဲ . . . ဒါတောင်တစ်ခါမှ အောက်မဆင်းဘူး. . . ဟုတ်လား"

"ဆေးရုံတော့သွားပါတယ်၊ လူကလည်း စိတ်ဓာတ်ကျနေတယ်ဆိုတော့ ဘာဆိုဘာမှ မလုပ်ချင်သလိုဖြစ်နေတာကိုး၊ ဆရာမ. . အဲ. . . စိမ်း. . . စိမ်း၊ အခု ကျွန်တော်တို့ဘယ်နားရောက်နေပြီလဲ"

"ကိုနိုင်တို့အိမ်ရှေ့က ဗာဒံပင် ပုပုလေးနားရောက်ပြီ၊ သိတယ် မဟုတ်လား"

"အင်း"

"ဒီမှာကိုင်ကြည့်၊ ဒါ. . . ဗာဒံပင်ပဲ"

"ဟုတ်ပြီ. . . ဟုတ်ပြီ"

ခြံထဲမှာ နာရီဝက်ခန့် လမ်းလျှောက်စေလိုက်ပါသည်။

ကျယ်ဝန်းလှသောခြံကြီးမို့ အိမ်ရှေ့မျက်နှာစာတွင် အထူးဂရုတစိုက်မွေးထားသော မြက်ပင်နုနုလေးများကို ဝိုင်းရံ၍ အာဖရိကန်ဒေစီပန်းများ၊ ရွှက်လှပန်းများ၊ လေးညွန့်ကြာစွယ်ပန်းများ၊ ဒေါင်းဂမုန်း၊ ရွှေလာငွေလာဂမုန်း၊ မယ်တော်ကြီးဂမုန်း၊ စီးပွားဂမုန်းပင်များ အစီအရီစိုက်ထားကာ အိမ်ဘေးမှာ တင်းနစ်ကွင်းရှိသည်။ စကားတပြောပြောနှင့် ခြံကိုတစ်ပတ်ပတ်မိအောင် လျှောက်ခဲ့ကြ





ပါသည်။

"မောသွားပြီလား. . . ကိုနိုင်"

"အင်း. . . ဗိုက်ဆာလာသလိုပဲ"

"ဒါဖြင့် တစ်ခုခုသွားစားကြစို့"

"ကျွန်တော်က အဲဒီကော်ဖီနဲ့ မုန့်တွေမစားချင်ဘူးဗျာ၊ နေ့တိုင်းစားရတာ ရိုးနေသလိုပဲ"

"ဒါဆို မုန့်ဟင်းခါးတို့၊ ခေါက်ဆွဲတို့ကော မစားချင်ဘူးလား"

"အဲဒါ စားရင်ကောင်းမလား"

"အိမ်ကတစ်ယောက်ယောက်ကို ဝယ်ခိုင်းရင်ဖြစ်တယ် မဟုတ်လား"

စိမ်းက သူ့ကိုအိမ်ထဲခေါ်ခဲ့ပြီး၊ ဒေါ်မမခင်အား မုန့်ဟင်းခါးစားချင်ကြောင်းပြောပြသဖြင့် ချက်ချင်းပင် အိမ်ဖော်လှလှဆိုသူကို မုန့်ဟင်းခါး ဝယ်ခိုင်းလိုက်ပါသည်။

❈ ❈ ❈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

"ကိုနိုင်စာတော်တော်ဖတ်တယ်နဲ့တူတယ်၊ ကိုနိုင့်အခန်းက စာအုပ်တွေအများကြီး"

"ဟုတ်ပါတယ်. . . ကိုယ်က ဆရာဝန်လည်းဖြစ်ချင်တယ်၊ စာရေးဆရာလည်းဖြစ်ချင်တယ်၊ ကားမောင်းတာလည်း အရမ်းဝါသနာပါတယ်၊ ကိုယ်လုပ်ချင်တာက အများကြီး. . . ဒါပေမယ့် စိမ်းရယ်. . . ကိုယ့်အဖြစ်ကို စဉ်းစားကြည့်လေ၊ မျက်စိက ဒုက္ခရောက်ဆိုတော့၊ အမှောင်ထဲမှာ စမ်းတဝါးဝါးနဲ့လျှောက်ရသလို၊ စိတ်ဓာတ်ကျတယ်"

"အနားယူတယ်လို့ အောက်မေ့ပါ. . . ကိုနိုင်ရယ်၊ တစ်ခု တော့ရှိတယ်လေ အမြင်အာရုံမရပေမယ့် တခြားအာရုံတွေထက်သန်အောင် ကြိုးစားလေ့ကျင့်ပါလား၊ အပြောင်းအလွဲလည်းဖြစ်၊ ပျော်စရာ





လည်းကောင်း"

ကိုနိုင် ပြုံးနေပါသည်။

စိမ်းက သူ့အပျင်းလည်းပြေ၊ ရောဂါဝေဒနာခံစားမှုလည်း သက်သာအောင် ယခုလို စကားတွေအများကြီး ပြောပေးနေရခြင်း ဖြစ်ပါသည်။

ကိုနိုင်ကလည်း စိမ်းနှင့် ရောက်တတ်ရာရာပြောနေရသဖြင့် သူ့ရောဂါပင် မေ့သွားသလိုပင်။

စကားပြောကောင်းနေတုန်း စိမ်းနာရီကို ကြည့်လိုက်မိပါသည်။

"ကိုနိုင်ရေ. . . စကားလည်းပြောလို့လည်းကောင်းရဲ့၊ ထမင်းမဆာသေးဘူးလား၊ တော်ကြာအစာလွန်သွားမှာစိုးလို့ သတိပေးတာနော်၊ မဆာသေးဘူးဆိုလည်းရပါတယ်"

သူ့အား ထမင်းစားတော့လို့ စိမ်း တိုက်ရိုက်မပြောဝံ့ပါ။ တော်ကြာသူက သူနာပြုဆရာမ ခင်ဗျားတို့တွေဟာ အချိန်တန်စားဦး၊ သောက်ဦးနဲ့ ခင်ဗျားတို့တာဝန်ပြီး၊ ပြီးရောဆိုပြီး အချိန်ဇယားကြီးနဲ့ အလုပ်လုပ်နေတော့၊ ကျွန်တော်တို့လူနာတွေ မဆာလည်းစား၊ သာလည်းစား လူကိုစက်ရုပ်ကျနေတာပဲ စသည်ဖြင့် အပြစ်တင်မှာ ိုးရပါသေးသည် မဟုတ်လား။

"ကိုယ်ဒီနေ့ ဘာဟင်းနဲ့စားရမလဲ"

သူစားချင်ပုံရပါသည်။

ထိုကြောင့် စိမ်းကလည်းသူစားချင်အာသာရှိလာအောင်. . .

"ဒီနေ့ကပဲ ကိုနိုင်ပြောတယ်မဟုတ်လား၊ တစ်နေ့တစ်နေ့ ကြက်၊ ဘဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဝက်၊ ဆိတ်နဲ့ အသားချည်းစားရတာရိုးတယ်ဆိုလို့ ဒီနေ့ စိမ်းက ငါးဖယ်သုပ်၊ ကြာဆံဟင်းခါးလေး ချက်ခိုင်းထားတယ်၊ ဆီပြန်ဟင်း မပါဘူး"

"မကြည်စိန်တို့ချက်တာလား"

"မဟုတ်ဘူး၊ အဲ. . . ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် မကြည်စိန်တို့ကို ငါးဖယ်ကြော်ရုံကြော်ခိုင်းထားတာ၊ စားခါနီးမှ ကိုနိုင့်အတွက် စိမ်း ကိုယ်တိုင်သုပ်ပေးမလို့၊ ဘယ်နှယ့်လဲ စားမလား"

"အင်း. . . ကောင်းသားပဲ"

"ဒါဖြင့် ခဏနော်၊ ကိုနိုင်. . . စိမ်းသွားပြင်လိုက်ဦးမယ်၊ ပြီးမှ ကိုနိုင့်ကို လာခေါ်မယ်"

စိမ်း အောက်ထပ်သို့ ဆင်းခဲ့ပါသည်။

ကိုနိုင် ငြီးငွေ့မယ်ဆိုလည်း ငြီးငွေ့စရာ။ မကြည်စိန်တို့ ချက်ပုံက ဆိုင်ထမင်း၊ ဆိုင်ဟင်းလို ဘာဟင်းစားကြည့်ကြည့် ဒီ အရသာ ချည်းဖြစ်နေသည်။

ထိုကြောင့် ငါးဖယ်လေးကို ချဉ်ချဉ်စပ်စပ်သုပ်ရင်း အရသာ အပြောင်းအလဲလေးဖြစ်ခလားလို့ စိမ်ရခြင်းဖြစ်ပါသည်။

"ဘာတွေလုပ်မလို့လဲ စိမ်း"

"ငါးဖယ်သုပ်မလို့ မခိုင်၊ ကိုနိုင် အစပ်စားနိုင်ပါ့မလားမသိ"

"နည်းနည်းပါးပါးတော့ စားပါတယ်၊ စိမ်းလက်ရာလေး မခိုင်တို့လည်းစားရတာပေါ့"

"ဒါပေါ့ မခိုင်ရယ်၊ တစ်အိမ်သားလုံးအတွက် သုပ်မှာပေါ့"

စိမ်း ငါးဖယ်သုပ်နေစဉ်မှာပင် ကိုနိုင်အောက်ထပ်သို့ဆင်းလာ





ပါသည်။

ရှင်ယွန်းခိုင်က လှေကားထစ်များပေါ်ပြေးတက်ပြီး ကိုနိုင့်အား တွဲလိုက်၏။

"ဘာဖြစ်လို့ ဆင်းလာတာလဲ ကိုနိုင်၊ အပေါ်လာပို့မှာပေါ့"

"အပေါ်မှာ မစားချင်ဘူး မခိုင်ရ"

"အဲလိုဆိုလည်း စိမ်းလာခေါ်မှာပေါ့၊ တော်ကြာ ခလုတ်တွေ ဘာတွေတိုက်ပြီး လဲပြုနေရင် ဘယ်နှယ့်လုပ်မလဲ၊ ကိုနိုင်ဟာလေ လူမမာပီပီအိပ်ရာထဲ ငြိမ်ငြိမ်သက်သက်ကို မနေချင်ဘူး"

"မခိုင်ကလည်းဗျာ၊ ကျွန်တော့်ကို တကယ့်လူမမာကြီးကျ နေတာပဲ၊ စိမ်းကပြောတော့ မျက်စိလေးမမြင်တာနဲ့လူဘဝရှုံးပြီဆိုပြီး စိတ်ဓာတ်ကျစရာမလိုဘူးတဲ့"

"အေးလေ၊ မင်းဟာက တစ်သက်လုံးမမြင်ရတာမှမဟုတ်ဘဲ၊ တော်ကြာခွဲစိတ်ပြီး ပြန်ကောင်းလာမှာ. . . မခိုင်က စိုးရိမ်လို့ ပြောတာပါ၊ စိမ်း အနားမှာရှိနေရင်တော့ ကိစ္စမရှိဘူး"

"စိမ်းမတွဲဘဲနဲ့ ကျွန်တော့်ဖာသာ လှုပ်ရှားချင်လို့ တမင် တစ်ယောက်တည်းဆင်းလာတာ၊ ဒီအိမ်ဟာ ကျွန်တော်ငယ်ငယ် ကတည်းက နေလာတဲ့အိမ်၊ ဘယ်နေရာ ဘာရှိတယ်ဆိုတာ သိ ပါတယ်"

"အေး. . . အေး၊ မင်းကောင်းတယ်ထင်သလိုသာလုပ်။ စိမ်းရေ. . . စိမ်းလူကို ဒီအတိုင်းလွှတ်မပေးနဲ့နော်၊ ဒီကောင်က တစ်ဇွတ်ထိုးသမား စိမ်းရဲ့၊ လှလှရေ. . . မေမေ့ကို ထမင်းစားဖို့သွား ခေါ်ခဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကိုနိုင်ထမင်းစားမြိန်၍ ဒေါ်မမခင်က ဝမ်းသာနေပါသည်။ စိမ်းကိုလည်း သူ့သားအပေါ် အလိုက်သိတတ်၍ ကျေးဇူးတင်စကား အခါခါပြောနေသဖြင့် စိမ်း မနေတတ်တော့သလိုပင် ဖြစ်နေမိပါသည်။

❖ ❖ ❖



အခန်း(၅)

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား"

ကျယ်လောင်စွာရယ်မောနေသူကြောင့် တင်ထွန်းနိုင် အိပ်ပျော်နေရာက ထိတ်လန့်စွာနိုးလာ၏။

မှောင်အတိပြီးနေသော သူ့မျက်လုံးထဲမှာပင် အရိပ်တစ်ခု တွေ့နေရသည်။

"မင်းစာမကျက်တော့ဘူးလားကွ၊ ငါမင်းကို စောင့်နေတယ်လေ"

"ဘုရား. . . ဘုရား"

တင်ထွန်းနိုင် အိပ်ရာကထထိုင်လိုက်၏။

"မင်းက ဘုရားစာတောင်ရွတ်တတ်နေပြီ၊ ငါ့ကိုတော့ မေ့နေပြီပေါ့၊ ဟား. . . ဟား. . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



"မလာနဲ့. . . သွား၊ မလာနဲ့. . . မလာနဲ့"

တင်ထွန်းနိုင် သံကုန်အော်ဟစ်လိုက်ရင်း အိပ်ရာပေါ်က ဆင်းပြေး၏။

"မပြေးနဲ့၊ လာခဲ့. . . လာခဲ့"

ထိုစဉ် ရှင်ယွန်းခိုင်၏အခန်းထဲမှာ အိပ်နေသောစိမ်းက တင်ထွန်းနိုင် အော်လိုက်သံကိုကြားပြီး ပြေးလာသည်နှင့် မျက်နှာချင်းဆိုင်တိုးမိကြသည်။

"ကိုနိုင်. . . ကိုနိုင်"

"ဗျာ. . . စိမ်း၊ ကိုယ်ကြောက်တယ်၊ သူ. . . လိုက်လာပြီ"

"ဘယ်သူမှလိုက်မလာပါဘူး၊ စိမ်းရှိတယ်၊ မကြောက်နဲ့၊ ဘာကြောက်စရာရှိလဲ"

တင်ထွန်းနိုင် ဇောချွေးတွေပြန်နေ၏။

သူ့အားကိုင်ထားသော စိမ်းလက်များကို ကိုင်ကြည့်သည်။

"စိမ်း. . . စိမ်း၊ ကိုယ့်အနားမှာတကယ်ရှိတယ်နော်"

"အင်းလေ၊ ဒီနေ့စိမ်းမပြန်ဘူး၊ စိမ်းမေမေလည်း မနက်ဖြန် ဒီကိုလာမယ်ဆိုလို့၊ လာ. . . ထိုင်၊ ဒီမှာထိုင်"

စိမ်းက တင်ထွန်းနိုင်၏ လက်ကိုဆွဲပြီး အိပ်ခန်းထဲက ဒရင်းဘက်မှာ ထိုင်စေသည်။

ရေအေးအေးလေးတစ်ခွက် အရင်တိုက်လိုက်သည်။

"အိပ်မက်ဆိုးတွေ မက်နေတာမဟုတ်လား. . . ညက ဘုရားရှိခိုးအိပ်ရဲ့လား"

ကိုနိုင့်နဖူးမှ ချွေးစေးများကို မျက်နှာသုတ်ပဝါနုနုလေးဖြင့်





ဖွဖွလေးသုတ်ပေးရင်းက မေးလိုက်သည်။

"ဘုရားရှိခိုးတယ်လေ၊ ဘုရားရှိခိုးလို့များ သူလာတာလား မသိဘူး"

"သူဆိုတာက ဘယ်သူလဲ"

"မသိဘူး၊ အိပ်မက်ထဲမှာ အမြဲလာတယ်"

"ဟင်. . . မိန်းမလား၊ ယောကျ်ားလား"

ကိုနိုင်၏ တုန်လှုပ်ချောက်ချားနေသော မျက်နှာကိုသေချာစိုက်ကြည့်ရင်း စိမ်း မေးလိုက်သည်။

"ယောကျ်ားလည်း မဟုတ်ဘူး၊ မိန်းမလည်း မဟုတ်ဘူး၊ တစ်ခါတလေ မျက်နှာမြင်ရတယ်၊ တစ်ခါတလေ မျက်နှာမပါဘူး"

"မျက်နှာမြင်ရတော့ရော. . ."

"ကြောက်စရာကောင်းတယ်"

"သရဲလား"

"အင်း. . . သရဲလား၊ ပြိတ္တာလား ဘာလား မသိဘူး၊ သူလာရင် ကိုယ်ကြောက်တယ်"

စိမ်း မျက်မှောင်လေးကြုတ်ရင်းစဉ်းစားလိုက်၏။

သူအဲဒီလိုပဲ ခဏခဏဖြစ်တတ်တယ်ဆို၍ မနေ့ကဘုရားရှိခိုးစာတွေတောင် သင်ပေးခဲ့တာ မဟုတ်လား။

"ကိုယ်ထင်တာ ကိုယ်တို့အိမ်မှာ သရဲခြောက်တယ်ထင်တယ်"

"မဟုတ်တာပဲ"

"ကိုယ်ကားမောင်းတုန်းကလည်း. . . ကိုယ့်နောက်မှာ ကစ်ယောက်ယောက်လိုက်လာပြီး ကိုယ့်ကိုအတင်းမောင်းခိုင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ထင်တာပဲ"

"ဒါဆို ကိုနိုင့်အတွက် ဗေဒင်မေးကြည့်ဦးမယ်"

"ဗေဒင်ဆရာက သိမှာလား"

"အကြားအမြင်ရတဲ့ သီလရှင်ဆရာလေးတစ်ပါးရှိတယ်၊ စိမ်းရဲ့ အစ်မနှစ်ဝမ်းကွဲတော်တယ်၊ စိမ်း မေးကြည့်လိုက်မယ်"

"အဲဒီဆရာလေးက ဘယ်မှာလဲ"

"ရွှေတိဂုံဘုရားနားမှာပဲ၊ စိမ်း သွားမေးလိုက်မယ်"

"ဘာတွေမေးမှာလဲ. . . ကိုလည်းမေးချင်တယ်၊ ဘာလဲ"

ရှင်ယွန်းခိုင် အခန်းထဲဝင်လာပြီး မေးသည်။

"ဪ. . . ကိုနိုင်က အိပ်မက်ဆိုးတွေမက်တတ်နေတော့ ဗေဒင်မေးကြည့်မလို့"

"မခိုင်လည်း ဝါသနာပါတယ်၊ မေးမယ်. . . ဘယ်မှာမေးမှာလဲ"

သို့နှင့်ပင် ရှင်ယွန်းခိုင်နှင့်အတူ စိမ်း ဆရာလေးဆီရောက်သွားခဲ့ပါသည်။

ဆရာလေး ဒေါ်ပုညဝတီသည် စိမ်း အမေ၏အစ်မတစ်ဝမ်းကွဲ ဒေါ်အေးကြည်၏သမီး ဖြစ်သည်။

ငယ်စဉ်ကတည်းက သားငါးလုံးဝမစား၊ သက်သတ်လွတ်ပဲစားကာ ဘုရားတရားအလုပ်တွေသာ စိတ်ဝင်တစားလုပ်ရင်းမှ သီလရှင်ဘဝသို့ ပြောင်းခဲ့သူဖြစ်သည်။

ကိုနိုင်၏မွေးသက္ကရာဇ်ကိုပြော၍ တွက်ချက်သောအခါ ဆရာလေးက. . .





"ရှေးဘဝက အတိတ်ကံအကြောင်းတစ်ခုကြောင့် ခဏဒုက္ခရောက်နေတာပါ၊ အခု သူနေထိုင်မကောင်းဖြစ်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ မျက်စိမှာ ထိခိုက်ဒဏ်ရာရထားတယ်"

"မျက်စိက ခွဲစိပ်ကုသခံရမှာ မဟုတ်လား"

"ဟုတ်ပါတယ်. . . အဲဒါသူ နဂိုအတိုင်းပြန်မြင်ပါ့မလား ဆရာလေး"

ရှင်ယွန်းခိုင်က စိုးရိမ်စွာဖြင့် မေးလိုက်၏။

"ပြန်မြင်မှာပါ၊ သူ့အတွက် ကောင်းမှုကုသိုလ်တွေများများလုပ်ပေး၊ အိမ်ကို အာရုံခံကြည့်လိုက်တော့. . . အိမ်မှာမသန့်ဘူး၊ မကောင်းဆိုးဝါးရှိနေတယ်"

"ဘုရားရေ. . . တကယ်"

"အိမ်မှာ တစ်ယောက်ယောက်သေသွားသေးလား"

ဆရာလေးက မေးသည်။

"ဟင့်အင်း၊ မသေပါဘူး၊ ဒီအိမ်က အသစ်ဆောက်ထားတာ"

"အဲဒီမကောင်းဆိုးဝါးက ရောက်တာမကြာသေးဘူး၊ သူနေရာသူ့ပြန်ပို့လိုက်ပါ"

ရှင်ယွန်းခိုင်စဉ်းစားလိုက်ရင်းမှ တစ်စုံတစ်ခုကို သတိရသွားသည်။

"ဪ. . . သိပြီ. . . သိပြီ၊ ကိုနိုင့်သူငယ်ချင်းတစ်ယောက် စာတျက်ဖို့ဆိုပြီး အရိုးစုတစ်ခု ယူလာတာရှိတယ်၊ အဲဒီအရိုးစုကများ ခြောက်နေတာလား"

"ဟုတ်ပါလိမ့်မယ်၊ လူ့အရိုးစု မဟုတ်လား၊ အဲဒါကို ပရိတ်



www.burmeseclassic.com

www.burmeseclassic.com



ရေနဲ့ပက်ဖျန်းပေးပါ"

"ပရိတ်ရေနဲ့ ပက်ဖျန်းရုံနဲ့ရပါမလား၊ အဲဒီအရိုးစုကြီးလွင့်ပစ်လိုက်မှနဲ့တူပါတယ်"

"ဒီက ပရိတ်ရေပေးလိုက်မယ်၊ ဖျန်းပေးလိုက်ပါ၊ အန္တရာယ်ကင်းရှင်းသွားပါလိမ့်မယ်"

တခြား မေးချင်တာတွေမေးပြီး ဆရာလေး ဒေါ်ပုညဝတီဆီက ပြန်ခဲ့ကြသည်။

ဒေါ်ပုညဝတီပေးသောပရိတ်ရေကို တစ်အိမ်လုံးဖျန်းသည်။

ကိုနိုင့်အခန်းထောင့်မှာထားသော လူအရိုးစုကြီးအား ပရိတ်ရေဖျန်းပြီးမှ ကိုနိုင့်သူငယ်ချင်းအိမ်သို့ ပြန်ပို့ပေးလိုက်ကြသည်။

❖ ❖ ❖



## အခန်း(၆)

"စိမ်းက စ,လာတဲ့နေ့တုန်းကတော့ သူနာပြုဝတ်စုံဝတ်လာလို့ သိပ်ချစ်စရာကောင်းတယ်၊ နောက်နေ့တွေကျတော့ ရိုးရိုးပဲဝတ်လာတယ်"

ရှင်ယွန်းခိုင်ကပြောနေရင်းမှ အခန်းထဲဝင်လာမည်လုပ်နေသောစိမ်းအား မျက်စိ ှိတ်ပြပြီး အသာနေဦးဟု လက်ဟန်ပြလိုက်သဖြင့် စိမ်း အခန်းဝတွင်ပင် ငြိမ်၍ရပ်နေလေသည်။

ကိုနိုင်က ခုတင်ပေါ်မှာထိုင်၍ ရှင်ယွန်းခိုင်က ခုတင်ဘေးရှိခုံမှာ ထိုင်နေပါသည်။

"စိမ်းက အသားဖြူလား"

"အင်း. . . ဖြူတယ်၊ ဒါပေမယ့် သူအသားဖြူတာက တစ်မျိုးဝါဝါဝင်းဝင်းလေး"



www.burmeseclassic.com

www.burmeseclassic.com



"ချောလား"

"မချောဘူးဆိုရင်ကော"

"ချောမှာပါ။ စိမ်း အသံလေးကကျွန်တော့်နားထဲမှာ ချိုနေတာပဲ၊ စကားပြောကောင်းသလို မျက်နှာလေးက ချောနေမှာပေါ့"

ရှင်ယွန်းခိုင်က စိမ်းအား ပြုံးပြသည်။

"ဆံပင်အရှည်ကြီးလား"

"သိပ်တော့ မရှည်ဘူး၊ ဆံတိုလေးလည်း မဟုတ်ဘူး"

"စိမ်းမျက်လုံးတွေက လှမှာပဲနော်"

"အို. . . လှမှလှပဲ၊ မျက်လုံးအရောင်လေးတွေက တောက်နေတာပဲ"

"ကျွန်တော်ထင်သား"

"အာလူး၊ မခိုင်ပြောတာနဲ့ရမ်းပြီး ထင်မနေပါနဲ့၊ မင်းမှမမြင်ရတာ စိမ်းမျက်လုံးတွေလှမှန်း ဘယ်လိုလုပ်သိလဲ"

"အို. . . သိတာပေါ့၊ စိမ်းက အဲလောက်သဘောကောင်းတာ သဘောကောင်းတဲ့မိန်းကလေးဟာ မျက်လုံးသိပ်လှတာ"

"မခိုင်တော့ အဲဒီသီအိုရီ တစ်ခါမှ မကြားဘူးပေါင်"

"စိမ်းက အရပ်ရှည်ရှည်လေး မဟုတ်လား. . . ကိုယ်လုံးက ပိန်ပိန်ပါးပါး သွယ်သွယ်လျလျလေးပေါ့နော်. . . မခိုင်"

"အမယ်လေးဟဲ့၊ မမြင်ရပေလို့ပဲ ကိုယ်တော်ရဲ့၊ မြင်များမြင်ရရင်တော့ နင်တော်တော်ခက်မယ် ငနိုင်ရဲ့"

စိမ်းရှက်သွေးတွေဝင်လာ၍ ကိုနိုင်ပြောချင်ရာလျှောက်ပြောနေမှာစိုး၍ အခန်းထဲသို့ ခြေလှမ်းကိုဖြည်းဖြည်းလှမ်းကာ ဝင်လာ





ခဲ့သည်။

"ဟော. . . စိမ်းလာပြီ၊ စိမ်းက ဒီနေ့နှင်းဆီပန်းတွေပန်လို့ မဟုတ်လား"

ရှင်ယွန်းခိုင်၏မျက်လုံးများ ဝိုင်းဝိုင်းလည်သွားရပါသည်။

စိမ်းခြေလှမ်းပုံ ညင်သာလွန်းတာတောင် ကိုနိုင်က စိမ်း အခန်းထဲ ဝင်လာတာသိသည်တဲ့။

"မျက်စိက မမြင်သေးတဲ့ ကိုနိုင့်မှာ တခြားထူးခြားတဲ့အာရုံခံစားမှုတွေ ကျွမ်းလာပြီနဲ့တူတယ်၊ တစ်ခုတော့ လွဲသွားပြီ၊ နှင်းဆီပန်း မပန်လာဘူး၊ လက်ကကိုင်ပြီး ယူလာတာ"

"အဲဒါကြောင့် အနံ့ရတာ"

"ဟောဒီ ကိုနိုင့်စားပွဲပေါ်မှာ ပန်းအိုးလှလှလေးနဲ့ နှင်းဆီပန်းတွေထိုးထားမလို့"

"အမယ်. . . ဘာရည်ရွယ်ချက်နဲ့လဲ စိမ်းရဲ့၊ ကိုနိုင့်အတွက်တော့ မဟုတ်တန်ကောင်းဘူး၊ ကိုနိုင်က မြင်ရတာမှ မဟုတ်တာ"

"မမြင်ရပေမယ့် အနံ့သိနေပြီလေ. . . ဟောဒီစားပွဲပေါ်မှာ ပန်းအိုးလေးနဲ့ နှင်းဆီပန်းလေးထိုးထား၊ ပြတင်းပေါက်က လေတိုးဝင်တော့ နှင်းဆီနံ့သင်းသင်းလေး ကိုနိုင်ရှူရှိုက်မိရင် စိတ်မကြည်လင်လာဘူးလား"

"စိမ်း စိတ်ကူးကောင်းပါတယ်၊ ကြိုက်သလိုသာလုပ်၊ စိမ်းလုပ်တာလည်း စိမ်းဘာလုပ်လုပ် ရက်စ်အောရိုက်နဲ့ ကျေနပ်နေတာပဲ"

စိမ်းက အသင့်ယူလာသော ပန်းအိုးလေးထဲမှာ ရေထည့်၍ နှင်းဆီပန်းများ ထည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းရေ. . . ကိုနိုင်က ဘယ်လောက်ဆိုးလဲ၊ ခုဆိုရင် စိမ်းလာမှ ကော်ဖီသောက်မယ်ဆိုပြီး အိပ်ရာထကတည်းက ဘာမှ မစားဘူး"

"ဆာနေမှာပေါ့ ကိုနိုင်ရေ၊ စိမ်းက ညဈေးတိုင်ရသေးတယ်၊ အစောကြီးမရောက်လာနိုင်ဘူး"

"စိမ်းနဲ့ စကားပြောရင်း စားသောက်ရတာ ပိုပြီးအရသာ ရှိတယ်ဗျာ"

"ဖြစ်ရမယ်. . . ဖြစ်ရမယ်၊ ကိုနိုင်တို့ကတော့ သဲပြလိုက်ပြန် ပြီကွ၊ ဒီကောင်လေးတော့ခက်နေပြီ စိမ်းရေ၊ ကဲ. . . စိမ်းရော ကိုနိုင်ရော မနက်စာကော်ဖီနဲ့နံပြားမလိုင် အောက်မှာအဆင်သင့် ပါပဲရှင်၊ စားကြသောက်ကြပါဦး၊ မနိုင်တော့ ဒီနေ့အသံသွင်းစရာရှိ လို့ မောင်မောင်လွမ်းပြေအဖွဲ့နဲ့ဆိုတော့ အချိန်တိကျတယ်၊ စောစော ရောက်မှ"

မောင်မောင်လွမ်းပြေဆိုသည့်အသံကြားသည်နှင့် စိမ်း ရင်ခုန်သွား၏။

"မောင်မောင်လွမ်းပြေအဖွဲ့ ဟုတ်လား"

"ရုပ်ရှင်သီချင်းသွင်းမလို့ပါ စိမ်းရယ်၊ ဆရာသမားက နောက်ကျတာ မကြိုက်ဘူး၊ သူက အလုပ်လုပ်ရင် အရမ်းစည်းကမ်း ရှိတာ၊ မနိုင်ကသူနဲ့အလုပ်လုပ်ရင် နောက်မကျအောင် သတိထား နေရတယ်၊ သွားပြီနော်"

သီချင်းလေးတစ်ပုဒ် မတိုးမကျယ်ဆိုရင်း ရှင်ယွန်းခိုင် လှေကားမှ ပြေးဆင်းသွားလေသည်။





"စိမ်း"

ကိုနိုင့်ခေါ်သံကြောင့် စိမ်းငိုင်နေရာမှ သူ့အနီးမှာ ထိုင်လိုက် ပါသည်။

"ဘာလဲ ကိုနိုင်၊ အောက်သွားပြီး ကော်ဖီသောက်မလား၊ စိမ်းယူလာပေးရမလား"

"အောက်ပဲသွားသောက်ပါမယ်၊ ပြီးရင် လမ်းလျှောက်ကြရ အောင်လေ"

"ဒါဖြင့်လာ"

စိမ်းတို့အောက်ထပ်သို့ ဆင်းလာခဲ့ကြပါသည်။

❈ ❈ ❈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

ငယ်က ကျွမ်းတဲ့ချစ်တဲ့ သူရေ. . .
စားအတူ သွားအတူ
အမြဲကြည်ဖြူမယ်တဲ့
မင်းအပြောလေးက လွှမ်းလောက်ပါရဲ့။
အို. . . ခင်ရယ်. . .
ချိုပလီမှုသားသစ္စာတွေ ယုံခဲ့မိသူ. . .
ကိုယ်ဟာ. . .
ချစ်သံယောဇဉ် အမျှင်တန်းနေသရွေ့
လွမ်းနေရမှာပဲနော်. . .
အချစ်ရယ်. . . စိမ်းရယ်
လွမ်းရသူက ခေါ်နေပါတယ်





ကြားပါရဲ့လားကွယ်. . .
မင်းကို ချစ်ရလွန်းလို့
မင်းနဲ့ဝေးမှာကြောက်လို့
မင်းကို စိမ်းလို့ခေါ်ရက်ဘူးကွယ်. . .
ခုတော့ စိမ်းရယ်. . . စိမ်းရယ်
မင်းရဲ့အသည်းတွေ စိမ်းခဲ့ပြီကော
ပစ်ပစ်ခါခါလုပ်ရက်ပြီကော စိမ်းရေ. . .

စိမ်း ကက်ဆက်ခလုတ်ကို ပိတ်လိုက်ပါသည်။

သည်သီချင်းက စိမ်းရင်နင့်အောင် ခံစားစေခဲ့ပါသည်။

စိမ်း အကြိုက်ဆုံးသီချင်း. . .

သို့သော်. . . သည်သီချင်းကြားတိုင်း စိမ်း မျက်ရည်ဝိုင်းရသည်ချည်းဖြစ်ပါ၏။

"စိမ်း. . . ဘာဖြစ်လို့ ပိတ်ပစ်ရတာလဲ"

သင်းသင်းနု အခန်းထဲဝင်လာတာမြင်၍လည်း စိမ်း ကက်ဆက်ပိတ်လိုက်ခြင်းဖြစ်ပါသည်။

"သင်းနဲ့စကားပြောမလို့"

"အေး. . . တို့သူငယ်ချင်းနှစ်ယောက်လည်း တစ်ခန်းတည်းနေပေမယ့် စကားမပြောဖြစ်တဲ့ အထိပဲ"

သူ့ယာန်အတိုင်း ပါးချိုင့်လေးများပေါ်အောင်ပြုံးပြီး ပြောလိုက်ပါသည်။

"စိမ်း သိပ်ပင်ပန်းနေမှာပဲနော်၊ နေ့ရောညပါ ဂျူတီဝင်ရတယ်ဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"အစကတော့ အဲဒီလိုပင်ပန်းမယ်ထင်တာပဲ၊ ဒါပေမယ့် ထင်သလောက် မဟုတ်ပါဘူး၊ သက်သာပါတယ်၊ သဘောကောင်းတဲ့ လူနာတွေမို့ လူနာတွေကတစ်ညလုံးအိပ်၊ စိမ်းတို့လည်း အိပ်လို့ ရတာပေါ့၊ နေ့သွားတဲ့ အိမ်ကလည်း စိမ်းကို ဆွေမျိုးလိုခင်နေတော့ အဆင်ပြေပါတယ်"

"သင်း ကို ရှင်ယွန်းခိုင်နဲ့ မိတ်ဆက်ပေးမယ်ဆိုတာ ခုထိ မိတ်ဆက်မပေးဘူး"

"အေးလေ. . . အားမှမအားကြဘဲ၊ သင်း နဲ့ သူလာတဲ့ အချိန် ဆုံကိုမဆုံဖြစ်သေးဘူး"

"ရှင်ယွန်းခိုင်က အဆိုကောင်းရုံတင် မဟုတ်ဘူး၊ ရုပ်လည်း တော်တော်ချောတာတဲ့၊ စိမ်းရဲ့လူနာရော သူ့အစ်မလိုချောလား"

"အို. . . သိပ်ချောတာပေါ့၊ အရုပ်ရှည်ရှည် အသားဖြူဖြူ မျက်လုံးမျက်ဝန်းလှလှ၊ ဒါတောင် မျက်လုံးမှာ ဒဏ်ရာရထားလို့ ပတ်တီးစည်းပြီး နေကာမျက်မှန်တပ်ထားရတာ"

"ဟင်. . . မျက်လုံးမှာ ပတ်တီးစည်းထားထားကို မျက်လုံးလှ တယ်လို့ ဘယ်လိုပြောနိုင်တာလဲ"

"ဓာတ်ပုံထဲမှာတွေ့တာ၊ သူတို့မောင်နှမနှစ်ယောက်စလုံး မျက်လုံးလှတယ်"

"အဆိုတော် မောင်မောင်လွမ်းပြေအကြောင်း ရှင်ယွန်းခိုင် ကို ဧ ့ပါလား၊ သူတို့ ဂီတသမားချင်းတော့သိမှာ"

ဟုတ်တယ်၊ သိပ်သိတာပေါ့၊ သိရုံတင် မဟုတ်ဘူးနော် အလုပ်အတူတူလုပ်ကြတာ၊ စိမ်းမေးချင်လိုက်တာမှ လျှာကိုယားရှေ့





တာပဲ၊ မခိုင်ကလည်း အလုပ်ကိစ္စတွေအများကြီးနဲ့ ဗျာယာခတ်နေတာ ပဲ၊ အေးအေးဆေးဆေး မတွေ့နိုင်တော့ စကားမစပ်မိဘူး"

"မောင်မောင်လွမ်းပြေရဲ့ ဓာတ်ပုံမြင်ရရင်ကောင်းမှာပဲ"

"ဟုတ်တယ်၊ သူ့ဓာတ်ပုံ ဘယ်စာစောင်မှ မပါသေးဘူး ထင်ပါရဲ့"

စိမ်း သက်ပြင်းလေးရှိုက်ရင်း ငေးနေမိသည်။

"စိမ်းရဲ့ ကိုနိုင်ကရော ဘယ်နေ့ခွဲရမှာလဲ"

"စိမ်းရဲ့ကိုနိုင်" တဲ့။

လာပြန်ပြီ ဒီအပြောမျိုးတွေ၊ မခိုင်ကလည်း ဒီလိုပဲ ပြောတတ်တာလေ။

"နောက်အပတ်ထဲခွဲရမယ်၊ စိမ်းလည်း ဂျူတီပြန်ဝင်ရတော့ မယ်ဆိုတော့ သူ့ကိုတာဝန်မယူနိုင်ဘူးနော်၊ အေမီကိုလွှဲအပ်ပေးမယ် စိတ်ကူးတယ်"

"ဒါ ကခွဲပြီးမှ မဟုတ်လား"

"ဟုတ်တယ်. . . သူ့အော်ပရေးရှင်းအောင်မြင်ပါစေလို့ ဆုတောင်းနေမိတာပဲ၊ ဟယ်. . . ခုနှစ်နာရီတောင်ခွဲပြီ၊ ရှစ်နာရီဆို ကားလာခေါ်တော့မှာ စိမ်းသွားဖို့ပြင်ဆင်ဦးမှ"

သို့နှင့် စကားစပြတ်သွားကြကာ၊ သင်းသင်းနုလည်း သူ့အလုပ်ရှိရာ သူသွား၊ စိမ်းကလည်း အဝတ်အစားများလဲကာ ကိုနိုင့်အိမ်မှ ကားကိုစောင့်နေမိပါသည်။

❋



www.burmeseclassic.com

www.burmeseclassic.com



"ရွှေ. . . အပတ်ထဲမှာဆိုပေမယ့် သေသေချာချာတွက်ကြည့်ရင် ငါးရက်ပဲလိုတော့တယ် စိမ်း"

"မြန်မြန်ခွဲလေကောင်းလေပေါ့၊ ကိုနိုင်ပဲမြင်ချင်လှပြီဆို၊ ဘာလဲ ခုမှကြောက်နေပြီလား၊ ကြောက်စရာ ဘာမှရှိပါဘူးလေ၊ သမားတော်ကြီးကိုယ်တိုင် ခွဲမှာပဲနော် ကိုနိုင်"

"မကြောက်ပါဘူး စိမ်းရယ်၊ မျက်စိခွဲရမှာ မကြောက်ဘူး ကိုယ်ကြောက်တာက စိမ်းနဲ့ခွဲရမှာကိုပဲ"

"ရှင်"

စိမ်း၏အသံသည် လိုအပ်သည်ထက်ပို၍ပင် ကျယ်လောင်သွားလေပြီထင်၏။

"စိမ်းက အံ့ဩနေပြီလား"

သူသည်ထိုင်နေရာမှ ရှေ့သို့တိုးလာပါသည်။

အနေအထားက သူကခုတင်ပေါ်မှာ၊ စိမ်းက သူ့ခုတင်ဘေးက ထိုင်ခုံမှာ။

စိမ်းထိုင်နေသော ကုလားထိုင်လက်ရမ်းပေါ်သို့ ကိုနိုင့်လက်များတင်လိုက်ပါသည်။

"စိမ်း"

ကိုနိုင့်အသံက တုန်တုန်ယင်ယင်နှင့် လှိုက်လှိုက်လှဲလှဲရှိလှ၏။

"စိမ်းရယ်၊ ကိုယ်လေ. . . စိမ်းကိုချစ်နေမိပြီ၊ ကိုယ့်အနားမှာ စိမ်း အမြဲရှိနေစေချင်တယ်၊ စိမ်းမရှိရင် ကိုယ်မနေတတ်တော့ဘူး"

အရိုးသားဆုံးနှင့် အဆန်းပြားဆုံး စကားကိုဆိုပေပြီ။

စိမ်းလည်း လူနာနှင့်သူနာပြုအသွင်ကိုမေ့ပြီး အခန်း





တစ်ခန်းတည်းမှာ သူစိမ်းယောက်ျားပျိုတစ်ဦးနှင့် နှစ်ယောက်တည်းပါလားဟူသော အတွေးဖြင့် ရင်များတုန်နေမိပါသည်။

"ကိုယ့်ကိုဘာမှမပြောတော့ဘူးလား စိမ်းရယ်"

"မြတ်စွာဘုရား"လို့ စိမ်းရင်ထဲက တ,လိုက်မိပါသည်။

ကိုနိုင်သည် ထိုင်ခုံလက်တန်းပေါ်တင်ထားသော သူ့လက်များကို စမ်းတဝါးဝါးလုပ်ရင်း စိမ်း၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်မိသွားပါသည်။ တင်းတင်းကျပ်ကျပ်ပင် သူကိုင်ထားခြင်းဖြစ်၏။

"စိမ်း. . . စိမ်းကို ချစ်တယ်"

"ကိုနိုင်"

စိမ်း့အသံကို စိမ်း့အားမရ၊ ဘာကြောင့်များ ဒီလောက်တိုးပြီး တုန်ခါနေပါလိမ့်။

"ပြောလေ. . . စိမ်း"

သူ. . . စိမ်းလက်မောင်းကို ပွတ်သပ်ရင်း ပြောလိုက်သည်။ စိမ်းလက်များက သူ့လက်ကို ကိုင်ဆွဲဖယ်ရှားသော်လည်း ကိုနိုင်က တင်းတင်းခိုင်ခိုင်ပင် စိမ်းလက်မောင်းကို ဖျစ်ညှစ်ထားပါ၏။

"စိမ်းကို မမြင်တွေ့ဖူးဘဲ ချစ်တယ်လို့ပြောတာ မလွန်လွန်းဘူးလား၊ စိမ်း ကိုနိုင့်ကို ပြုစုတာလည်း တစ်လတောင်မပြည့်သေးဘူး၊ စိမ်းအပေါ် သံယောဇဉ်တွယ်တာ မမြန်လွန်းဘူးလားရှင်"

"စိမ်းဘယ်လိုထင်ထင်၊ ကိုယ်ကတော့ချစ်တယ်"

သူ့ပုံစံက တစ်ဖွတ်ထိုး ကဲမည့်အသွင်။

"သေချာစဉ်းစားပါဦး. . . စိမ်းဟာ ကိုနိုင့်ဝန်းကျင်က မိန်းကလေးတွေလိုပြည့်စုံသူ မဟုတ်ဘူး၊ အလှအပကြိုက်တဲ့ ကိုနိုင့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် စိမ်းရုပ်ရည်က ဘာမှမတ်မောစရာမရှိဘူး၊ စိမ်းဟာ သိပ် အရုပ်ဆိုးနေတဲ့လူဆိုရင်ကော ကိုနိုင်ချစ်နိုင်ပါ့မလား။ စိမ်းကို တွေ့မြင်နိုင်တော့မှ ချစ်ခွင့်တောင်းတာမှားသွားပြီလို့ နောင်တရပြီး ဘွားခတ်သွားမှာနော်"

"အို. . . ကွာ၊ စိမ်းလှတာမလှတာနဲ့ မဆိုင်ပါဘူး။ တခြားစီပါ၊ ကိုယ့်ကို ဒီလောက်လည်း အထင်မသေးပါနဲ့၊ ကိုယ်ချစ်တာ စိမ်းရဲ့ ဖြူစင်သောသဘောထားနဲ့ သိမ်မွေ့နူးညံ့တဲ့ ပြုစုယုယမှု စိမ်းနဲ့ဝေးပြီး ကိုယ်မနေချင်တော့ဘူး စိမ်းရယ်၊ စိမ်းလည်း ကိုယ့်ကို ချစ်ရမယ် ဒါပဲ"

ခက်ပဲခက်ရချေရဲ့ရှင်လို့ စိမ်း ဆိုလိုက်ချင်ပါသည်။

အချစ်ဆိုတာ လုပ်ကြံဖန်တီးလို့မရတဲ့ နှလုံးသားပဓ္စည်းဆိုတာကိုပင် သူမေ့ပြန်ရော့သလား။

"ဒီလိုအကျပ်မကိုင်ပါနဲ့ ကိုနိုင်၊ စိမ်းတို့ မိန်းမသားတွေအတွက် ကနေတွက်မယ်ဆိုရင် ဘဝတစ်သက်မှာ အရေးကြီးဆုံးကိစ္စဖြစ်တဲ့ အချစ်ကို လွယ်လွယ်နဲ့ပေးရိုးထုံးစံ မရှိဘူးဆိုတာ ကိုနိုင် နားလည်ရင် စိမ်းကို စဉ်းစားခွင့်ပေးပါဦး၊ ကိုနိုင့်အချစ်ဟာ စိမ်းအပေါ် ဖြူစင်ပါတယ်ဆိုရင် ဒီလိုအကြမ်းပတမ်း .ဆောက်ဆံပါနဲ့နော်"

တော်ပါသေးရဲ့။

စိမ်းစကား သူ့အသည်းနှလုံးကိုထိသွားပြီ ထင်ပါရဲ့။

စိမ်းကိုဖက်ထားသော သူ့လက်များကိုရုပ်သိမ်းလိုက်ပါသည်။

ယခုမှပင် စိမ်းအသက်ရှူချောင်သွားသလို ခံစားမိပါသည်၊

"ခွင့်လွှတ်ပါ စိမ်း၊ ကိုယ်မှားသွားတယ်"





သူသည် ခုတင်ပေါ်မှာ ကြွေခြွေရရပင် ပြန်ထိုင်နေပါသည်။

"စိမ်းဆန္ဒအတိုင်း လိုက်လျောလိုက်ပါတယ်၊ ကိုယ့်မေတ္တာကိုလည်း နားလည်ပေးပါ၊ ကိုယ်မျက်စိခွဲပြီးတဲ့နေ့မှာ စိမ်းကို အရင်ဆုံး တွေ့ချင်တယ်၊ တွေ့ပါရစေ စိမ်းရယ်"

ကိုနိုင်၏ နုနယ်ချောမောသော ရုပ်သွင်ကို စိမ်း ငေးကြည့်နေမိပါသည်။

"စိမ်းရယ်၊ အချစ်ဟာ ဘဝမှာအရေးကြီးဆုံးဆိုတာ ကိုယ်ခုမှနားလည်တယ်သိလား၊ ကိုယ်ခုမှ ချစ်တတ်တာပဲ၊ ကိုယ့်မေတ္တာစစ်မှန်ရင် စိမ်းကို ကိုယ်တစ်သက်လုံးပိုင်ဆိုင်ခွင့် ရလိမ့်မယ်လို့ ယုံကြည်တယ်၊ ခုတော့ ကိုယ့်ဘဝမှာ စိမ်းဟာမျှော်လင့်ချက် ရောင်ခြည်တစ်ခုပါပဲ၊ ကိုယ်မျက်လုံးပြန်မြင်ချင်လှပြီ၊ ဒါမှ စိမ်းမျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ချစ်စကားတွေတစ်ဝကြီး ပြောချင်လိုက်တာ၊ စိမ်း ကိုယ့်အနားကနေ အားပေးနေပါလား စိမ်းရယ်"

တကယ်တော့ သူ့ဆန္ဒအတိုင်း စိမ်းမနေနိုင်ပါရှင်။

သူမျက်စိခွဲမည့်နေ့မှာပင် စိမ်းညဂျူတီမှ နေ့ဂျူတီပြန်ဝင်ရလေပြီ။

သူ့အတွက် လိုအပ်သမျှတွေကိုတော့ စိမ်းကိုယ်တိုင်စနစ်တကျ လိုလေးသေးမရှိရအောင် စီစဉ်ပေးခဲ့ပါသည်။

❉ ❉ ❉



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

လူကိုယ်တိုင်မသွားနိုင်သဖြင့် ကိုနိုင်မျက်စေ့ခွဲသည့်နေ့က စိမ်းတယ်လီဖုန်းဖြင့် ရှင်ယွန်းခိုင်ဆီအကိုးအကြောင်းမေးရလေသည်။

"ဩော်. . . စိမ်းလား၊ ကိုနိုင်ကကွယ် စိမ်းမလာဘူးလားနဲ့ တမေးတည်းမေးနေတာ၊ စိမ်းသိပ်နေနိုင်တယ်နော်"

"စိမ်းသိပ်လာချင်တာပေါ့၊ ကိုနိုင့်အနားမှာ လှာနေပေးချင်ပေမယ့်. . . ဒီကတာဝန်ကိုပစ်ပြီး လာလို့မရဘူးလေ၊ ဒါကြောင့် နော်အေမီကို လွှတ်လိုက်ရတာ၊ မမအေမီက စိမ်းတို့ထက်ဝါရင့်သမ္မာရင့် အတွေ့အကြုံရင့်ကျက်ပြီးသား။ သူ ကိုနိုင့်အတွက် လိုအပ်သမျှ လုပ်ပေးနိုင်ပါတယ်၊ ခွဲစိပ်ကုသမှု အောင်မြင်ချောမောတယ်ဆိုတာသိရလို့ ဝမ်းသာတာပဲ၊ ညနေတော့ စိမ်းလာခဲ့ပါမယ်လို့ ကိုနိုင့်ကို ပြောပေးနော်"





"ကျေးဇူးပဲ၊ စိမ်းကို သိပ်ကျေးဇူးတင်တာပဲ၊ လာခဲ့နော်၊ သေချာလာခဲ့နော်"

"ဟုတ်ကဲ့ပါ မခိုင်"

❋

ပေးထားသည့် ကတိအတိုင်း စိမ်းညနေမှာ ကိုနိုင့်အား သွား၍ အားပေးခဲ့လေသည်။

စိမ်း ရောက်လာခြင်းအတွက် ကိုနိုင် ပျော်ရွှင်နေလေသည်။

သူက မျက်စိပတ်တီးဖြေမည့်နေ့တွင် စိမ်းအနားမှာ ရှိစေချင်ကြောင်းပြောသဖြင့် . . .

"စိမ်းအနားမှာရှိနေမှ မဟုတ်ပါဘူး ကိုနိုင်၊ ကိုနိုင့်မျက်စိဖြင့်ဖို့က အဓိကပါ၊ အဲဒီအချိန် ကိုနိုင့်အနားမှာ မခိုင်တို့ရှိနေမှာပါ၊ စိမ်းက နောက်တော့လာတွေ့ပါ့မယ်"

"မယုံဘူး. . . စိမ်း၊ အလကားညာနေတာ၊ အေးလေ. . . စိမ်းကိုယ့်ကို မခင်မှန်းသိပါတယ်၊ စိမ်းမလာချင်လည်းနေ၊ ကိုယ်ကတော့ မျှော်နေမှာပဲ"

"ကိုနိုင်ရယ်၊ စိမ်း စိတ်မကောင်းအောင် ပြောတတ်လိုက်တာ"

"ဟုတ်သားပဲ ကိုနိုင်ကလဲ၊ စိမ်းက မင်းကိုကြင်နာတတ်"



www.burmeseclassic.com

www.burmeseclassic.com



မှန်းသိရဲ့သားနဲ့၊ ခုဟာက စိမ်းမှာတာဝန်တွေနဲ့ မဟုတ်လား၊ မင်းမျက်စိကောင်းမကောင်း၊ အမြင်အာရုံ ကြည်လင်လာဖို့ဆိုတာဟာ ဆရာဝန်ကြီးတွေမှ နားလည်မှာ၊ နောက်တော့ စိမ်းကိုတွေ့နိုင်သားနဲ့ ဒါပေမယ့်လေ စိမ်းကလည်း အဲဒီနေ့ကို ကြိုးစားလာပေးပါလား"

တကယ် အားနာစရာကောင်းအောင်ပင် တောင်းပန်နေပါသဖြင့် စိမ်း စိတ်ညစ်ရပြန်ပါသည်။

ကိုနိုင် ဆေးရုံမှာပတ်တီးဖြေမည့်နေ့ စိမ်း တာဝန်ကျရာဌာနမှာလည်း ခွဲစိတ်ကုသသည့်နေ့ဖြစ်၍ စိမ်း လွန်စွာချောင့်မရဲ ဖြစ်ရလေသည်။

စိမ်း ဆေးရုံမှအပြန် အဆောင်သို့အရောက်တွင်. . .

"စိမ်း"

"ဟင်း. . . ကိုနိုင်"

စိမ်းကို ဆီးကြိုနှုတ်ဆက်သိုက်ပါသော သူ့ကို ဝမ်းသာအားရကြီးပင် ပြုံးပြလိုက်ပါသည်၊

သူတကယ် ပြန်မြင်ပြီကောရှင်။

သင်းသင်းနုက သူ့အနားမှာထိုင်၍ ပြုံးနေသဖြင့် စိမ်း ဘယ်သူဆိုတာညွှန်ပြသူကို သိပြီးဖြစ်ပါသည်။

"အံ့ဩသလား စိမ်း"

သူသည် စိမ်းလက်ကိုဆွဲ၍ ကုလားထိုင်တစ်ခုပေါ် ထိုင်ခိုင်းပြန်ပါသည်။

သင်းသင်းနုက မသိမသာ လျှာလေးထုတ်ပြပြီး အခန်းထဲသို့ဝင်သွား၏။





"စိမ်း"

သူဘာမှမပြောပဲ စိမ်းကို ရွှန်းရွှန်းစားစားကြီး ကြည့်နေသဖြင့် မနေတတ်မထိုင်တတ် ဖြစ်ရပြန်ပါသည်။

"ဟဲ. . . မျက်မှန်ချွတ်ပြပါဦး၊ မျက်လုံးတွေ ကြည့်ရအောင်"

ဆုတောင်းကောင်းသော သူတို့မောင်နှမ မျက်လုံးတွေ အလွန်လှကြပါသည်။

"ဘယ်နှယ့်လဲ"

"အခြေအနေသိပ်ကောင်းတယ်နော် ကိုနိုင်၊ အနာလည်း လုံးဝကျက်သွားပြီ၊ ကိုနိုင့်မျက်လုံးတွေက သိပ်လှတယ်"

"တကယ်လား. . . အမှန်က ချစ်ရောင်ခြည်တွေကြောင့် မျက်လုံးအရောင်တောက်နေတာဖြစ်မယ်၊ စိမ်း မျက်လုံးတွေလောက် ကိုယ့်မျက်လုံးတွေက မလှပါဘူး။ စိမ်း တကယ်ရက်စက်တယ်၊ ကိုယ့်ကိုပစ်ထားရက်တယ်ကွာ"

အလွမ်းသယ်နေသေ၊ ကိုနိုင့်မျက်နှာကို မကြည့်ဘဲ၊ စိမ်း လက်ကိုကိုင်ထားသော သူ့လက်များကို ဆွဲဖယ်လိုက်သည်။

သူကလည်း အလိုက်သင့်လွှတ်ပေးပါသည်။

"စိမ်းစဉ်းစားပြီးပြီလား"

"ဘာကိုလဲ"

"မေးရက်တယ်ဗျာ၊ တကယ်ပဲ စိမ်းဟာ နာမည်နဲ့လိုက်အောင် စိမ်းတယ်၊ ကိုယ်ပြောထားတာလေ၊ စိမ်းကိုချစ်တယ်လို့"

စိမ်းမျက်နှာလွှဲချထားရင်းမှ စိတ်တည်ငြိမ်အောင် ကြိုးစားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အို. . . သူ့ပုံစံကြည့်ရတာ ဗွတ်တရွတ်ကြီးလုပ်မည့်ပုံဆိုတော့ ပြတ်ပြတ်သားသား လုပ်မှဖြစ်မယ်လေ။

"ကိုနိုင်"

"ဗျာ"

"စိမ်းတို့ သူနာပြုဆိုတာ ကိုယ့်လူနာအပေါ်မှာ ရောဂါဝေဒနာသက်သာပျောက်ကင်းချမ်းသာစေလိုတဲ့ စေတနာထားရှိစမြဲပါ၊ ကိုနိုင့်အပေါ်မှာမှ မဟုတ်ဘူး၊ စိမ်း ဘယ်သူ့အပေါ်မှာဖြစ်ဖြစ် တာဝန်ဝတ္တရားအပြင် စေတနာထက်ထက်သန်သန်နဲ့ ပြုစုကူညီခဲ့တာချည်းပါပဲရှင်၊ ဒါကို ကိုနိုင် အထင်လွဲနေတာ မဟုတ်လား"

"ဘာကို ပြောတာလဲ စိမ်း၊ ကိုယ်နားမလည်ဘူး"

"ရှင်းရှင်းလေးပါ ကိုနိုင်၊ စိမ်းရဲ့စေတနာတွေကို တစ်မျိုးထင်ပြီး ကိုနိုင် စိမ်းကိုချစ်ရေးဆိုတာလားလို့"

"မဟုတ်တာ စိမ်းဘာလဲ. . . စိမ်းရဲ့ ကြင်နာယုယမှုမှာ သာယာတယ်၊ ပျော်ရွှင်တယ်၊ နှစ်နှစ်ကာကာ ...က ချစ်မိလို့ စိမ်းကို တစ်သက်လုံးအထိ ရည်ရွယ်တာပါ"

"ဒီလောက် စိမ်းအပေါ်မေတ္တာထားနိုင်တာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် စိမ်းက ကိုနိုင့်အပေါ်မှာ အမြဲသန့်ရှင်းခဲ့ပါတယ်၊ ကိုနိုင်ဟာ စိမ်းရဲ့လူနာလည်းဖြစ်၊ အလွှာချင်းတာလည်း မတူတော့ စိမ်း မချစ်ရဲဘူး၊ ကိုနိုင်တို့အခြေအနေက မြင့်မားလွန်းပါတယ်"

"စိမ်းရယ်၊ မေတ္တာစစ်နဲ့ ချစ်မိတဲ့ကိုယ့်အတွက် အဆင့်အတန်းဘာညာတွေက အသေးအမွှားပါ"

"ဒီလိုအလွယ် မပြောလိုက်ပါနဲ့၊ စိမ်းတောင်းပန်ပါတယ်၊ စိမ်းကို မေ့လိုက်ပါတော့"





"မေ့လိုက်ပါတော့တဲ့. . . ပြောရက်လိုက်တာ၊ စိမ်း တကယ်ရက်စက်တယ်၊ စိမ်းဟာ စကားပြောချိုသလောက် အသည်းမာတယ်၊ ကိုယ် အနူးအညွတ်တောင်းပန်တယ်၊ စိမ်းထပ်ပြီး စဉ်းစားပါဦး၊ ကိုယ့်မှာ မျှော်လင့်ချက်ကြီးနဲ့ ရှင်သန်ရတာ၊ စိမ်း မရှိရင် ကိုယ့်ဘဝမှာ ဘာမှ ပြည့်စုံမှာမဟုတ်ဘူး"

"ကိုနိုင်ရယ်၊ စိမ်းကိုသနားရင် ဒီစကားမျိုးမပြောပါနဲ့နော်၊ စိမ်းရဲ့စေတနာကို လေးစားရင် ကိုနိုင် ဒီလိုပြောမှာ မဟုတ်ပါဘူး၊ စိမ်းအပေါ် ညီမအရင်းအချာလို သဘောထားပါနော်"

"ညီမအရင်းအချာလို ဟုတ်လား၊ ဒီထက်မက ပိုပြီးနေလို့ပေါ့ စိမ်းရယ်၊ ကိုယ့်ကို မယုံတာတော့ အသည်းနာတယ် စိမ်းရယ်၊ ခဏချစ် အံမျှော်ချစ်နဲ့ချစ်မယ့် လူလို့မှတ်နေသလား စိမ်းရဲ့၊ စိမ်းရဲ့ မေတ္တာကို မျှော်လင့်နေသူကို မရက်စက်လိုက်ပါနဲ့နော်၊ အရင်က ကိုယ်ဟာ စိမ်းရဲ့လူနာပေမယ့် ခုဘာမှမဆိုင်တော့ပါဘူး၊ စိမ်းကို ချစ်လွန်းလို့ အပြေးအလွှားလာရတဲ့သူကို မောအောင်မလုပ်ပါနဲ့"

ကြေကြေကွဲကွဲ တောင်းတောင်းပန်ပန် ပြောနေသော သူ့ဟန်ပန်ပုံစံကို စိမ်း မချိတင်ကဲကြည့်မိရင်းက ခေါင်းကိုသွက်သွက်ခါရမ်းလိုက်ပါသည်။

"စိမ်း တောင်းပန်ပါတယ်၊ စိမ်းကိုနားလည်ပေးပါ"

"ကိုယ်ကတော့ စိမ်းကိုအမြဲချစ်နေမှာပါ၊ စိမ်းရင်ထဲမှာ ကိုယ့်ကို သံသယဝင်နေတာတွေ ပျောက်ပါစေလို့ ဆုတောင်းနေရမှာပေါ့ စိမ်းရယ်၊ ကိုယ်ပြန်မယ်နော် စိမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ကိုနိုင်"

ကိုနိုင် စိတ်ဓာတ်ကျသွားပုံ၊ အားလျော့ဟန်နှင့် ပြန်သွားပုံမှာ သနားစရာပင် ကောင်းနေသော်လည်း စိမ်းသက်ပြင်းအခါခါ ရှိုက်ရင်း မျက်နှာလွှဲလိုက်ရပါသည်။

❉ ❉ ❉



## အခန်း(၃)

တနင်္ဂနွေနေ့ ဂျူတီဝင်ရမည်ဖြစ်၍ စိမ်း ပဲခူးသို့ပြန်မလာနိုင်ကြောင်း၊ မိခင်ဖြစ်သူအား တယ်လီဖုန်းနှင့် ပြောထားပြီးဖြစ်သည်။

ညနေ အခေါင်ကို မေမေလာတွေ့တော့ စိမ်းအနည်းငယ်အံ့အားသင့်သွားရ၏။

စိမ်းမေမေဘာ ဒေါ်မမခင်တို့ အိမ်ကကားနှင့်။

"မေမေရယ် ဒုက္ခရှာလို့၊ သမီး ဒီအပတ် မပြန်နိုင်ပေမယ်လို့ နောက်အပတ်တော့လာမှာပေါ့"

"ကိုယ့်သမီးလာတွေ့တာပဲ၊ ဒုက္ခလား စိမ်းရဲ့၊ မေမေ မနက်ကတည်းက မမခင်တို့အိမ်ကို ရောက်နေတာ"

"ကိစ္စရှိလို့လာတာလား၊ စိမ်းက မေမေပင်ပန်းမှာစိုးလို့ပါ။ ပြန်တုန်းနဲ့ ပဲခူးခရီးက နီးမှမနီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီခရီးနီးတာ မနီးတာထက် အမေ့သမီးမျက်နှာမြင်ရဖို့က အဓိကပါတော်၊ တစ်ပတ်တစ်ခါမှ သမီးမျက်နှာမမြင်ရရင် မနေတတ်ဘူး၊ ပြီးတော့ အဟင်း. . . ဟင်း၊ သမီးကိုမေမေ အရေးကြီးတာ ပြောစရာရှိသေးတယ်"

"ပြောလေ မေမေ၊ အရေးကြီးတာဆိုလို့ စိမ်း ချက်ခုံးတောင် လှုပ်လာပြီ"

"စိမ်းမပူပါနဲ့ ဝမ်းသာစရာပါ၊ အမေတို့ ကုသိုလ်ကံဇာတာ စန်းတက်လာပြီနဲ့တူတယ် သမီးရေ၊ ဗေဒင်ဟောထားတာလည်း မှန်ပြီးနဲ့တူရဲ့၊ သမီးကို ဒီနှစ်ထဲမှာ ထီပေါက်မယ်ဆိုတာလေ၊ အို. . . ထီပေါက်တာထက်တောင် ကောင်းပါသေးတယ်တော်"

"ပြောပါဦး၊ ထီပေါက်တာထက်ကောင်းသေးတယ်ဆို အမွေ လို့လား၊ ဘယ်ကအမွေရစရာလမ်းလည်း မမြင်ပါဘူး မေမေရယ်"

"အဟင်း. . . ဟင်း"

မိခင်ဖြစ်သူရယ်နေသဖြင့် စိမ်းလည်းအလိုလို ပြုံးနေချင်ပါ သည်။

"တစ်နေ့က မမခင် အိမ်လာသွားတယ်လေ၊ လမ်းကြုံလို့ တယ်အောက်မေ့တာကိုး၊ ခုတော့ သူတမင်တကာ ပဲခူးထိလိုက်လာ တာတဲ့ သမီးရယ်၊ အားနာစရာပါပဲ၊ ကိုနိုင်လည်း ပါလာတယ်၊ မေမေ့ သမီးကို ချွေးမတော်ချင်လို့တဲ့"

စိမ်းမမျှော်လင့်သော စကားများလို့ အဝေယာင်ဝေယာင် အမှားမှား အသက်ရှူများပင် ရပ်သွားသလား အောက်မေ့ရသည်။

"မဖြစ်နိုင်တာ မေမေရယ်"





"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"

"သူတို့နဲ့စိမ်းတို့က အဆင့်အတန်းချင်းကွာလှပါတယ်"

"အို. . . လူလူချင်းပဲ၊ မေမေတို့က အထည်ကြီးပျက်တွေပါ နော်၊ ခင်ိုက အဆင့်အတန်းမြင့်မြင့်နဲ့ ရွှေဘုံပေါ် စံလာရတဲ့ သူဆိုတာ မေ့သွားပြီလား၊ အကြောင်းကံမကောင်းလို့ ဆင်းရဲတယ်ဆိုတာ ခဏပဲ၊ တစ်သက်လုံးဆင်းရဲ မနေနိုင်ပါဘူးလို့ စိမ်းကိုမွေးကတည်းက ဇာတာဖွဲ့တော့ သိုက်ဖွား. . . ပြီးတော့ ကုသိုလ်သိပ်ကောင်းတဲ့ မိန်းကလေး၊ တစ်နေ့မင်းကတော် စိုးကတော်ဖြစ်မယ့် လက္ခဏာပါ တယ်၊ ကောင်းကောင်းမွေးတဲ့၊ ကဲ. . . မမှန်ဘူးလား၊ အခု ကိုနိုင့်လို လူမျိုးကို စိမ်း လက်ထပ်ရမှာ၊ သူတို့ဘက်က လက်ထပ်ပါရစေလို့ ခယယ လာတောင်းတာနော်"

"မေမေကလည်း မဟုတ်တာ ကြံဖန်ဂုဏ်ယူနေပြန်ပြီ၊ စိမ်းက သူ့ကိုမေတ္တာမရှိတာ"

"အမယ်လေး. . . ဘုရား၊ ဘယ်လိုပြောလိုက်တာလဲ၊ မမခင် တို့ ဘယ်လောက်ချမ်းသာတယ်ဆိုတာ ငါ့သမီးမသိဘူးလား၊ လောက် အိမ်ထဲမှာဝင်ထွက်နေတာ အကဲခတ်မတတ်တာ အံ့ရော၊ မေတို့ငယ်ငယ်က ခင်မင်ရင်းနှီးတုန်းက ဒီလောက်ရှိတာ မဟုတ် ဘူး၊ အခုမှ ပိုပြီးချမ်းသာလာတာ၊ သမီးမို့ ဒီသူငယ်ကို မေတ္တာမရှိဘူး၊ ပြောတာအံ့ရော၊ သမီးကိုယ်တိုင်စောင့်ရှောက်ခဲ့ရတဲ့ သူငယ်"

"ဟုတ်ပါတယ် မေမေ၊ စိမ်းကတော့ သူနာပြုတာဝန်ဝတ္တရား ကြောင်းစောင့်ရှောက်ခဲ့တာ၊ သဘောရိုးနဲ့ပြုစုခဲ့တာ၊ သူက စိမ်းကို ပေါ် သာယာကျေနပ်နေတာတော့ သူ့အဆိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . မိန်းကလေး၊ ဒါတွေ မမခင်တို့ရှေ့လျှောက်မပြော နဲ့ စိမ်းဟာလေ. . . ဘာမှ ဝရိယာယ်မရှိဘူး၊ လာဘ်မမြင်ဘူး"

စိမ်းက မေမေ့ကို အံ့သြတကြီးကြည့်မိပါသည်။

"ခုခေတ်မှာ လူကောင်းသူကောင်းနဲ့ တွေ့ဖို့ဆိုတာ ခဲယဉ်းသား သမီးရဲ့၊ အဲဒါ သမီးကုသိုလ်ကောင်းလွန်းလို့၊ ပြီးတော့ သမီးနဲ့ကိုနိုင် ဖူးစာဖက်မှန်လို့"

"ဖူးစာဖက်မှန်လို့"

"သမီးတို့ငယ်ငယ်ကတည်းက မမခင်နဲ့မေမေ အပြောင်အပျက်လိုလိုနဲ့ မေမေ့သမီးနဲ့ သူ့သားကိုကြီးရင် ပေးစားမယ်ဆိုပြီ ပြောပြောနေကြတာ၊ သမီးဖေဖေပြောပြောနေတဲ့ ရန်ကုန်ကသူငယ်ချင်းသားနဲ့ စေ့စပ်မယ်ဆိုတာ အဲဒီကိုနိုင်ပေါ့"

"ဟောတော့"

"သမီးသိတဲ့အတိုင်းပဲ ဟိုကိစ္စတွေနဲ့ သမီးဖေဖေနေထိုင်မကောင်းပြီး ဆုံးသွားတဲ့အထိ ဒီကိစ္စမဆက်ဖြစ်ကြဘူး၊ လူချင်းလည်း အဆက်အသွယ်ပြတ်သွားကြတာ၊ အခြေအနေချင်းကလည်း ကွာခြားသွားတာကိုး၊ ဟင်. . . သမီးငိုတယ်ဟုတ်လား၊ ဒါငိုစရာလားကွယ်၊ သမီးရယ်. . . မေမေ့သမီးကောင်းစားဖို့ကိစ္စ ဝမ်းသာအားရ အမောတကော ပဲခူးကတက်လာပြောရတာ"

စောစောက ရွှင်လန်းနေသော မေမေ့အသွင်ချက်ချင်းညှိုးငယ်၍သွားတော့သလို စိမ်းလည်းငိုချင်သောစိတ်ကို ထိန်းမြိုသိပ်ရကာ. . .

"ဖေဖေ့ကို သတိရလို့ပါ မေမေ၊ စိတ်မကောင်း မဖြစ်





နေပါ၊ စိမ်း မငိုပါဘူး"

"သမီးလေးရယ်၊ ဖေဖေ့ကို သတိရတာမှ ဟုတ်ရဲ့လား၊ မေမေ့ သမီးအစွဲအလန်းကြီးတာ သိတာပေါ့ကွယ်၊ သမီးဘယ်သူ့ကို သတိရနေသလဲ မှန်မှန်ပြောစမ်း"

စိမ်းကို မေမေက အစွဲအလန်းကြီးသူတဲ့. . .

စိမ်းပြောချင်လိုက်ချင်ပါသည်။

"သမီးဘဝမှာ အချစ်ကိစ္စကို ထမင်းစားရေသောက် ဖြီးဖြီးဖျောက်ဖျောက် သဘောမထားနိုင်ပါဘူး မေမေရယ်လို့။

ခုတွေ့ခုချစ်ကြတာ မဟုတ်တော့လည်း သူ့ကို မေ့ဖို့ဆိုတာလည်း မလွယ်ဘူး။

သူ့ကို မုန်းစရာအကြောင်းလည်း မမြင်ဘူး။

တကယ်တော့ သမီးနဲ့သူဟာ ငယ်ငယ်ကတည်းက ချစ်လာကြသူတွေမို့ တစ်ယောက်ကိုတစ်ယောက် သစ္စာနဲ့ထာဝရချစ်နေကြမှာပါ။

မေမေစိတ်ချမ်းသာဖို့သာ ဦးစားပေးချင်သော စိမ်းအတွက်ခုမှအခက်ကြီးခက်ရလေပြီ။

"ကဲ. . . သမီး၊ မေမေ့စကားကြောင့် စိတ်ညစ်ပြီ မဟုတ်လား၊ မေမေကတော့ သမီးလေးကောင်းစားဖို့ပါ၊ အခုမေမေ၊ မမခင်တို့ အိမ်ဟာညအိပ်မယ်၊ မနက်ဖြန်ပြန်မယ်သမီး၊ ဒီညမေမေနဲ့လိုက်အိပ်နိုင်မလား"

"ဟင့်အင်း. . . မေမေနောက် စနေကျမှ သမီး ပဲခူးပြန်မယ်"

"အေး. . . အေး၊ မေမေပြောတာ ခေါင်းအေးအေးထား



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနဲ့နော်၊ ဟိုက မေတ္တာရှိလို့ လာစပ်ဟပ်တာ သမီးကုသိုလ်ကောင်းလွန်းလို့ကွဲ့."

မေမေပြန်သွားတာကို စိမ်းအကြာကြီး ရပ်ကြည့်၍ ငိုင်နေမိပါသည်။

သမီးကောင်းစားတာကို လိုလားလွန်းတဲ့ မေမေရယ်. . .။

မေမေ့ဆန္ဒကို စိမ်း လိုက်လျောခွင့်ပါတယ်။

မေမေစိတ်ချမ်းသာတာ မြင်ချင်တာပေါ့၊ ဒါပေမယ့်. . .

အတိတ်ဟောင်းကိုဆိုတာ မေ့ပျောက်စရာမှ မဟုတ်တာ။

စိမ်းလိုချစ်တတ်လွန်းသူအတွက်တော့ ငယ်ကချစ်အရိပ်လေးများကို တာဝစဉ်ပြန်တွေး၍ ဆွေးမပြေနိုင်ဖြစ်ရပါတော့သည်။

ငယ်စဉ် ကလေးဘဝကာစလို့ သူ့အပေါ် စိမ်းသံယောဇဉ်ထားရပါသည်ကောရှင်။

သည်အကြောင်းလေးများတွေးရင်ဖြင့် ယခုပင်ဖြစ်ပျက်ထိတွေ့ခံစားရသလို စိမ်းရင်ဝယ် သိမ့်သိမ့်လှိုက်ခုန်နေပါသည်။

သူရယ်. . .

စိမ်းရယ်. . .

❖





သူ့အမည်က ဇင်ချို. . .။

ပိမ်းတို့အိမ်နှင့် မနီးမဝေးမှာနေသောကြောင့် ကျောင်းသွားဖော်သူငယ်ချင်းလည်းဖြစ်၊ အတူကစားဖော်လည်းဖြစ်၊ အမြဲတမ်းအတူတူတွဲ မခွဲရက်အောင်ကို ချစ်ခဲ့ကြပါသည်။

ဇင်ချို့အဖေက အဆိုအတီးကောင်းသူ အနုပညာသမား။

သူတို့ ပဲခူးမြို့မှာတော့ အလှူမင်္ဂလာတိုင်းမှာ သူမပါရင်မပြီးအောင်မြင်ကျော်ကြားပါသည်။

ဂီတာတီးကောင်းသည်။

စန္ဒယားလည်းကျွမ်းကျင်သည်။

အသံကောင်းသူလည်းဖြစ်လို့ ရန်ကုန်မြို့ဂီတအဖွဲ့မှာ ပင်တိုင် အဆိုတော်တစ်ဦးဖြစ်သည်။

ပဲခူးနှင့် ရန်ကုန်သွားချည်လာချည် ကူးသန်း၍နေရသူ။

ဇင်ချို့အမေက ပဲခူးကနေပြီး ဘယ်မှမပြောင်းချင်၊ မိခင်ဘိုးမနှင့်အတူ ပဲခူးမှာ အခြေတကျနေထိုင်သည်။

ဇင်ချိုခုနစ်တန်းအရွယ်မှာ အမေသေဆုံးသွားပါသည်။

ထိုအချိန်ကစပြီး ဇင်ချို့အဖေသည် အရက်ကိုပို၍ပို၍သောက်ပြီး အလုပ်ကိုလည်းသိပ်ပြီး အားတက်သရော မလုပ်တော့ပေ။

ပိမ်းနှင့် ဇင်ချိုကစားဖော်ကစားဖက် ငယ်သူငယ်ချင်းမို့ ကျောင်းသွားဖော်အဖြစ် တရင်းတနှီးနေတတ်၍ စိမ်းမေမေက ဘာမှမပြောပေမယ့်၊ စိမ်းဖေဖေကတော့ ဇင်ချို့ဖေဖေအရက်သမားအကြောင်းရှုတ်ချပြစ်တင်ပြောဆိုရင်း၊ စိမ်းတို့နှစ်ယောက်တရင်းတနှီး



www.burmeseclassic.com

www.burmeseclassic.com



နေတာကို ပတ်ဝန်းကျင်က အမြင်လွဲလိမ့်မည်ဖြစ်ကြောင်း သတိပေးပါသည်။

ဒါပေမယ့် စိမ်းထာတော့ ဇင်ချိုမှ ဇင်ချို၊ မိန်းကလေးသူငယ်ချင်းတွေထက်ပင် ဇင်ချို့အားပို၍ ခင်မင်ခဲ့သေးသည်၊

သူငယ်ချင်းလိုချစ်တာထက်ပို၍ ချစ်ခဲ့ကြောင်းကို သိဘာကကိုးတန်းစာမေးပွဲဖြေပြီးသည့်အချိန်မှာ ဖြစ်သည်။

စာမေးပွဲဖြေပြီး နောက်ဆုံးနေ့မှ တင်မေဦး၊ မြမြထွန်းတို့ကရုပ်ရှင်ကြည့်မည်ဆိုသဖြင့် ခါတိုင်းလို ဇင်ချိုနှင့် ခပြန်ဖြစ်ခဲ့ချေ။

နောက်တစ်နေ့ ညနေကျတော့ ဇင်ချို စိမ်း၏အိမ်သို့ရောက်လာသော်လည်း မှုန်ကုတ်ကုတ်မျက်နှာထားနှင့် မကြည်ပါဘူးဟူသောအကြည့်ဖြင့်ကြည့်ရင်း စိမ်းအား စကားမပြော။

စိမ်းတို့ခြံဝင်းအတွင်းရှိ သရက်ပင်အောက်တွင် ထိုင်နေကြခြင်းဖြစ်သည်။

သူတစ်ခုခုဖြစ်ပြီဆိုတာ စိမ်းသိပေမယ့် မမေးရဲသေး။

ဖရုံစေ့လှော်လေးများ စိမ်းကအခွံသင်ပြီး ဇင်ချို့လက်ထဲထည့်ပေးတာကို မယူဘဲ စိမ်းအား စူးရဲစွာစိုက်ကြည့်နေ၏။

"ရော့. . . စားလေ ချို"

ခါတိုင်းဆို ဖရုံစေ့လှော်တစ်ပန်းကန်ပင် မလောက်။ သူချည်းစားတာ မဟုတ်လား။

"ဘာဖြစ်တာလဲ ချို"

သူတစ်ဖက်သို့မျက်နှာလွှဲနေပြန်၏။

သူစိတ်ဆိုးရင် ဒီလိုပဲ။





သူအဖေနှင့် စိတ်ကောက်လာရင်လည်း စိမ်းကိုပါဆက်ပြီးကြည်တတ်။

သူတစ်စုံတစ်ယောက်နှင့် ရန်ဖြစ်လာရင်လည်း စိမ်းကိုပါဆက်၍ ရန်လုပ်ချင်သည်။

သူ့စိတ်ကိုဒေါသထွက်နေတုန်းဆို စိမ်း လည်း အလိုက်သိစွာဖြင့် သူ့အော်ငေါက်သမျှခံသည်၊

သူ့ဘာသာစိတ်ဆိုး။ သူ့ပဲအော်ငေါက်ပြီးတော့ စိမ်းစိတ်မကောက်ပါဘဲ သူလာချော့တတ်သည်။

ထိုအခါမျိုးတွင် စိမ်းသိပ်ကို ကြည်နူးမိပါသည်။

စိမ်းတာလည်း ဒီလိုပါပဲ။

လိုချင်တာမရ၍ မေမေတို့နှင့် စိတ်ကောက်နေပြီဆိုလျှင်သူ့ကိုပြေပြေလည်လည် မဆက်ဆံတတ်။ ဇင်ချို ရောက်လာတာနှင့်ပေါက်ပစ်လိုက်တတ်၏။

ဇင်ချိုက ဇဝေဇဝါပုံစံနှင့် မျက်နှာလေးငယ်ပြီး စိမ်းဘာကိုအလိုမကျတာလဲဟူ၍ တွေးနေတတ်၏။

စိမ်းစိတ်ဆိုးချင်တိုင်းဆိုးပြီး စိတ်ပြေပြီဆိုမှ ဇင်ချို့အားအော်မိသမျှပြန်၍ ချော့တတ်၏။

တခြားသူများနှင့်ပကားနည်းသောလာက် ဇင်ချိုသည် စိမ်းနှင့်ဆိုလျှင် ပြောစရာစကားတွေအများကြီးရှိနေတတ်၏။

အဲ. . . သူဘာမှမပြောဘူးဆိုလျှင် တစ်ခုခုဖြစ်နေပြီပဲ။

"ချို. . . ဒီနေ့ဘယ်သူနဲ့ရန်ဖြစ်လာသလဲ"

"ဘယ်သူနဲ့မှ ရန်မဖြစ်ဘူး၊ စိမ်းနဲ့ရန်ဖြစ်မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်လေ. . . ဖြစ်ပေါ့"

အေးဆေးစွာပြောလိုက်သော စိမ်းဖက်သို့ ဇင်ချိုပြန်လှည့်လာပြီး၊ စိမ်း အနီးမှာထိုင်လိုက်ပါသည်။

"မနေ့က ဘယ်သူနဲ့ပြန်လဲ"

"တင်မေဦး"

"ဒါပဲလား"

"တင်မေဦးရယ်၊ ဖြူဖြူထွန်းရယ်၊ ပြီးတော့ ရုပ်ရှင်သွားကြည့်တယ်"

"ဟုတ်ရဲ့လား၊ နောက်ဘယ်သူပါလဲ"

"ဩော်. . . တင်မေဦးအစ်ကို၊ လမ်းထိပ်ကလက်ဖက်ရည်ဆိုင်မှာ တွေ့တာ၊ ရုပ်ရှင်မကြည့်ပါဘူး"

"ဒီကောင်နဲ့အရောမဝင်နဲ့"

"ဘယ်မှာ အရောဝင်လို့လဲ"

"တင်မေဦးက သူ့အစ်ကိုနဲ့အောင်သွယ်တယ် မဟုတ်လား"

"ဟာ. . . မဟုတ်တာ၊ အောင်သွယ်တော့ရော ဘာဖြစ်လဲ၊ ကိုယ်ကြိုက်ချင်မှဖြစ်တာ"

"သူဘာပြောလဲ"

"ဘာမှမပြောဘူး၊ သူတို့မောင်နှမချင်းပြောကြတာ"

"မလိမ်နဲ့"

"ဘာလို့ လိမ်ရမှာလဲ၊ နေပါဦး. . . ရုပ်ရှင်ကြည့်ဖို့ခေါ်တုန်းကတော့ သွားစရာရှိတယ်ဆိုပြီး မလိုက်ခဲ့ဘဲနဲ့၊ အခုဘယ်သူပြောလို့သိတာလဲ"





ဇင်ချို ခုမှပြုံးဖော်ရသည်။

"တို့ဘော်ဒါတွေလွှတ်ထားတယ်၊ တို့မသိအောင်ဘာမှ လုပ်လို့မရဘူး . . . သိလား ကောင်မလေး"

"အမယ်. . . ပိုင်စိုးပိုင်နင်း၊ တို့ဘာလုပ်လုပ် သူသဘောတူမှ လုပ်ရမှာကျလို့"

"ဟား. . . ဟား. . . ဟား"

ဇင်ချို ရယ်နေပါတော့သည်။

မထူမပါးနှုတ်ခမ်းအသွင်က ပိရိတိကျညီညာကာ၊ သွားလှလှလေးများပေါ့လက်နေပုံမှာ ငေးကြည့်ယူရပါသည်။

"စိမ်း,ကိုတို့ကစိုးရိမ်လို့"

"ဘာစိုးရိမ်တာလဲ"

"အမျိုးမျိုးပေါ့ မှတ်ထား,စိမ်း၊ တင်မေဦးလည်း မကောင်းဘူး၊ တင်ကိုဦးလည်း မကောင်းဘူး၊ ဘယ်တော့မှ အပေါင်းအသင်းမလုပ်နဲ့"

"ဒါဖြင့် ဘယ်သူနဲ့ပေါင်းရမှာလဲ"

"ဟောဒီကောင်လေ ဇင်ချိုဆိုတဲ့ကောင်၊ တစ်သက်လုံးယုံယုံကြည်ကြည်စိတ်ချပေါင်း၊ အဲဒီလူမှ တကယ့်သူတော်ကောင်း"

"ဩော်. . . တယ်ဟုတ်၊ ပြောတတ်လိုက်တာ၊ သူကိုယ်သူကျတော့ သူတော်ကောင်းတဲ့ ဟင်း. . ."

ဇင်ချိုပြုံးနေပါသည်၊

တကယ်တော့ ဇင်ချိုသည် လူရိုးလူအေးတစ်ယောက်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတလော သူသိပ်စိတ်ညစ်နေသည်တဲ့။

သူ့မျက်နှာမရွှင်လျှင် စိမ်းလည်းနေရထိုင်ရတာ အလိုလို ဘဝင်မကျ။ ဇင်ချိုနှင့်ရော၍ မှိုင်နေမိပါသည်။

"အဖေကလည်းကွာ၊ တကယ်စိတ်ဓာတ်ကျဖို့ကောင်းတယ်၊ ဘာအလုပ်မှလည်း မလုပ်ဘူး၊ အရက်ချည်း မိသောက်နေတာ၊ ရန်ကုန်က သူ့အပေါင်းအသင်းတွေလာရင် ပိုဆိုးတယ်၊ ဒီအထဲ ကျန်းမာရေးကလည်းညံ့"

"အေးဟယ်၊ စိမ်းမေမေကလည်း ဒီအကြောင်းမနေ့တာပဲ ပြောသေး၊ အလုပ်မလုပ်ဘဲ ထိုင်စားနေတယ်ဆိုတော့ ချို့အဖေက ချမ်းသာလှချည်လား"

"ချမ်းသာလို့ မဟုတ်ဘူး ရှိတာတွေထုတ်ရောင်းစားပစ်နေတာ၊ ကိုယ်တို့ ငတ်နေတာကြာပြီ"

"ဟင်. . . ချိုရယ်၊ တကယ်"

ဇင်ချိုမျက်လွှာချပြီး အဝေးကြာအောင် ငြိမ်နေပါသည်။

"ဒါတော့ လွန်တာပေါ့ဟယ်၊ ချို့ကလည်းကြည့်ပြောဦးမှပေါ့"

"ဩော်. . . ပြောလို့ရမလား၊ သူကအဖေ"

"ချိုလည်းကြီးလာရင် ချို့အဖေလို အရက်မသောက်နဲ့နော်"

"တကယ်လို့ သောက်ရင်တို့ကို မချစ်ပဲမနေနိုင်ဘူးလား"

စိမ်း,ဘာမှမပြောဘဲ နှုတ်အနန်းအနန်းလေး ရယ်မိပါသည်၊

သူ့စကားက တစ်မျိုးမဟုတ်လား ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ် တွေးပြီး ရင်ထဲက ဘာလိုလို၊

❁ ❁ ❁



အခန်း(၁၀)

"ဟော့. . . မောင်မောင်နဲ့ဇင်ချို ရန်ဖြစ်တယ်တဲ့၊ သိပြီး ပြီလား"

တင်မေဦး ပြောသည့်စကားကို ယုံတောင်မယုံချင်။

ဇင်ချိုက ရန်ဖြစ်တတ်လို့လား။

"ခု. . . နင်တစ်ယောက်တည်း မဟုတ်လား၊ ဇင်ချို နင့်ကို မစောင့်ဘဲ ပြန်သွားပြီလေ"

"သူ့အဖေနေမကောင်းဘူး၊ ဒါကြောင့် ပြန်သွားတာဖြစ်မှာ"

စိမ်း,ပြောပြီးသည်နှင့် စိတ်ထဲမှာ တထင့်ထင့်ဖြစ်နေ၏။

ဇင်ချို,ဘာကြောင့် စိမ်း,ကိုမစောင့်ဘဲ တစ်ယောက်တည်း ပြန်သွားတာလဲ၊

အိမ်ရောက်တော့လည်း ထမင်းစားပြီး၊ ချက်ချင်းအိမ်ကပြန်



www.burmeseclassic.com

www.burmeseclassic.com



မထွက်နိုင်။

ညနေရေချိုးပြီးမှ ဇင်ချို့ဆီသွားနိုင်ခဲ့သည်။

သူ့အိမ်ဘေး စဘားဝါပင်အောက်တွင် ဇင်ချို ထိုင်နေ၏။

"ချို. . . နေ့လယ်က တို့ကိုဘာလို့မစောင့်တာလဲ"

ဇင်ချို မဖြေ။

ပင်စည်ကြီးကိုမှီ၍ ငိုင်နေပါသည်၊

"မောင်မောင်တို့နဲ့ ရန်ဖြစ်တယ်ဆို ဘာလို့လဲ"

"ဒီကောင်တွေနောက်လွန်းလို့ သည်းမခံနိုင်ဘူး"

"ချို့မှာဒါပဲ. . . ဟိုကနောက်တော့ ကိုယ်ကလည်း ပြန်နောက်ပေါ့ တကယ်ပဲ ဦးစိတ်တိုလို့တောင် ချို့နာမည်ပြောင်းဖို့ကောင်းပြီ"

"နင်ဘာသိလို့လဲ သည်းခံနိုင်သလောက်ပဲ သည်းခံမယ်"

"ဘယ်လိုနောက်လို့လဲ"

"မသိချင်စမ်းပါနဲ့၊ မပြောချင်ဘူး"

"ဒါဖြင့်လည်းပြီးရော၊ မပြောနဲ့ ပေမယ့် ကျောင်းဆင်းတုန်းက တို့ကိုမစောင့်ဘဲ ပြန်တာကျတော့ ဘာပြောမလဲ"

"တို့နဲ့စိမ်း အတူမသွားရင် ပိုကောင်းမယ်ထင်တယ်"

"ဘာဖြစ်လို့"

"တို့နှစ်ယောက် အခုလိုတွဲနေတာ ဟိုကပြော ဒီကပြောနဲ့ မကောင်းပါဘူး စိမ်းရာ"

"ဘာမကောင်းတာလဲ၊ တို့နှစ်ယောက်ဟာ ငယ်ငယ်ကတည်းက ခင်လာတဲ့သူငယ်ချင်းတွေပဲ၊ နင်က ခွဲခြားခွဲခြားလုပ်တာပေါ့၊





ဘယ်သူပြောပြော ဂရုမစိုက်စမ်းပါနဲ့၊ ချိုပဲပြောပြီး ပတ်ဝန်းကျင်ဆိုတာ ဂရုစိုက်တိုင်း ကောင်းတာမဟုတ်ဘူးဆို. . ."

"တခြားကိစ္စဆို ဒီလောက်မထိခိုက်ဘူး၊ ခုစိမ်းနဲ့တို့ကို"

"သြော်. . . တို့နဲ့စလို့ခိုက်တယ်ပေါ့၊ ဒါကြောင့် နင်မောင်မောင်တို့နဲ့ ရန်ဖြစ်တယ် မဟုတ်လား၊ ဘာလဲ. . . တို့လိုမလှတဲ့ မိန်းကလေးနဲ့စလို့ ချို့နစ်နာတယ်ပေါ့၊ အစအနောက် မခံဘူးပေါ့၊ တို့ သိပ်ဝမ်းနည်းတယ်ဟာ၊ ငါကတော့ နင့်ကို သံယောဇဉ်ကြီးတာ၊ ဘာလေးလုပ်လုပ် နင်နဲ့တိုင်ပင်ပြီးမှ နင်သဘောတူမှ ငါအထူးအဆန်းမြင်တွေ့ရ ဝတ်စားရရင် နင့်ကိုလည်း မြင်စေချင်တယ်၊ သြော်. . . သူကတော့ တို့နဲ့စတာ မခံနိုင်ဘူး၊ ရပါတယ် ဇင်ချိုရယ်၊ ရပါတယ် နင်နေချင်သလို နေနိုင်ပါတယ်၊ နင့်သဘောနဲ့ နင်ထင်ရာလုပ်"

"စိမ်းကလည်း ဒီလိုမထင်ပါနဲ့၊ တို့ပြောတာက"

"အို. . . ဟုတ်တယ်၊ အကြောင်းသိတွေပါဟာ၊ နင်သိပ်ရက်စက်တယ်၊ စိမ်းကလည်း မိန်းကလေးတန်မဲ့ လိုက်ခေါ်အတင်းပေး အတင်းကျွေးနဲ့ ၊ နင့်အခေါ်ခေတာနာထားတာတွေဟာ တို့ဂုဏ်သိက္ခာကျအောင် လုပ်တာနဲ့အတူတူပဲ၊ ခုပဲကြည့်. . . နင်ငါ့ကို မလေးစားဘူး"

"သြော်. . . မိစိမ်းကကွာ ငိုရပြန်ပြီ၊ ဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့ တို့ပြောတာက သူများတွေ စ,ကြ နောက်ကြတော့ မိန်းကလေးဖြစ်တဲ့ စိမ်းပဲ နစ်နာတယ်၊ ဒါကြောင့် တို့ပြောတာ နားလည်စမ်းပါ၊ စိမ်းက ကလေး,လေးကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူပြောပါမှ စိမ်း ငိုချင်လာ၍ မျက်နှာကိုလက်ဝါးနှင့် အုပ်ပြီး ငိုမိ၏။

သူနှင့် ပတ်သက်၍ သူငယ်ချင်းတွေ ဘယ်လောက်ပြောပြော စိမ်း ဂရုမစိုက်။

"မငိုနဲ့နော် စိမ်း၊ စိမ်း့ဦးတော့လည်း ဘို့ဘယ်မှာစိတ်ကောင်း ပါ့မလဲ၊ အဲ. . . မျက်စောင်းထိုးတယ် ဟုတ်သား၊ စိမ်း့သာ နဂါးမလေး ဆိုရင် ဘို့ပြာကျသွားတာကြာပြီ၊ ဟော. . . နှုတ်ခမ်းစူပြပြန်ပြီ၊ မလှဘူးကွ၊ မျက်နှာကလေး ကြည်ကြည်လင်လင်ထားစမ်းပါ"

ဇင်ချို တောင်းတောင်းပန်ပန်နှင့် ကလေးတစ်ယောက်ကို ကျီစယ်ချော့မြူနေပေမယ့်၊ စိမ်း သူ့ကို ကြည့်ပင်မကြည့်တော့။

"စိမ်း. . . တကယ့်ကလေး့လေးကျနေတာပဲ၊ ကဲ. . . ဘို့ ပန်းတွေ ခူးပေးမယ်နော်၊ ပြီးရင် စိမ်းခေါင်းမှာ ဝေနေအောင်ပန်မယ် ဟုတ်လား စိမ်း၊ ဒီမှာကြည့်စမ်း။ ဘယ်အကိုင်းက ပန်းခူးရမလဲ ကြည့်စမ်းပါ"

ဇင်ချို ဘာပြောပြော စိမ်းလှည့်မကြည့်တော့၊

မထုံတက်သေးအမူအရာဖြင့် မလှုပ်မယှက်ကြီး ရပ်နေပါသည်။

ဒါပေမယ့် သူသစ်ပင်ပေါ် တတ်သွားမှန်းတော့ စိမ်း့သိပါသည်။

ဒီအပင်တွေက ငယ်ငယ်ကတည်းက တက်သာသည့်အပင်၊ သစ်ပင်တက်ကျွမ်းတာတော့ ဇင်ချို့က ပထမတန်း။

သူအပင်ပေါ် တက်သွားပြီထင်၏။ အပေါ်ကနေ လှမ်းခေါ်





နေပါသည်၊

"စိမ်းရေ. . . ဒီအကိုင်းက အပွင့်တွေကြည့်စမ်း၊ မလှဘူး လား။ ဟေး. . . စိမ်း. . . အား. . ."

ဇင်ချို၏ ကြောက်လန့်တကြားအော်သံကြောင့် စိမ်း ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်နှင့်ကပြိုင်နက်တည်း သူ့ကိုလှည့်ကြည့်မိပါ သည်။

ဇင်ချိုမြေပြင်ပေါ်မှာ ခွေလျက်သားလေး ကျနေပါသည်။

"အို. . . ချိုရယ်"

စိမ်း သူ့ကိုပြေးဆွဲထူလိုက်၏။

ဘယ်လိုဖြစ်မှန်းမသိ၊ စိမ်း သူ့ကိုကြည့်ပြီး ရင်ထဲမှာ ကျင်ခနဲ နာသွားမိပါသည်။

"ချို. . . ချိုရေ၊ ဘို့ခေါ်နေတယ်လေ"

ဇင်ချို လုံးဝမလှုပ်။

စိမ်းက ဇင်ချို့ကိုယ်ကိုပွေ့ထားရင်း အထပ်ထပ်အခါခါ ခေါ်နေမိသည်။

"ချို"

"ချို. . . ရေ"

အသက်မရှိသေးရဲ့လားလို့ပင် စိုးရိမ်တကြီးစိတ်က လှမ်းမိုး လာသည်။

"ချိုရယ်. . . ဘို့မှားပါတယ်ကွယ်၊ စိမ်းလေ ချို့ကိုသိပ်ချစ် တယ်သိလား။ ချိုများ တစ်ခုခုဖြစ်သွားရင် ဘို့ရင်ကွဲရမယ်၊ ချို့ကို လွမ်းတာနဲ့သေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



စိမ်း အော်ငိုပါသည်။

ချို့ ရင်ဘတ်ပေါ်မှာ မျက်နှာအပ်၍ ငိုနေမိပါသည်။

အို. . . ငိုရှုံ့နဲ့ပြီးမလား။

အချိန်မီတစ်ခုခုတော့ လုပ်ဦးမှ။

ထိုသို့အတွေးဖြင့် စိမ်း သူ့မျက်နှာအား ငုံ့ကြည့်မိလိုက်ပါသည်။

"ဟင်း. . . ကြည့်စမ်း၊ ခွေးစုတ်"

ရုတ်တရက် ဒေါသပြစ်လိုက်တာ မပြောပါနှင့်တော့။ ဒီကဖြင့် သူ့အတွက် စိုးရိမ်ပူပန်စိတ်တွေနှင့် ငိုတောင်ငိုယူရတယ်။

သူက ပြုံးစိစိလုပ်လို့။

"ဟင်း. . . ဖိုးချို၊ ခွေးကောင်၊ တကယ်သေသွားရင်ကောင်းမယ်"

စိမ်း သူ့ကိုရင်ခွင်ထဲမှ တွန်းပစ်လိုက်မိသည်။

ဇင်ချို အော်ရယ်သည်။

"သွား"

"ဟား. . . ဟား. . ဟား၊ မိတောက်တေး၊ အညာမလေး၊ အလိမ်ပေါ်လို့ရှက်သွားပြီ၊ ပြောစမ်း. . . ချို့ကို သိပ်ချစ်တာပဲလို့၊ ချိုများ တစ်ခုခုဖြစ်သွားရင်. . . တို့ရင်ကွဲရမယ်လို့ မိစိမ်းရယ်၊ လက်စသတ်တော့ နင်ငါ့ကို ကြိတ်ပိုးနေတာကိုး၊ စောစောက ပြောရောပေါ့ဟာ"

"ဖိုးချို. . . ခွေးကောင်၊ သရဲ အစုတ်ပလုတ်၊ သွား. . . ငါ့ကို မနောက်နဲ့"





စိမ်းရင်ထဲ တအားကြီးရှက်စိတ်ဝင်ပြီး သူနှင့်မျက်နှာချင်း မဆိုင်ချင်။

"ဟေ့. . . စိမ်း. . . စိမ်း နေဦးလေ"

စိမ်း ထွက်ပြေးသဖြင့် နောက်ကပြေးလိုက်လေသည်။

ယောကျ်ားခြေလှမ်းဆိုတော့ ချက်ချင်းလိုပင် သူ စိမ်းကို မီလာ ဘာလက်ကိုဆွဲရင်း. . .

"ဟေ့. . . စိမ်း. . . စိမ်း။ ဘာလို့ထွက်ပြေးတာလဲ"

"ဖယ်စမ်း။ . . . လွှတ်"

"ခြော်. . . စိမ်းရယ်၊ ဘယ်လိုဖြစ်တာလဲ၊ ဟိုမှာ လူတွေလာ နေပြီ၊ တို့ကို ဘာထင်မလဲ"

"ဘာထင်ထင်. . . လွှတ်"

သူပြောသည့်အတိုင်း မျက်နှာချင်းဆိုင်မှ လူနှစ်ယောက် စိမ်း အနီးသို့ကပ်လာပါသည်။

"ဒါဘာဖြစ်တာလဲ၊ အမျိုးသမီးကို လိုက်အနှောင့်အယှက်ပေး နေတာလား"

ထိုအခါကျမှ စိမ်း စိုးရိမ်တကြီး ဇင်ချို့အား တွယ်ဖက် ရင်း. . .

"မဟုတ်ပါဘူး၊ ဒါ ကျွန်မရည်းစားပါ၊ ဟို. . . ကျွန်မတို့ နှစ်ယောက်စိတ်တောက်ပြီး ကျွန်မကို သူလိုက်ချော့နေတာပါ"

"ဩော်. . . ဒီလိုလား၊ ဟား. . . ဟား. . . ဟား. . . ဟား"

လူစိမ်းနှစ်ယောက်ရယ်မောပြီးထွက်သွားမှ စိမ်း သက်ပြင်း ချငိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇင်ချိုကတော့ ပြုံးဖြဲဖြဲလုပ်နေအားသည်။

"ဘာရယ်တာလဲ၊ ဟွန်း. . . လူကြီးကိုက မုန့်းစရာကြီး. . . ရိုက်လိုက်ရ. . ."

စိမ်းက သူ၏လက်သီးဆုပ်များနှင့် ဇင်ချို့ ရင်ဘတ်ကို ထုရိုက်လိုက်တော့၊ ဇင်ချိုက စိမ်း၏လက်များတို့ ဖမ်းချုပ်သုံးပြီ နမ်းရှိုက်လိုက်သည်။

"စိမ်း စကားနဲ့စိမ်း၊ တို့ စိမ်းရဲ့ရည်းစားနော်"

"သွားပါ. . . မဟုတ်ပါဘူး"

စိမ်းသူ့ကို တွန်းပစ်လိုက်မည်အလုပ် သူလက်ညှိုးထိုးပြရာ ကြည့်လိုက်ရာ စောစောကလူနှစ်ယောက်ပြန်လှည့်ကြည့်နေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် စိမ်း ရှက်ရယ်ရယ်ပြီး သူ့ရင်ထဲမှ မျက်နှာကို ဝှက်ထားမိပါသည်။

ထိုစဉ်ကများ ပျော်လိုက်မည်ဖြစ်ခြင်း။

အချစ်ဆိုတာ ရင်ခုန်ပျော်ရွှင်ခံစားမှုအမျိုးမျိုး ပေးနိုင်လိုက် တာနော်ဟု စိမ်း တွေးမိပါသည်။

❖ ❖ ❖



အခန်း(၁၁)

"အချစ်ရေ. . .
မင်းကိုသိပ်ချစ်တယ်ကွယ်. . .
ချစ်တဲ့အကြောင်းတွေ အခါခါထပ်မနား
သောင်းသောင်းညံ့ညံ့ပြောတော့
အချစ်ရှူးလို့ကိုယ့်ကို ဆိုမလားဟင်"

သူ့ဂီတာတီး၍ သီချင်းဆိုပြပါသည်။

"အဲဒါ ချိုရေးတဲ့သီချင်း မဆုံးသေးဘူး၊ သံစဉ်လည်း ကိုယ်တိုင်ရာတာ၊ စိမ်း. . . နားထောင်လို့ အဆင်ပြေလား"

"အရမ်းကောင်းတယ်၊ ချို့ အသံနဲ့လိုက်တယ်၊ ချို. . . ကြီးရင်ဘာလုပ်မလဲ"

"မိန်းမယူမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . ဟင်း. . . ဟင်း. . . ဒါပြောတာမဟုတ်ဘူး"

"သိသားပဲ၊ တမင်ပြောတာ၊ ကိုယ်လေ ဖေဖေ့လိုပဲ ဂီတသမားလုပ်ချင်တယ်"

"လုပ်ချင်ရာလုပ်၊ ဒါပေမယ့် အရက်မသောက်ရဘူး၊ စိမ်းကလွဲရင် ဘယ်သူ့ကိုမှ မချစ်ရဘူး"

ဇင်ချို့ မျက်နှာလေးညှိုးကျသွားသည်။

"သိပါတယ် အချစ်ရယ်၊ ကိုယ့်ဖေဖေဘဝကို အားမကျပါဘူး၊ ကိုယ်က စန္ဒယားတီးမယ်၊ ဂီတာတီးမယ်၊ သီချင်းတွေရေးချင်တယ် သီချင်းတော့ ဆိုချင်ပေမယ့် ကိုယ့်အသံက သိပ်မကောင်းဘူး"

"အို. . . ကောင်းပါတယ်၊ ချို့ အသံလောက်ကောင်းတာ မရှိဘူး"

"ကိုယ့်လူကိုယ် ညွှန်းလှချေလား"

"စိမ်း နားထဲမှာတော့ ချို့အသံ အချိုဆုံးနဲ့အကြိုက်ဆုံး"

"စိမ်းက ကိုယ့်ဆိုရင်အကုန်ကြိုက်လား"

"အင်း. . . လူရော၊အသံရော ကြိုက်တယ်ပြောတာ"

ရောက်တာရာရာပြောပြီး ကလူကျီစယ်ကြ၊ အတူတကွ လျှောက်လည်ကြ၊ သီချင်းဆိုကြနှင့် ချစ်သူဘဝ ပျော်ရွှင်နေခဲ့ကြပါသည်။

ဇင်ချို သီချင်းတစ်ပုဒ်ဆိုပြတိုင်း စိမ်းက သိပ်ကောင်းတာပဲ၊ အရမ်းကောင်းတာပဲ ချိုရယ်၊ အောင်မြင်မှာ သေချာတယ်လို့ပြောပြီး သူ့ပါးကို မွှေးကြူလိုက်မိသည်ချည်းဖြစ်၏။

"တကယ်ကောင်းတာလား. . . ချစ်"





"အင်း. . ."

"ဒါဖြင့် ကိုယ့်ကို မွှေးမွှေးပေးဦး"

"အိုး. . . ပေးပြီးပြီလေ"

"ဟုတ်လား၊ မသိပါဘူး၊ မပေးရသေးဘူး မှတ်လို့၊ ဒါဖြင့် ဒီနားတို့ ကိုယ့်အလှည့်"

သူ့ ထွေးပွေ့ယုယမှုကိုခံယူရင်း စိမ်း သူ့အကျီထဲသို့ ငွေစအနည်းငယ်ထည့်ပေးမိပါသည်။

သူက စိမ်း ဘာလုပ်မှန်းမသိ၍ ငုံ့ကြည့်သည်။

"ဘာလဲ"

"ပိုက်ဆံ"

"ဘာလုပ်ဖို့"

"ချို့ ဖေဖေနေမကောင်းဘူးဆို ဆေးဝယ်စရာရှိတာ ဝယ်ရအောင်"

"ဟာ. . . အဲဒီလို မလုပ်နဲ့၊ ကိုယ်စိတ်ဆိုးတယ်ကွာ"

"ယူပါ ချိုကလဲ၊ အဲဒါ စိမ်း မုန့်ဖိုးထဲကစုထားတာပါ၊ ချို တစ်ယောက်တည်းဒုက္ခရောက်တာ စိမ်း မကြည့်ရက်ဘူး၊ စိမ်းကို ချစ်ရင်ယူ"

"ဟာကွာ၊ စိမ်း အဲဒီလိုမလုပ်နဲ့ မယူဘူး"

"အို. . . ချစ်ရင်ယူ"

"မယူဘူး"

"ချိုနော်၊ ခေါင်းမမာစမ်းနဲ့. . . စိမ်း အတွက်ဒီငွေဟာ အကြောင်းမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အတွက်လည်း အကြောင်းမဟုတ်ဘူး၊ စိမ်း ကိုချစ်တာ ဒီဘာမဟုတ်တဲ့ငွေအတွက် တန်ဖိုးလျော့မသွားစေချင်ဘူး"

"စိမ်းက စေတနာနဲ့ပါ၊ ဒါဟာ စိမ်းနဲ့ချို နှစ်ယောက်တည်း သိတာပဲ၊ စိမ်းတို့ကြားမှာ ဒါဟာ ပြဿနာမဖြစ်စေရဘူး"

"မိစိမ်း. . . ပြောလို့မရဘူးလား၊ မပေးနဲ့ မယူချင်ဘူး"

ဇင်ချို ပြောပြောဆိုဆိုဆက်ခနဲ သူ့အိပ်ထဲက ငွေစက္ကူအထပ်ကိုနှိုက်ယူ၍ လွှင့်ပစ်လိုက်သည်။

အထိမခံကြွေပန်းကန် နန်းမတော်ခယ်နုလို့ ပြောရအောင် စိမ်းကလည်း ဝမ်းနည်းလွန်းလို့ မျက်ရည်များပေါက်ပေါက်ကျအောင် ငိုလိုက်မိပါသည်။

"မိစိမ်း မျက်ရည်ထိုးခံပြီးတော့ ကိုယ့်စိတ်ကိုပျော့အောင်မလုပ်နဲ့၊ ဒီနေရာမှာတော့ ပြတ်ပြတ်သားသားပဲ ပြောလိုက်မယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းကိုချော့လည်းမချော့ဘူး၊ မင်းငွေကိုလည်း မယူဘူး ဒါပဲ"

သူ ထွက်သွားတော့သည်။

ထိုနေ့က စိမ်း ဝမ်းနည်းလွန်းလို့ သူ့ကို နာကြည်းရမလိုဖြစ်သွားရ၏။

ကြည့်စမ်း. . . .။

ဇင်ချို ဘယ်လောက်ဆိုးလဲ။

စိမ်းကို ပြတ်ပြတ်တောက်တောက် ဆက်ဆံသွားရုံမက စကားပင်ကြီးအောက်မှာ တစ်ယောက်တည်း ထားပစ်ခဲ့သည်တဲ့။

စိမ်းလည်း သူ့အပေါ် စိတ်ဆိုးစိတ်ကောက်ချင်စွာဖြင့် နောက်





တစ်နေ့ ကျောင်းမသွားတော့။

မေမေမေးတော့ ဗိုက်အောင့်တယ်လို့ပြောလိုက်သည်။

ကဲ. . . မှတ်ဘာရောပေါ့၊ ဒီလောက်မာနကြီးတဲ့ ဇင်ချို။

သူကျောင်းသွားဖို့ စိမ်းကို စကားပင်အောက်မှာ စောင့်ချင်စောင့်လိမ့်မည်။

စောင့်ပလေ့စေ။

စိမ်း မလာနိုင်လျှင် သူကျောင်းသို့သွားလိမ့်မည်။ ကျောင်း၌ စိမ်းကို တွေ့နိုးတွေ့နိုး အတန်းထဲမှာရှာပေမည်။

မတွေ့ရင်. . .

ဇင်ချို ဘယ်လိုခံစားရမည်မသိ။

စိမ်းကတော့ သူနဲ့တစ်ရက်မတွေ့ရတာကိုပင် တစ်ကမ္ဘာလောက်အောက်မေ့ပြီး နေမထိထိုင်မသာ ဖြစ်ရပါသည်။

ဩော်. . ချစ်တဲ့စိတ်များနှယ်၊ လူကိုရူးအောင်လုပ်တတ်ပါပေ့ကွယ်။

သုံးရက်မြောက်နေ့တွင်တော့ စိမ်း ကျောင်းတက်ရပြန်သည်။

အကြာကြီး နေမကောင်းဟန်ဆောင်လို့မဖြစ်။ စိမ်းမေမေက ဆရာဝန်ပြမည်တကဲကဲလုပ်နေတာ မဟုတ်လား။

စိမ်း ကျောင်းသို့အစောကြီးရောက်နေသည်။

ကျောင်းတက်ခါနီးမှ အတန်းထဲသို့ခေါင်းငိုက်ကျ၍ ဇင်ချို ဝင်လာတာတွေ့ရပါ၏။ စိမ်း တမင်တကာ မမြင်ချင်ယောင်ဆောင် နေလိုက်သည်။

ဇင်ချိုက အတန်းထဲရောက်မှ စိမ်း ကိုတွေ့လိုက်ရသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာသွားဟန်နှင့် သူ့မျက်လုံးများရွှန်းလဲ့ဝင်းပသွားခါ နှုတ်ခမ်းလေးတွန့်အောင်ပြုံးပြပြီးမှ စိမ်း၏ တည်တည်စူးစူးမျက်နှာထားကြောင့် မျက်နှာပျက်သွားရပြန်သည်။

စာသင်နေချိန်တွေမှာ စိမ်း သူ့ဘက်သို့ လုံးဝလှည့်မကြည့်။

တမင်တကာ သူ့ကိုအရွဲ့တိုက် စိတ်ကောက်ချင်၍ မခေါ်မပြောဘဲနေရသော်လည်း စိမ်း ရင်ထဲမှာ သူ့အတွက် တသက်သက်ခံစားနေရပါသည်။

ကျောင်းဆင်းချိန်တွင်တော့ သူ့ကို စိမ်း ဘယ်လိုရှောင်ရမလဲ။

သူစောင့်နေမည်မှာသေချာသလောက် စိမ်း ယုံကြည်သော်လည်း တကယ်ကျောင်းဆင်းချိန်တွင် သူ့ကိုမတွေ့။

စိမ်း ရင်ထဲမှာဟာခနဲဖြစ်သွားပြီး ဝမ်းနည်းမိသလိုလို ဘာလိုလို ချက်ချင်းငိုချပစ်လိုက်ချင်သလို ခံစားရပါသည်။

သူတကယ် စိမ်း ကိုမုန်းပြီလား၊ မခေါ်ချင်တော့ဘူးလား။

ဩော်. . . ချိုရယ်။

စိမ်း ကိုပစ်ပြီးတစ်ယောက်တည်း ပြန်သွားရက်တယ်နော်။

တကယ်ဆို စိမ်းကို စိတ်ပြေအောင် မချော့သင့်ပေဖူးလား။

သူကပင် မိန်းကလေးနှင့်ပြိုင်၍ စိတ်ကောက်ချင်သေးတာလား။

စိမ်းက သူရှိတတ်သည့်နေရာများကို ရှာကြည့်ပြီးမှ ကျောင်းက ထွက်လာသည်။

လွယ်အိတ်ကလေးလွယ်ပြီး တစ်ယောက်တည်းခေါင်းငိုက်





စိုက်၍လာသော စိမ်းကို မောင်မောင်တို့ကပင် လှမ်း၍နောက်လိုက်သေးသည်။

"ဘယ်လိုလဲ စိမ်း၊ ဒီနေ့ ရွှေမင်းသားမပါဘူးလား"

စိမ်း ခေါင်းခါပြရုံ ပြလိုက်သည်။

မောင်မောင်တို့အုပ်စုနှင့် စိမ်းတို့က ငယ်ငယ်က သူငယ်ချင်းများဖြစ်၏။

"တစ်ယောက်တည်း ပြန်တယ်လား စိမ်း၊ တို့လိုက်ပို့ရမလား"

မောင်မောင်အနားကပ်၍ မေးသည်။

"မလိုပါဘူး"

"နင်နဲ့ ဇင်ချိုဘာဖြစ်တာလဲ ဟ၊ နင်တို့စုံတွဲက တို့ကျောင်းမှာတော့ အောက်ချင်းငှက်မောင်နှံခေါ်မလား. . . ဟင်္သာမောင်နှံခေါ်မလား၊ ဟဲ. . . ဟဲ၊ အမြဲတမ်းတွဲနေတဲ့လူနှစ်ယောက် တစ်ကွဲစီတွေ့ရတော့ စိတ်မကောင်းလိုက်တာဟာ၊ အေးလေ လင်နဲ့မယားလျှာနဲ့သွား၊ အဲ. . . ဟုတ်ပေါင်"

"တော်စမ်းပါဟာ မဟုတ်တာတွေ မပြောနဲ့၊ သိပ်စုတ်ပဲ့တဲ့လူ"

မောင်မောင် အော်ရယ်ပါသည်။

"မောင်မောင်နော်၊ တို့စိတ်တိုလာရင် တစ်ခုခုနဲ့ ကောက်ရိုက်မိလိမ့်မယ်"

စိမ်းတကယ်ပင် စိတ်ဆိုးသည့်ပုံစံနှင့် ပြောလိုက်မှ မောင်မောင် စပ်ဖြဲဖြဲမျက်နှာနှင့်အနားမှ ထွက်သွားရင်း. . .

"ဟဲ. . . ဟဲ၊ဟိုမှာ. . . နင့်လူလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခရေပင်အောက်မှာရပ်နေသော ဇင်ချို။

မှုန်တေ့တေမျက်နှာနှင့် စိမ်းတို့ကိုကြည့်ရင်းမှ လျှောက်လာနေသည်ကို တွေ့ရပါသည်။

မောင်မောင်နှင့် မျက်နှာချင်းဆိုင်မိသောအခါ မောင်မောင်က အလေးပြုသလိုလုပ်၍ပြလိုက်သော်လည်း ဇင်ချိုကခု ထုံးစံအတိုင်း မိုက်ဂိုက်အပြည့်နှင့် ဘုကြည့်ကြည့်လိုက်ပါသည်။

ဇင်ချို စိမ်း အနားလျှောက်လာသည်။

"ဟိုကောင် ဘာတွေလာပြောလဲ"

စိမ်း သူ့ကိုမျက်စောင်းထိုး၍ ထိုနေရာမှ ထွက်လာခဲ့ပါသည်။

ဇင်ချို ရုတ်တရက် ကြောင်ငေးငေး ကျန်ခဲ့ပါသည်။

ပြီးမှ စိမ်းနောက်သို့လိုက်လာခါ စိမ်း လွယ်အိတ်ကိုလှမ်းဆွဲထားပြီး. . .

"ချစ်"

စိမ်း လှည့်မကြည့်။

တမင်နှုတ်ခမ်းစူကာ လွယ်အိတ်ကိုစောင့်ဆွဲယူပြီး ဆက်လျှောက်သည်။

ဇင်ချို စိမ်းအနားမှယှဉ်တွဲ၍လိုက်လာခါ စိမ်း မျက်နှာကိုစိုက်ကြည့်နေပါသည်။

"ချစ်ကိုယ့်ကို စိတ်ဆိုးနေလား"

". . . . . . . . . ."

"စကားမပြောချင်ဘူးလား"

ဇင်ချို စိမ်း၏လက်ဖဝါးလေးကို ဆုပ်ကိုင်ရင်းက မေး





ပါသည်။

စိမ်း လက်ကိုပြန်ဆွဲယူ၏။

သို့သော် မရ။

ဇင်ချို လက်ဖဝါးများကို ပြန်မလွှတ်ပေးသောကြောင့်ဖြစ်သည်။

"အဲဒီလို မနေပါနဲ့အချစ်ရယ်၊ ကိုယ့်ကို မသနားဘူးလား. . . ဟင်"

သူ့အသံက တီးတိုးညင်သာသည်။ လမ်းတစ်လျှောက်မှာ ခရေပင်၊ မရမ်း၊ သရက်စသော ကိုင်းခက်ဝေစည်၊ ပင်စည်ကြီးမားသောသစ်ပင်ကြီးများဖြင့် အုံ့မှိုင်းညို့ဆိုင်းနေကာ ကျောင်းအပြန်လမ်းတလျှောက်ဘွင် လူသွားလူလာနည်းပါးသည်။

ထိုအခါ သူနှင့်စိမ်းအတွက် လွတ်လပ်နေသလို ဖြစ်နေပါသည်။

ဇင်ချိုက စိမ်းနှင့်ဒ[illegible]ချင်းထိနေအောင် ကပ်၍လိုက်ရင်းလျှောက်နေပါသည်။

"ချစ်ဘာလို့ ကျောင်းမတက်တာလဲဟင်၊ နေမကောင်းဘူးလားလို့ ကိုယ်စိုးရိမ်လိုက်ရတာကွာ၊ ကိုယ့်ကိုစိတ်ကောက်တယ်ဆိုရင် ကိစ္စမရှိပါဘူး။ ချစ်က ကိုယ်ချော့ရင်ကြည်မှာပါ။ သိပါတယ်၊ ကိုယ့်ကိုကြည့်ပါဦး"

စိမ်း နှုတ်ခမ်းကို တင်းတင်းစေ့ထားမိ၏။

သူဒီလိုလိုက်ချော့နေတာကို ရင်ထဲမှာကျေနပ်သလို [illegible]းမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ရယ်. . . ကိုယ့်ကိုဒီလောက်ထိ မညှဉ်းဆဲစမ်းပါနဲ့၊ ချစ်မပါပဲကျောင်းတက်ရတာ ဘယ်လောက်ခံစားရတယ်မှတ်သလဲ၊ ကိုယ်ငိုတောင် ငိုချပစ်လိုက်ချင်တယ်၊ ဩော်. . . ချစ်က တကယ် စိမ်းတော့မှာကိုး"

ခုမှ. . . တကယ်စိမ်းတော့မှာကိုတဲ့။

စိမ်း နှုတ်ခမ်းကိုကိုက်ရင်း သူ့ကိုစောင်းငဲ့ကြည့်လိုက်တော့ သူ စိမ်းကို ပြုံးပြလိုက်ပါသည်။

သူ့လက်ဝါးထဲရှိနေသော စိမ်းလက်တစ်ဖက်ကို ရုတ်တရက် ဆောင့်ဆွဲယူလိုက်ပြီး သူ့ရှေ့မှလျင်မြန်စွာပြေးထွက်ခဲ့ပါသည်။

"ဟော့. . . စိမ်း . . . မပြေးနဲ့လေ"

စိမ်း သူ့ကိုပြန်မကြည့်တော့။ ကလေးသဖွယ် ခြေကုန် သုတ်ပြေးခဲ့ပါသည်။

သူမည်သို့ မည်ပုံကျန်ခဲ့မည်နည်း။

ဣန္ဒြေပျက်လောက်အောင်ပြေးနေ သော စိမ်းနောက် သူ လိုက်မလာတာတော့ သေချာပါသည်။

❊ ❊ ❊



အခန်း(၁၂)

နောက်တစ်နေ့ ကျောင်းတက်တော့လည်း စိမ်း ခပ်တည်တည်ပင်၊

ခါတိုင်းလာနေကျလမ်းမှ မသွားပါ။ တခြားလမ်းမှနေ၍ ကျောင်းသို့သွားခဲ့ခြင်းဖြစ်၏။

ကျောင်းတက်ခေါင်းလောင်းထိုးမှ ဖင်ချို အမောတကော စာသင်ခန်းထဲပြေးဝင်လာတာ စိမ်းကိုတွေ့တော့ အံ့သြဟန်လေးနှင့် တစ်ချက်စိုက်ကြည့်ပြီး သူ့နေရာသူသွားထိုင်ပါသည်။

သူ စိမ်းအလာကို လမ်းမှစောင့်ချင်စောင့်ပေလိမ့်မည်။ ထို့ကြောင့်လည်း ကျောင်းနောက်ကျဟန်တူပါ၏။

အမောတကော ဖင်ချို့ပုံစံကိုကြည့်ပြီး စိမ်း သနားမိပါသော်လည်း ဘယ်လိုမှ ထူးထူးခြားခြားမခံစားမိဟန် နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆင်းချိန်ရောက်တော့ ကျောင်းပေါက်ဝမှ ဇင်ချို စောင့်နေတာတွေ့၏။

စိမ်းကိုမြင်တော့ သူပြုံးပြသည်။ စိမ်း မျက်နှာကို ခပ်တင်းတင်းလုပ်၍ တစ်ဖက်သို့ မျက်နှာလွှဲလိုက်ပါသည်။

"ချစ်"

စိမ်း၏အနားသို့ သူမရဲတရဲ ကပ်လာပါ၏၊ သူ့အသံလေးက တစ်ခါမှမကြုံစဖူး တုန်ရီနေ၏။

"ချစ် ကိုယ့်ကိုစိတ်ဆိုးနေလား၊ အဲဒီလို မစိမ်းပါနဲ့ကွာ၊ ကိုယ်မနေတတ်ဘူး၊ ကိုယ်တောင်းပန်ပါတယ် ချစ်ရယ်၊ ကိုယ့်ကို ကျေနပ်ပါတော့"

"ဇင်ချိုနော်၊ ငါ့အနားမကပ်နဲ့. . . သွား"

"မသွားနိုင်ပါဘူး ချစ်"

"ဒါပဲနော်၊ နင့်ကို ငါမုန်းတယ်"

"မုန်းတယ်"

"ငါ့ကိုနှောင့်ယှက်ရင် ဆရာမကြီးနဲ့တိုင်မယ်"

"ပြောတာ မရဘူးလား"

"မရဘူး. . ."

"အဲဒီလိုမကြည့်နဲ့ ချစ်က စိတ်ကြီးလှချေလား၊ သူများတွေ ကြည့်နေကြတယ်၊ မရှက်ဘူးလား"

ဇင်ချို ပြုံးတုံ့တုံ့ပုံစံနှင့် စိမ်းလက်ကိုဆွဲလိုက်ပါသည်။

"ဖယ်. . . မကိုင်နဲ့ တယ်. . . ငါလွယ်အိတ်နဲ့ရိုက်လိုက်ရ"

စိမ်း သူ့ကိုလွယ်အိတ်နှင့်လွှဲ၍ရိုက်လိုက်မိသောအခါ ဇင်ချို



BURMESE CLASSIC .com



ချက်စိမျက်နှာပျက်သွား၏။

"နင်. . . ငါ့ကိုစိတ်ဆိုးအောင်မလုပ်နဲ့ ကိုယ့်လမ်းကိုယ်သွား"

"စိမ်းရယ်၊ အပြောအဆိုတွေရင့်သီးလိုက်တာ စိမ်းက သွားဆို သွားပါတော့မယ်"

သူ ကျန်ခဲ့ပါသည်။

စိမ်း တစ်ယောက်တည်းခေါင်းငိုက်စိုက်ချ၍ ဖြည်းဖြည်း နှိမ့်မှန်လျှောက်နေရင်း နောက်သို့အမှတ်မထင် ကြည့်မိပါသည်။

ဇင်ချို မလှမ်းမကမ်းမှာ ရှိနေတာတွေ့ရ၏။

စိမ်း မျက်နှာလွှဲပြီးဆက်လျှောက်လာစဉ် မိုးရေပေါက် လေးများကျလာတာ သတိပြုမိလိုက်၏။

သည်တော့မှ မနက်ကထီးမယူခဲ့တာကို မှားပြီးဟု တွေးမိ ပါသည်။

ထိုအခိုက် ရုတ်တရက် စိမ်းလက်မောင်းကို တင်းတင်းကြီး ဆွဲအကိုင်ခံလိုက်ရပါသည်။

"အို. . . လွှတ်"

"မိုးရွာနေပြီ လာ"

ဇင်ချိုရယ်ပေါ့၊ စိမ်း လက်မောင်းကိုမလွှတ်တမ်းဆွဲပြီး ခရေ ပင်ကြီးအောက် ဝင်ပြေးပါသည်။ ထိုလမ်းတလျှောက် ပန်းပိတောက် ပင်၊ ခရေပင်များ သိပ်သည်းစွာပေါက်နေ၍ အရိပ်ကောင်းရနေ ပါသည်။

ခရေပင်အောက်အရောက် ဇင်ချို စိမ်း၏ပါးကို အမှတ်မ ထင် နမ်းရှိုက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . တော့"

"ရော့၊ မိုးတွေစိုကုန်ပြီ သုတ်ပစ်လိုက်"

သူလက်ကိုင်ပဝါကိုထုတ်ပေးပြီး ဇင်ချို ပြုံးပြုံးကြီးလုပ်နေပါသည်။

စိမ်း သူ့လက်ကိုင်ပဝါမယူဖြစ်ဘဲ ပူရှိန်းရှိန်းပါးကို ပွတ်သပ်ရင်း သူ့ကို ကြောင်စီစီလေး ငေးကြည့်နေမိသောအခါ သူကိုယ်တိုင် စိမ်း ကိုယ်ပေါ်က ရေစက်များကို သုတ်ပေးနေပါသည်။

သူ၏ ယုယမှုလေးများကြောင့် စိမ်း့ရင်ထဲမှာ လှိုက်ခနဲခုန်၍ နွေးတေးတေးလေး ဖြစ်သွားရပါ၏။

မိုးကပိုမို၍ သည်းလာပါသည်။

လမ်းတစ်လျှောက်တွင် လူသွားလူလာမရှိသလောက်ဖြစ်နေ ချိန် သူနှင့်စိမ်း နှစ်ယောက်တည်း ခရေပင်အောက်မှာ ပူးပူးကပ်ကပ် ရပ်နေမိကြသည်။

"ချစ်. . . ကိုယ့်ကို စိတ်ပြေပါပြီနော်"

စိမ်း ဘာမှမပြောတော့။ သူ စိမ်းကို ပခုံးမှသိုင်းဖက်ထား ကာ. . .

"ချစ် တကယ်ရက်စက်တဲ့မိန်းကလေး၊ ကိုယ် ဘယ်လောက် ခံစားရတယ်မှတ်လဲ၊ အေးလေ ကိုယ်ချင်းမစာတတ်တော့ ဘယ်သိမလဲ ချစ်ရယ်. . . နာမည်နဲ့လိုက်အောင် တကယ်စိမ်းတော့မှာလား"

"ဘယ်သူက စိမ်းတာလဲ"

"ချစ်က စိမ်းတာပေါ့"

သူ စိမ်းကို မွေးကြူပြန်ပါသည်။





"ဘာဖြစ်လို့ သူများကိုအော်သေးလဲ"

"ဘယ်မှာအော်လို့လဲ"

"ပိုက်ဆံပေးတဲ့နေ့က. . . "

"ချစ်ရယ်"

"ဒီက စေတနာကို စော်ကားတယ်၊ ပိုက်ဆံကို လွှင့်ပစ်လိုက် သေးတယ်၊ ဟင်း. . . ချို့ကိုမုန်းတယ်"

"မုန်းတယ် မပြောနဲ့"

"ပြောမယ်"

"ကဲ. . . ပြောတဲ့ပါးစပ် သိရောပေါ့"

စိမ်း ဘာမှမပြောနိုင်တော့။

အချိန်ကြာမြင့်စွာပင် သူ စိမ်းကို စကားမပြောနိုင်အောင် သူ့နှုတ်ခမ်းများနှင့် စိမ်းနှုတ်ခမ်းကို ပိတ်ထားပါသည်။

"မှတ်ထား၊ ပြောဦးမလား၊ မုန်းတယ်လို့၊ ဟွန်း. . . ပြောရက် လိုက်တာ သူက၊ ဒီကောင့်အသည်းတွေ ကွဲကုန်ပြီသိလား"

"ဘယ်သိမလဲ"

"အေးလေ. . . စိမ်း့ကချစ်မှ မချစ်ဘဲ"

"အဲလို မပြောနဲ့နော်"

"ပြောမှ သိမှာလား ချို၊ စိမ်းနဲ့ ဘယ်သူပိုချစ်တတ်လဲဆိုတာ ချို သိလောက်ပြီ"

"ကိုယ်ကပိုချစ်လို့ စိမ်းကို ဒီလောက်လိုက်ချော့နေတာ"

"ပိုချစ်လို့ ဟိုနေ့က စိမ်းပိုက်ဆံကို လွှင့်ပစ်တယ်ပေါ့၊ စိမ်း စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ ယူလိုက်ပါလား၊ တခြားသူတွေ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မှမှဟုတ်ဘဲ၊ တကယ်လိုနေလို့ပေးတာ ခုတော့ သူလုပ်ပုံက စိမ်း နာကြည်းစရာ မကောင်းဘူးလား"

"ချစ်ရယ်. . . ကိုယ်မှားသွားတယ်၊ ချစ် စေတနာကို ကိုယ် သိတာပေါ့၊ ဒါပေမယ့်လေ. . . ချစ်ဆီက ကိုယ့်မေတ္တာကလွဲရင် ဘာမှ မလိုချင်ဘူး၊ သူများတွေသိရင်လည်း မကောင်းဘူး"

"ဒီကိစ္စ စိမ်းတို့ချင်းသာ သိမှာပါ၊ စိမ်းကလည်း ချို့ကို ဒီလောက်ငွေလေးကူညီရတာ အားမရဘူးသိလား၊ ဟိုနေ့က စိမ်း ငွေကို သူလွှင့်ပစ်လိုက်တော့ ဒီက ဝမ်းနည်းလိုက်တာအရမ်းပဲ"

"ဝမ်းနည်းမနေပါနဲ့ အချစ်ရယ်၊ ကိုယ် တောင်းပန်ပါတယ်၊ ခုလည်း ဖေဖေ့အတွက် ငွေပြေလည်ပါပြီ"

BURMESE CLASSIC .com

"ဘယ်လိုပြေလည်တာလဲ"

"စန္ဒယားကြီးရောင်းထုတ်ပစ်လိုက်ပြီ"

"အို"

ဇင်ချို မှိုင်တွေကျသွားသည့်ပုံစံကိုကြည့်ပြီး စိမ်း ရင်ထဲမှာ သူ့ကို သနားလိုက်တာ မပြောပါနဲ့တော့။

ဩော်. . . စဉ်းစားကြည့်စမ်းပါလေ။

သူတို့သားအဖ၏ အမြတ်တနိုးထားရပါသော စန္ဒယားကြီး ရောင်းလိုက်ရတာ ဘယ်လောက်နှမြောရှာမလဲ။

"စောစောက ပြောရောပေါ့၊ စိမ်း အဲဒီစန္ဒယားကြီး ငယ်မှာ ပေါ့"

"စိမ်း့မှမတီးတတ်ပဲ"

"သင်မှာပေါ့၊ ချို သင်ပေးပေါ့"





"မလုပ်ပါနဲ့ စိမ်းရာ၊ စိမ်းတို့ဖေဖေက နဂိုကမှ အနုပညာ သမားဆိုတာ အထင်သေးရတဲ့အထဲ"

လေပြင်းပြင်းတိုက်ခတ်သဖြင့် ရွက်နုဝေတွေထူထဲနေသော ခရေပင်ကြီးအောက်သို့ပင် မိုးကလွင့်စင်ထိမှန်လာပါသည်။

ရင်ထဲမှာအေးခနဲ စိမ့်ခနဲ ခံစားရသည်ဖြစ်သောကြောင့် စိမ်းက ဇင်ချို့ဘက်သို့ ပို၍တိုးကပ်လိုက်ပါသည်။

ဇင်ချိုက စိမ်း့အား ပို၍တင်းကြပ်စွာဖက်ထားခါ. . .

"မိုးက အဲဒီလိုအကြာကြီး ရွာလိုက်စမ်းပါ၊ ဒါမှ ဒီကောင် မလေးကို အားပါးတရကြီးဖက်ထားရမှာ"

"ချိုနော်. . . ဘာတွေလျှောက်ပြောနေတာလဲ၊ မိုးကြိုးပစ် ချမှ ဟုတ်ပေ့ဖြစ်နေဦးမယ်၊ ကြည့်စမ်း. . . မိုးတွေမည်းပြီး မှောင်နေတာ ကြောက်စရာကောင်းလိုက်တာ"

"မကြောက်ပါနဲ့ချစ်ရာ ကိုယ်ရှိသားပဲ၊ ကိုယ်ကတော့ မိုးဘယ်လောက်မှောင်မှောင် ဘာကြီးဖြစ်ဖြစ်၊ ချစ် မုန်းတာခံရမှာ လောက် မကြောက်ဘူးသိလား"

"စိမ်းလည်း ချိုနဲ့ဆိုရင် ဘာကောင်ကြီးနဲ့တွေ့တွေ့ မကြောက်ဘူး. . . ဒါပေမယ့်လေ ခုချိန်ဆိုရင် ဖေဖေနဲ့မေမေ စိမ်း အိမ်ပြန်မရောက်လို့ မေမေသိပ်စိတ်ပူနေမှာကိုပဲ စိမ်းက စိုးရိမ် နေတာ"

ထိုနောက် စိမ်းတို့နှစ်ယောက် စကားမပြောဖြစ်ကြဘဲ တစ်ယောက်ကိုတစ်ယောက်ဖက်၍ ခရေပင်ကြီးအောက် ကြာမြင့်စွာ ရပ်နေမိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်မှာတော့ ရာသီဥတုဒဏ်ကြောင့် ဘယ်လောက်ပင် စိုရွဲအေးခိုက်တုန်စေကာမူ စိမ်းတို့နှစ်ယောက်က မေတ္တာခြုံ၍ လုကာ နွေးနွေးထွေးထွေး ရှိလှပေသည်။

❉ ❉ ❉



## အခန်း(၁၃)

"အချစ်ရေ. . .
မင်းကို သိပ်ချစ်တယ်ကွယ်. . .
ချစ်တဲ့အကြောင်းတွေ အခါခါ ထပ်မနား
သောင်းသောင်းညံညံပြောတော့
အချစ်ရူးလို့ကိုယ့်ကိုဆိုမလားခင်
မင်းနဲ့ ပတ်သက်ရင်
အချစ်နဲ့ ပတ်သက်ရင်
ကိုယ်ရူးပါရစေတော့ခင်
စိမ်းရေ. . . စိမ်းရေ
မင်းနဲ့ဝေးမှာကြောက်လွန်းလို့
မင်းကြောင့်ဆွေးမှာ ကြောက်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုကိုယ် စိမ်းလို့ မခေါ်ရက်ဘူးကွယ်. . . အချစ်ရယ်"

သူ့အသံသြသြလေးနှင့် သူ့တေးသွားသံလိုက်ဖက်ညီကာ နားထောင်လို့ ကောင်းလှပါသည်။

"သီချင်းက မပြီးသေးဘူး၊ စိတ်တိုင်းကျလည်း မဖြစ်သေးဘူး ချစ်ရဲ့မွေးနေ့မှာ ဒီသီချင်းဆိုပြမယ်ဆိုလို့ ပြီးသလောက် ရသလောက် ဆိုပြရတာ"

ဒီနေ့ စိမ်း၏မွေးနေ့ ဖြစ်ပါသည်။

မနက်စောစော ဘုန်းကြီးငါးပါး အရုဏ်ဆွမ်းကပ်ခဲ့ပါသည်။

အိမ်နီးချင်းတွေကို မုန့်ဟင်းခါးချိုင့်နှင့်ထည့်၍ ပို့သည်။

"ချစ်မွေးနေ့မှာ ကိုယ်ဘာမှမပေးရသေးလို့ စိတ်မကောင်း ဖြစ်နေတာ၊ မနေ့ညကလည်း ဖေဖေ့ကို ဆေးခန်းလိုက်ပို့နေရတာနဲ့"

"ဒါတွေပြောနေစရာလိုလား၊ ချို့ဆီက ဘာလက်ဆောင်မှ မလိုချင်ပါဘူး၊ ချို့အချစ်ကို ပိုင်ဆိုင်ရပြီပဲကွယ်"

"စကားတော်တော်တတ်၊ ဒါကြောင့် သိပ်ချစ်ရတာ"

ဇင်ချိုက လှိုက်လှဲစွာပြောရင်း သူ့နဖူးနှင့်စိမ်းနဖူးကို ဖြည်းဖြည်းလေးတိုက်လိုက်ပါသည်။

"ဟော့ကောင်. . . ဟော့၊ ဒါဘာလုပ်တာလဲ"

ရုတ်တရက် ကြားလိုက်ရသောအသံကြောင့် စိမ်းတို့နှစ်ယောက် အထိတ်တလန့်ဖြင့် လူချင်းခွာပစ်လိုက်ကြသည်။

"ကြည့်စမ်း ခွေးမ၊ အလိုလိုက် အမိုက်စော်ကား၊ ဟိုကောင်ကရော သူများသမီးပျိုကို ဖျက်စီးမလို့"

"အို. . . ဖေဖေ"





မမျှော်လင့်ဘဲ စိမ်းဖေဖေဦးကျော်စွာနှင့် တပည့်နှစ်ယောက် ရောက်လာခြင်းဖြစ်သည်။

စိမ်းတစ်သက်မှာ ဖေဖေ့ကို ဒီလိုတင်းမာခက်ထန်ပုံမျိုးနှင့် တစ်ခါမှ မတွေ့စဖူး။

ဖေဖေက စိမ်းကို လက်မောင်းမှနေ၍ဆွဲခေါ်ပြီး. . .

"ဟင်. . . သမီးလေး လိမ္မာပါတယ်ဆိုပြီး အလိုလိုက်ထားသမျှ၊ ဟယ်. . . ငါသတ်မိတော့မယ်၊ ဟော့ကောင်. . . မင်းကို ငါနောက်ဆုံးသတိပေးမယ်၊ ငါ့သမီးနဲ့အဆက်အသွယ်ဖြတ်"

ဇင်ချို မျက်နှာလေးငယ်နေပုံကို စိမ်း မချိတင်ကဲစွာကြည့်ရင်း. . .

"ဖေဖေ. . . သမီးတို့သူငယ်ချင်းနှစ်ယောက်"

"တိတ်. . . ဘာမှမပြောနဲ့၊ အဲဒါ. . . မင်းငါ့သမီးကို လမ်းတွေ့လို့တောင် နှုတ်မဆက်မိဖို့သတိထား"

ဦးကျော်စွာ စိမ်း ကိုအတင်းဆွဲခေါ်သွားသဖြင့် နောက်ဆံတငင်ငင်နှင့် စိမ်း သူ့ကိုလှည့်ကြည့်ရင်း လိုက်ပါသွားရလေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

ချစ် လွမ်းစိတ်ကြောင့် ပူပင်နွမ်းခွေ အသည်းတွေကြေမွ ကုန်ပြီလို့ပင် စာဖွဲ့ရအောင် စိမ်း ခံစားခဲ့ရပါသည်။

"ဒီလိုအဖြစ်မျိုး တစ်ခါမှမခံစားရဖူးတော့ မေမေ့သမီးလေး အတွက် ကမ္ဘာပျက်မတတ်ဖြစ်မယ်၊ နောက်တော့လည်း လူဟာ အသက်အရွယ်ရလာတာနဲ့အမျှ ရင့်ကျက်တည်ငြိမ်လာမယ်၊ မေမေတို့ က သမီးကိုရက်စက်တာ မဟုတ်ပါဘူးကွယ်၊ သမီးအပေါ် ချစ်လွန်းလို့ သမီးလေး စိတ်ရောလူပါဆင်းရဲမှာစိုးလို့ ခဏလေးပျော်ရတာကို မကြည့်နဲ့ တစ်သက်လုံးအတွက် စဉ်းစား၊ မေမေကတော့ သမီးကို ခုချိန်မှာ ဇင်ချိုနဲ့မှရယ် မဟုတ်ဘူး၊ ဘယ်ယောကျ်ားနဲ့ဖြစ်ဖြစ် မနီးစပ် စေချင်ဘူး၊ မပေးစားချင်ဘူး၊ သမီးက သိပ်ငယ်သေးတယ်လေ၊ သမီးကို ရန်ကုန်ပို့ပြီး ကျောင်းအိပ်ကျောင်းစားထားမယ်"





မေမေ့ဆန္ဒကို မပယ်ရှားချင်ပါ။

ဖေဖေ စိတ်ချမ်းသာအောင် နေပြလိုက်ချင်ပါသည်။

သို့သော် ချစ်ဦးသူ နောက်ဆံငင်အောင်လည်း မပြုရက်ပါ။

သူ့ကို အသိပေးပြီးမှ သွားချင်ပါသည်။

သူကျေနပ်လောက်အောင် ရှင်းပြလိုက်ချင်ပါသည်။

အိမ်ထဲမှအိမ်ပြင် ထွက်ခွင့်မရ။ ကျောင်းလည်း မတက်ရ။

ဒီတော့ ဇင်ချိုနှင့် ဘယ်လိုဆက်သွယ်နိုင်ပါ့မလဲ။

ကံကြမ္မာမဲ့လေသောကြောင့် ချစ်ရက်နှင့်ခွဲခွာရတဲ့ စိမ်းတို့ ချစ်သူနှစ်ဦး၏ ရင်နာဖွယ်အဖြစ်ကား ယနေ့တိုင် မမေ့နိုင်ပါဘဲ အသည်းထဲမှာ အမြဲစွဲထင်မှတ်လို့နေရပါတော့သည်။

စိမ်းကို ပြင်ဦးလွင်မှာ ကျောင်းအိပ်ကျောင်းစားပို့ခဲ့သည်။

ဇင်ချိုနှင့် လုံးဝအဆက်အသွယ်မရ။

မေတ္တာစစ်နှင့် ချစ်ကြရိုးမှန်ရင် တစ်နေ့ ဇင်ချို ဆက်သွယ် လာ မှာပဲလို့ထင်သောကြောင့် ချစ်အောက်တမေ့မေ့နှင့် စောင့်စား ရက်တွေ ကြာရှည်လာခဲ့ပါသည်။

ခုတော့လည်း စိမ်းတို့မိသားစုအခြေအနေက တစ်မျိုး ပြောင်းလဲလို့ သွားရပါပြီ။

စိမ်းတို့ ဆန်စက်မီးလောင်ပျက်စီးသွားရပြီးနောက် စိမ်း၏ ဖေဖေသည် စိတ်ဆင်းရဲချို့တဲ့မှုဒဏ်ဖိစီး၍ အိပ်ရာထဲလဲပါတော့ သည်။

ထိုအခါ စိမ်းလည်း ဂိဘတွေ၏သောကနှင့်ဒုက္ခကြားမှာ အေးအေးလူလူ ပညာမသင်ရက်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါလှသော သူနာပြုသင်တန်းကို လျှောက်ထားလိုက်ပါသည်။

ဖေဖေကန့်ကွက်သည့်ကြားက စိမ်း သူနာပြုသင်တန်းတက်ခဲ့ခြင်းပင်။

သူနာပြုသင်တန်းဆင်းပြီး တစ်လအကြာ ဖေဖေသည်ချစ်လှစွာသော ဇနီးနှင့်သမီးကို ခွဲခွာလို့သွားခဲ့ပါသည်။

❉

စိမ်းရေ. . . ဟေ့စိမ်း၊ အံမာ အိပ်ပျော်နေသလား. . . ကိုယ့်လူ"

သင်းသင်းနုက စိမ်း ကိုယ်ကိုလှုပ်ခါပြီး မေးလိုက်သဖြင့် စိမ်းသည် စီးကျလာသောမျက်ရည်များလက်ခုံဖြင့် ကပျာကသီသုတ်လိုက်ပါသည်။

"စိမ်း. . . ငိုနေတယ်၊ ဟုတ်လား"

သင်းသင်းနုက တအံ့တသြလေး ပြောရှာသည်။

"ဘာဖြစ်လို့လဲဟင်. . . စောစောက စိမ်း အမေဘာလာပြောသွားလဲ"

"မေမေက စိမ်းကို အိမ်ထောင်ချပေးချင်တဲ့အကြောင်း ပြောသွားတယ်"





"ဒါနဲ့များကွာ၊ စိမ်းက မယူချင်လို့လား"

"စိမ်း ပြောခဲ့ပြီးပါပြီကောကွယ်၊ စိမ်း မှာချစ်သူရှိတယ်လို့ စိမ်းလေ. . . သူ့ကိုစောင့်နေတာကြာပြီကွယ်"

စိမ်း တကယ် စိတ်ထိခိုက်ကြေကွဲစွာခံစားနေပုံကို ကြည့်နေမိပါသည်။

"စိမ်းရဲ့ချစ်သူကိုတွေ့အောင် ရှာချင်တယ်၊ စိမ်းလေ. . . မောင်ရဲ့စိမ်း သီချင်းဆိုတဲ့လူကိုသိပ်တွေ့ချင်တယ်"

"အဲဒီလူက စိမ်းချစ်သူလား"

"ဖြစ်နိုင်ဖို့များပါတယ်၊ ဖြစ်မယ်လို့လည်း ထင်တယ်၊ မောင့်ရဲ့စိမ်းထဲကစာသားအချို့ဟာ စိမ်းကြားဖူးခဲ့တဲ့ စာသားတွေ၊ အိုကွယ်. . . ရှင်းရှင်းပြောရရင် စိမ်းချစ်သူရေးခဲ့ဖူးတဲ့စာသားတွေ သင်းရဲ့၊ သူ့အသံဩဩကြီးကလည်းတူတာပဲ၊ အရင်နဲ့အခု နည်းနည်းကွာခြားတာတော့ရှိတာပေါ့"

"ဒါလောက် သေချာနေရင်လည်း သွားတွေ့ပေါ့၊ ခက်တာက အဲဒီမောင်မောင်လွမ်းပြေဆိုတဲ့လူက စင်မြင့်ဖျော်ဖြေပွဲတွေ ဘာတွေမှာ တစ်ခါမှမတွေ့ဖူးဘူး၊ တချို့ကပြောတော့ သိပ်အရုပ်ဆိုးတယ်တဲ့ပါကြောင့် လူမြင်သိပ်မခံဘူးလည်းပြောရဲ့၊ စိမ်းမှာ အဆိုတော်ပျင်ယွန်းခိုင်တစ်ယောက်လုံးရင်းနှီးနေတာပဲ စုံစမ်းကြည့်ပေါ့၊ သူတို့အဆိုတော်ချင်းဆိုတော့ မြင်ဖူးတွေ့ဖူးမှာပဲ"

"ဟုတ်တယ်. . . သင်းရယ်၊ စိမ်း သိပ်ပြီး မေးချင်ပါတယ်၊ ပယ်ခိုင်ကို မေးမယ်၊ မေးမယ်နဲ့တစ်ခါမှ မမေးမိဘူးကွယ်၊ ဒီတစ်ခါတော့ သေသေချာချာကို သူ့ဆီသွားမေးရမယ်၊ မနက်ဖြန် စိမ်း



www.burmeseclassic.com

www.burmeseclassic.com



အားတယ်လေ၊ ဘားလမ်းထဲမှာရှိတဲ့ မမခိုင်ရဲ့တေးသံသွင်းဆိုင်ကို သွားမယ်"

"ကောင်းတယ်စိမ်း၊ သင်း မအားလို့သာ နို့မို့ စိမ်းနဲ့အတူ လိုက်ချင်သေးတယ်"

"ရပါတယ် သင်းရယ်"

စိမ်းရင်ထဲမှာ မနက်ဖြန်အတွက် အစီအစဉ်များရေးဆွဲပြီး ကျေနပ်သလိုလိုရှိမိ၏။

ဘာပဲဖြစ်ဖြစ် စိမ်းချစ်သူကို ပြန်လည်ဆုံစည်းခွင့်လေး ပေးပါလို့။

❈ ❈ ❈



## အခန်း(၁၅)

ချိုတေးသံဝေ တေးသံသွင်းဆိုင်သို့ စိမ်း ရောက်သွားချိန်တွင် ဆိုင်မှာလူရှင်းနေသည်။

စီးရီးကြော်ငြာ ဆိုင်းဘုတ်ကြီးများထောင်ထားသော ဆိုင်၏ မျက်နှာစာကိုဖြတ်၍ အတွင်းသို့ဝင်ခဲ့လေသောအခါ လှပသေသပ် ခမ်းနားစွာပြင်ဆင်ထားသော ဧည့်ခန်းကိုတွေ့ရ၏။

"ဘာကိစ္စရှိပါသလဲရှင်"

အသားဖြူဖြူ ပါးပါးလျားလျား မိန်းမလှလေးတစ်ယောက်က မေးလာပါသည်။

"မမခိုင်နဲ့တွေ့ချင်လို့ပါ"

"မမခိုင်ဟုတ်လား"

"ဒီဆိုင်ပိုင်ရှင် မမရှင်ယွန်းခိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ"

အမျိုးသမီးက စဉ်းစားသလိုလုပ်နေ၍ စိမ်း သွက်လက်စွာပင် ပြောလိုက်၏။

"စိမ်းနုငယ်ကတွေ့ချင်ပါတယ်လို့ပြောပေးပါရှင်၊ ကျွန်မ သူ့ကိုမိတ်ဆက်စကားပြောဖို့လာတဲ့ ဧည့်သည် မဟုတ်ပါဘူး"

အမျိုးသမီးလေးက ပြုံးလိုက်သည်။ သူတို့အနေနှင့် အဆိုတော်ကို မိတ်ဆက်ဖို့ အော်တိုရေးခိုင်းဖို့ ဓာတ်ပုံတောင်းဖို့ လာကြသူတိုင်းကို တွေ့ဆုံခွင့် မပေးနိုင်ကြပေ။

"မခိုင်နဲ့ ချိန်းထားလား"

"ဟင့်အင်း"

"ခဏနော်"

အမျိုးသမီးလေး ဆိုင်တွင်းသို့ဝင်သွားသည်။ ချက်ချင်းလိုပင် ပြန်ထွက်လာပြီး. . .

"အထဲမှာ မခိုင်စောင့်နေပါတယ်. . . ဝင်သွားပါ"

"ကျေးဇူးတင်ပါတယ်"

အသံသွင်းစက်များထားသည့် မှန်လုံအခန်းကိုဖြတ်၍ အတွင်းခန်းသို့ လှမ်းဝင်လိုက်သောအခါ. . .

"လာ. . . ညီမလေး၊ မခိုင်ဖြင့် စိမ်းနုငယ် လာတယ်ဆိုတော့ အံ့ဩသွားတာပဲ၊ ထင်ကိုမထင်ဘူးလေ၊ စိမ်းကိုလွှတ်လိုက်လို့ ပြီးတော့ အရမ်းကို ဝမ်းသာတာ"

စားပွဲပေါ်ရှိ ကြွေပန်းအိုးထဲမှ နှင်းဆီနီနီရဲရဲတို့ကို လှပစွာ ပြုပြင်ရင်းက ပြောလိုက်သော ရှင်ယွန်းခိုင်ကိုပြုံးပြရင်း စိမ်း ဆိုဖာ





ပေါ်မှာ ထိုင်လိုက်သည်။

"စိမ်း သီချင်းခွေလာဝယ်ရင်းက ဝင်လာတာ"

"ဪ. . . အေး. . . အေး၊ ဒီလိုပဲ ဖြစ်ရမယ်၊ ကိုယ်တိုင် ပလာလည်းဖြစ်ပါတယ် စိမ်းလေးရဲ့၊ တယ်လီဖုန်း ဆက်လိုက်ရင် ကိုနိုင့်ကို လွှတ်ယူခိုင်းလိုက်မှာပေါ့၊ နောက်ဆို အမျိုးအရင်းကြီး တော်ရမယ့်လူတွေပဲ"

ရှင်ယွန်းခိုင် ပြောပုံကြီးက စိမ်းအတွက် တကယ်ပင် အသည်းတုန်ရင်ခုန်စရာကြီးပင်။

သူတို့ဘက်ကတော့ သေချာနေမှာပေါ့လေ။

"မခိုင်နောက်တာနဲ့ စိမ်းရှက်နေပြန်ပါပြီ၊ ကဲ. . . ဘာသီချင်း ခွေဝယ်ချင်လို့လဲ"

"နောက်ဆုံးထွက်တဲ့ မခိုင်ရဲ့အပျိုကြီးမမ စီးရီးထဲက မောင်မောင်လွှမ်းပြေရဲ့သီချင်းရယ်၊ သူ့သီချင်းတွေချည်းသွင်းပေးလို့ ရမလားဟင်"

"ဪ. . . မောင်မောင်လွှမ်းပြေရဲ့ ပရိသတ်လား စိမ်းက၊ သူက အဆိုထက်အရေးအားသန်တယ်"

စိမ်းရင်ထဲအေးခနဲဖြစ်သွားကာ၊ သိချင်လှသောမောင်မောင်လွှမ်းပြေအကြောင်းသိရတော့မည်ဟု အားတတ်ရှင်လန်း သွားမိပါသည်။

"အဲဒီ မောင်မောင်လွှမ်းပြေနဲ့ မမခိုင် သိပ်ခင်သလား ဟင်"

"အဟင်း. . . ဟင်း"

ရှင်ယွန်းခိုင် အသံထွက်ပြီး အားပါးတရရယ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါးချိုင့်ကလေးများခွက်ဝင်သွားအောင် လှပစွာရယ်နေသော ရှင်ယွန်းခိုင်အား စိမ်း ငေးကြည့်နေမိ၏။

"ပေးမှမေးတတ်ပလေ၊ သိပ်ခင်သလားတဲ့ ခင်ရုံမဟုတ်ဘူး တစ်နေ့ စိမ်းနဲ့ဆွေမျိုးတော်ရမှာနော်"

စိမ်းက နားမလည်စွာ တွေဝေစွာဖြင့် ငေးကြည့်နေမိသည်၊

"ဟော. . . ကောင်မလေး ကြောင်သွားပြီ မဟုတ်လား၊ စိမ်းက တစ်နေ့ မခိုင်တို့အိမ်သားဖြစ်ရမှာဆိုတော့၊ ပြီးတော့လေ မခိုင်ကလည်း စိမ်းကို မြင်မြင်ချင်း ညီမအရင်းလို ချစ်မိနေတာ၊ ဘယ်လိုရေစက်မှန်း မသိဘူး. . . မခိုင်နဲ့ မောင်မောင်လွမ်းပြေဆိုတဲ့လူ အကြောင်း ရင်ဖွင့်ချင်နေတာ၊ တိုးတိုးတိုင်ပင်ဖော် ညီမလေး တစ်ယောက်တောင်မရှိတော့ ခက်နေတာ၊ စိမ်းကိုပဲ ပြောရတော့မှာ အဲဒီအကြောင်း မေမေတို့တောင် မသိသေးဘူး၊ မခိုင်နဲ့ မောင်မောင်လွမ်းပြေနဲ့၊ အဲ. . . မောင်မောင်လွမ်းပြေနဲ့ တစ်နေ့ လက်ထပ်ကြတော့မှာ သိလား"

စိမ်း အံ့ဩတုန်ယင်စွာဖြင့် မျက်တောင်မခပ် ရှင်ယွန်းခိုင်အား ငေးကြည့်ရင်းမှ နားထောင်နေသည်။

"အဲဒီအကြောင်းပြောရမှာ ရှက်စရာကြီး၊ မေမေက မခိုင်ကို အိမ်ထောင်ပြုဖို့ ခဏခဏတိုက်တွန်းတယ်၊ စပ်ဟပ်တဲ့လူတွေလည်း အများကြီး၊ မခိုင်ကလေ အိမ်ထောင်ရေး စိတ်မကူးဘူး၊ မောင်မောင်နဲ့တွေ့မှ ဟောဒီအပျိုကြီး ချာန်လျှော့ရတာပဲ. . . စိမ်းရေ"

သူ့အပြောနှင့် သဘောကျနေသော ရှင်ယွန်းခိုင်က





ကြည့်ရင်း စိမ်း၏ နှုတ်ခမ်းများတင်းစေ့၍ ဆွံ့အနေသူလို ဘာမှ မပြောနိုင်ဖြစ်နေတယ်။

ကိုမောင်မောင်လွမ်းပြေက မမခိုင်နှင့် လက်ထပ်တော့မှာတဲ့။

ဒီလောက်ပဲ စိမ်းနားလည်လိုက်သည်။

စိမ်းရင်ထဲက တစ်စုံတစ်ရာ ဆုံးရှုံးလိုက်သလို နင့်ခနဲ ခံစားလိုက်ရပုံကိုဖြင့် ရယ်မောနေသော မခိုင် သိနိုင်မည် မထင်ပါ။

"မေမေတို့ကို ဖွင့်မပြောရသေးတာက သဘောမတူမှာစိုးလို့၊ မေမေက မခိုင်ကို မိုက်တယ်လို့ပြောမှာ၊ ဘယ်နှယ့် တကယ့်ကို ကြီးကြီးမားမား အရာရှိကြီးတွေတောင် ငြင်းခဲ့ပြီးမှ ဒီလိုသီချင်းရေးဆရာကောင်လေးငယ်ငယ်ကျတော့ အရွယ်ချင်းကလည်းကွာခြား၊ ကလေးမုန့်ပေးကြိုက်တယ်လို့ ပြောမလားမသိဘူး၊ စိမ်းကိုမိန်းမသားချင်းမို့ ရင်ဖွင့်တာ၊ စိမ်းကိုမြင်မြင်ချင်း အရမ်းခင်မိတာ၊ ခုလည်း ညီမတော်ရမှာ မဟုတ်လား၊ နေဦး. . . စိမ်းတို့ အချစ်တော်က အသံတင်ကောင်းတာမဟုတ်ဘူး၊ လူကလည်း ချော၊ ဒါကြောင့် အပျိုကြီး ချာန်လျှော့တာ"

ရှင်ယွန်းခိုင်က အံဆွဲထဲမှ ဓာတ်ပုံအယ်လ်ဘန်တစ်ခုကိုထုတ်ပြီး စိမ်းအားပေးလိုက်သည်။

"မောင်မောင်က ဂုဏ်ထူးရာထူးမရှိပေမယ့် မခိုင်နဲ့ဝါသနာတူတယ်လေ၊ မခိုင်အတွက် ဂုဏ်ပကာသနတွေ ဘာလုပ်ဖို့လဲ၊ ငွေကြေးဥစ္စာကလည်း ကိုယ့်မှာပြည့်စုံနေပြီပဲကွယ်၊ အရေးကြီးတာက တစ်ယောက်ကိုတစ်ယောက် နားလည်ဖို့ မချောဘူးလား. . . ကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



စိမ်းမျက်လုံးများပြာဝေသွား၍ ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သွားသလား မှတ်ရသည်။

အသည်းတွေ ရင်တွေဆတ်ဆတ်တုန်၍ ဖျပ်ဖျပ်လူးကုန်ရခြင်းအကြောင်းကား. . .

ခါတ်ပုံတွင်းမှ မိုက်ခရိုဖုန်းကိုကိုင်၍ သီချင်းဆိုနေဟန်ဖြင့် ရိုက်ထားသူမှာ ငယ်မူငယ်သွေးပြောင်းလဲ၍ တသွေးတမွေးဖြစ်နေသော စိမ်း၏ဇင်ချို ဖြစ်နေသောကြောင့်တည်း။

မသိမသာတုန်ယင်နေသော နှုတ်ခမ်းကိုခပ်တင်းတင်းစေ့ပြီး စိမ်းမျက်တောင် တဖျပ်ဖျပ်ခတ်လိုက်မိပါသည်။ ငိုမိမည်စိုးသောကြောင့်ဖြစ်၏။

ရှင်ယွန်းခိုင်ကမူ စိမ်းကိုပင် သတိထားမိဟန်မတူ၊ သူ့အာရုံနှင့်သူ တစ်စုံတစ်ရာကိုတွေးကြည့်၍ ကြည်နူးနေဟန်ရှိပါ၏။

"မောင်မောင်က ဂီတပညာဝါသနာပါရုံသက်သက်၊ ထင်ပေါ်ကျော်ကြားမှုကို မခုံမင်သူ၊ အလုပ်လုပ်တာ စည်းကမ်းရှိတယ်၊ မခိုင်ရဲ့မောင်မောင်မို့ ပြောတာမဟုတ်ဘူး၊ ဂီတနဲ့ ပတ်သက်ရင်အောက်သက်ကြေတယ်၊ ကျွမ်းကျင်တယ်၊ ဒါကြောင့် သီချင်းရေးရင် ကိုယ်ပိုင်သံစဉ်ပဲလုပ်တာပေါ့၊ အခုဆို ဟစ်ဟော့လည်းရေး၊ ရပ်စ်လည်းရေး ဘာရေးရေး ရတယ်"

မခိုင်ရဲ့မောင်မောင်. . . တဲ့။

စိမ်း၏ရင်တွင်းမှ လှုပ်ရှားမှုများကို ကြိုးစားထိန်းချုပ်ရင်းက မခိုင်ကို မကြည့်ဝံ့အောင် သတိထားနေရပါသည်။

အို. . . ကြည့်ပါဦးရှင်။





ဓာတ်ပုံကိုင်ထားသော စိမ်းလက်များက တဆတ်ဆတ်တုန်နေပါလား။

ငယ်စဉ်ကထက် မကွာခြားသော်လည်း တည်ငြိမ်ရင့်ကျက်ဟန်ဖြင့် သူသည်အရင်ကလို လူချောလူလှတစ်ယောက်ပင်ဖြစ်ပါသည်။

"အောင်မြင်တဲ့ အဆိုတော်ဆိုတော့ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာ မဆန်းဘူးပေါ့၊ ဒါပေမယ့် သူဒါတွေကိုရှောင်တယ်၊ မခိုင်နဲ့စတွေ့တုန်းကလည်း အမုန်းနဲ့စခဲ့တာ၊ စိမ်းရေ၊ သူက တစ်ဇွတ်ထိုးသမား၊ ခုတော့လည်း သူမခိုင်ကို နားလည်သွားပြီ"

ရှင်ယွန်းခိုင်၏ ရယ်သံများက စိမ်း၏နားကို သာယာနာပျော်ဖွယ် မချိုစေနိုင်တော့ပါလား။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

"ဟင် . . . မေမေရောက်နေတယ် ဟုတ်လား"

သင်းသင်းနှင့်စကားပြောနေသော မေမေ့ကိုတွေ့လိုက်၍ စိမ်း အံ့သြသွားရပါသည်။

"ဟုတ်တယ် . . . သမီး၊ အဖော်ကောင်းတာနဲ့ မေမေရန်ကုန် လိုက်လာတာ"

"အခုလေးတင်ရောက်တာ စိမ်း"

သင်းသင်းက ဒါပဲပြော၍ထွက်သွားသည်။

"ကြီးကြီးခင် အလှူလုပ်ဖို့ သက်န်းလာဝယ်တယ် သမီးရဲ့၊ ဒါနဲ့ မေမေလိုက်လာတာ၊ အပြန်ကို သူတို့ပဲ လာခေါ်မယ်၊ သမီးဒီနေ့ အားတယ်ဆိုတာလည်း မေမေသိတယ်လေ"

"စိမ်းက မေမေပင်ပန်းမှာစိုးလို့ပါ၊ ရန်ကုန်ကို ခဏခဏ





လာစေချင်ဘူး၊ ရန်ကုန်နဲ့ ပဲခူးကနီးတာ မဟုတ်ဘူး"

"မပင်ပန်းပါဘူး သမီးရယ်၊ အခုသွားရေးလာရေး သိပ် အဆင်ပြေတာ၊ မေမေကလည်း သမီးကို ပြောစရာတွေရှိနေလို့"

မေမေ့ကို စိမ်းအခန်းထဲခေါ်လာပါသည်။

မေမေက ခုတင်ပေါ်မှာထိုင်ရင်း . . .

"မြို့ထဲသွားတယ်ဆို သမီး"

"ဟုတ်တယ် . . . မေမေ၊ စိမ်းပြန်လာတဲ့အထိတောင် စောင့်နိုင်ဘူး၊ ပြောစရာရှိတယ်ဆိုတော့ အရေးကြီးလို့လား"

မေမေကရယ်နေသည်။ ပြီးမှ . . .

"သိပ်အရေးကြီးတာပေါ့၊ မိန်းကလေးများအတွက် ဆိုရိုး စကားတောင်ရှိသေး၊ ကုန်ရှုံးရင်တစ်ခေါက်၊ လင်ကုန်ရှုံးရင် တစ်သက် လုံးမှောက်တဲ့"

"ဒီအကြောင်းများ မေမေရယ် ဟိုနေ့ကပြောပြီးပြီပဲ"

စိတ်ရှုပ်ထွေးစွာဖြင့် စိမ်းပြောလိုက်မိခြင်းပင်။

"သြော် . . . ငါ့သမီးက စိတ်မှမဝင်စားဘဲကိုး၊ သမီးကသာ အေးနေ၊ ဟိုက နားပူလှပြီ၊ မေမေကလည်း ဒီကိစ္စမြန်မြန်ဖြစ်စေချင် တယ်၊ ဒါမှ စိတ်အေးရမှာ"

"ဘယ်လို စိတ်အေးရမှာလဲ"

စိမ်းစကားက တိုတောင်းလွန်းပေသည်။ တကယ်ပဲ စိတ်တို နေ၍ ဤသို့မေးလိုက်ခြင်းဖြစ်၏။

"သမီးဘဝတစ်ခုလုံးအတွက်ပေါ့"

"ဒီလူကိုယူမှ စိတ်ချမ်းသာရမှာလား မေမေရယ်၊ တကယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



စိမ်းဟာ တည်ကြည်ရင့်ကျက်တဲ့အရွယ်ပါနော်၊ ကိုယ့်လမ်းကိုယ်ကျောင်းနိုင်ပါတယ်၊ စိမ်းတို့သားအမိနှစ်ယောက်အတွက်တော့ တစ်သက်လုံးလုံလုံလောက်လောက် စားသောက်နေနိုင်ရင်တော်ပါပြီ"

"ဩော်. . . မိန်းကလေးရယ်၊ ခုထိသဘောမပေါက်သေးပဲကိုး၊ မိန်းမဆိုတာ ဒီလိုပဲတစ်ယောက်တည်း နေလို့တင့်တယ်မလား"

"တကယ်တော့ ဒါရှေးအယူအဆတွေပါ၊ ဆိပ်ကမ်းကျွန်းသောင်ရှိလင့်ကစား ရေမရှိသောမြစ်သည် အချည်းအနှီးတည်း၊ မောင်တစ်ကျိပ်ပင်ရှိလင့်ကစား လင်မရှိသောမိန်းမသည် အချည်းနှီးတည်းဆိုတဲ့စကားတွေနဲ့ စိမ်းကို တိုက်တွန်းဦးမယ်မဟုတ်လား၊ စိမ်းက စိမ်းအတွက်ထက် မေမေ့အတွက် ဦးစားပေးခဲ့ပါတယ်၊ စိမ်းအိမ်ထောင်ပြုမှ စိတ်ချမ်းသာမယ်ဆိုရင်လည်း မေမေပေးစားတဲ့သူကို စိမ်း ယူပါ့မယ်၊ ဒါပေမယ့် စိမ်း ခုချက်ချင်းကြီး မယူချင်းသေးဘူး၊ စိမ်း လွတ်လွတ်လပ်လပ်နေပါရစေဦး မေမေ၊ ဒီလောက်တော့ စိမ်းကို လိုက်လျောပါ မေမေ၊ စိမ်းတောင်းပန်ပါတယ်"

စိမ်းသည် မေမေ့ပေါင်ပေါ်မှာ မျက်နှာအပ်ရင်း ငိုချလိုက်သည်။

မေမေကတော့ စိမ်း ဘာကြောင့်သည်းသည်းထန်ထန်ငိုကြွေးရပါလိမ့်ဆိုတာ နားလည်ရှာမည်မဟုတ်၊ အိမ်ထောင်မပြုချင်သောသမီး၊ ရိုးရိုးသားသား ဝမ်းနည်းငိုရှာသည်ဟု ထင်ကောင်းထင်ပေမည်။

စိမ်းကတော့မူ. . .

ရင်ထဲထိန်းချုပ်ရသောခံစားမှုတွေ ပွင့်အန်ထွက်လာခြင်းအဖြစ်ကို စိမ်းတစ်ယောက်တည်းသာ သိပါသည်။





မျှော်လင့်တကြီးစောင့်စားခဲ့ရသော ငယ်ချစ်ဦး သူ့ကိုတစ်ပါးသူ ပိုင်ဆိုင့်ရတော့မည်ဟူသောအသိ၊ ချစ်ရသူကို ဆုံးရှုံးရမည်ဟူသောအသိ။

မချစ်မနှစ်သက်သောသူနှင့် ပေါင်းသင်းရတော့မည်ဟူသောအဖြစ်ကို တပြိုင်နက်တည်း ခံစားရသော စိမ်းဘယ်မှာ မငိုဘဲရှိနိုင်ပါ့မလဲ။

ကိုယ်ချင်းစာခံစားမိသူတိုင်း မျက်ရည်ဝိုင်း၍ သောကတောမှာမောအောင်ငိုရှိုက်မိကြမည်သာပင်။

❈ ❈ ❈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

"စိမ်း"

"ရှင်"

ဆေးရုံမှအဆောင်သို့ပြန်အလာ နောက်မှနေ၍ ခေါ်လိုက်သံကြောင့်လှည့်ကြည့်မိသည်။

သည်အသံကြားကတည်းက ကိုနိုင်ပဲဖြစ်မည်ဆိုတာသိသည်။

ကိုနိုင် စိမ်းနှင့်ယှဉ်၍ ရပ်လိုက်ပါသည်။

"စိမ်းကို စောင့်နေတာ"

"ဟုတ်ကဲ့၊ လာလေ. . . အဆောင်ထဲဝင်ပါဦး"

"ကိုယ်နဲ့ လိုက်ခဲ့ပါလား စိမ်း၊ ပြောစရာရှိလို့"

သူဘာပြောမည်ကို စိမ်းသိပြီးပြီပဲ။

ကိုနိုင်က တောင်းတောင်းပန်ပန်အကြည့်ဖြင့် ဖိတ်ခေါ်သလို





ဖြစ်နေပါသည်။

စိမ်းရင်ထဲမှာ ချိတုံချတုံနှင့် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေပါသည်။

ငြင်းပယ်လိုက်ရင် ရိုင်းရာကျမလား။

သူနှင့်အတူလည်း မလိုက်ချင်ပါ။

ကိုယ်စိတ်ချမ်းသာသလို ထင်ရာမလုပ်နိုင်သောဘဝကိုဖြင့် စိတ်ပျက်မိပါသည်။

"စိမ်း ပင်ပန်းလို့ ဘယ်ကိုမှမသွားချင်ဘူးရှင်၊ ဒီမှာပဲ ပြောပါတော့နော်"

စိမ်း၏ နွမ်းနယ်ပင်ပန်းပုံရသောမျက်နှာကို ဂရုဏာသက်စွာကြည့်ရင်း. . .

"ဟုတ်ပါတယ်. . . စိမ်းပင်ပန်းနေမှာပါ၊ ဒါဖြင့်လည်း စိမ်း ဘယ်နေ့အားလဲ ဟင်"

ခက်ပါပြီ။

ဒီလူကို စိမ်းရှောင်လို့မရတော့ပါ။ ပြီးတော့ သူ့ကို ပစ်ပစ်ခါခါကြီးဆက်ဆံလို့က မကောင်းတတ်မှန်းလည်းသိနေသဖြင့်. . .

"ကိုနိုင်ပြောချင်တာ၊ အခုအဆောင်မှာ လိုက်ပြောလေ၊ စိမ်းနားထောင်ပါ့မယ်"

"မဟုတ်ဘူးလေ စိမ်း၊ အခုပင်ပန်းနေတော့ ကိုယ့်အတွက် သက်သက်အချိန်ပေးရသလိုဖြစ်နေပြီ၊ တနင်္ဂနွေမှာ ကိုယ်စိမ်းကို လာခေါ်ပါရစေ"

"တနင်္ဂနွေ စိမ်း ပဲခူးပြန်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူ တွေဝေသွားပါသည်။

"ဘယ်အချိန်ပြန်လဲ၊ ကိုယ်ပဲခူးကိုလိုက်ပို့ပေးမယ်လေ"

"နေပါစေ၊ စိမ်းဘာသာပြန်ပါ့မယ်"

ကိုနိုင် သက်ပြင်းတစ်ချက်ရှိုက်ရင်း မချင့်မရဲပြုံးလိုက်ပါသည်။

"စိမ်းသဘောပါပဲဗျာ၊ စိမ်းရဲ့ဆန္ဒကို ကိုယ်မလွန်ဆန်နိုင်ပါဘူး၊ သွားမယ်နော် စိမ်း၊ ဪ. . . ဒီမှာ မခိုင်ကကက်ဆက်ခွေပေးလိုက်တယ်"

သူ့လက်ထဲမှကက်ဆက်ခွေကို လှမ်းယူရင်း စိမ်းသူ့ကိုမျက်လွှာပင့်၍ ကြည့်လိုက်ပါသည်။

"ကျေးဇူးတင်ပါတယ် ကိုနိုင်"

ကိုနိုင် စိမ်းကို ရွှန်းရွှန်းဝင့်ဝင့် တစ်ချက်စိုက်ကြည့်ပြီး လှည့်ထွက်သွားပါသည်။

သူ့အပေါ်စိမ်းဆက်ဆံပုံများ တင်းမားလွန်းရာရောက်လေသလားဟုတွေးရင်း စိမ်း အဆောင်ထဲသို့ ဝင်ခဲ့ပါသည်။

လက်ထဲမှ ကက်ဆက်ခွေကို အမှတ်မထင်ငုံ့ကြည့်လိုက်သောအခါ. . .

"မောင်မောင်လွမ်းပြေ"ဟူသော ရွှေစာလုံးလေးကို ထင်ထင်ရှားရှားမြင်လိုက်ရပါသည်။

"မောင်မောင်လွမ်းပြေ". . . တဲ့။

ထင်ပေါ်ကျော်ကြားအောင်မြင်လှပါသော ဂီတစာဆိုတစ်ဦးပေါ့နော်. . .





တစ်ချိန်က စိမ်းချစ်ရပါသော ဇင်ချို့ကိုဖြင့် စိမ်းရင်ထဲမှာ ခုထိ စိုးမိုးနေတုန်းပင်။

သူကတော့ မောင်မောင်လွမ်းပြေဟူသော နာမည်တစ်လုံးနှင့်ဘဝသစ်၊ စိတ်သစ်၊ လူသစ်. . . အချစ်သစ်နှင့် ပျော်နေနိုင်ရှာပြီးကိုး။

ဝေ့ဝဲသောမျက်ရည်များကို လက်ခုံဖြင့်သုတ်လိုက်မိသော်လည်း အသံမထွက်အောင်ရှိုက်နေမိပါသည်။

သူနှင့်ပတ်သက်၍ စိမ်းခံစားရလွန်းပါသည်။

သူ့အပေါ်ထားသော စိမ်း၏အချစ်ကား နှစ်တစ်ရာတိုင်ပစ်မခွာနိုင်ပါဆိုသော အချစ်စစ်မှန်ပင်ဖြစ်ပါသတည်း။

ထိုကြောင့်လည်း သည်နေ့သည်အချိန်ထိ သူ့ကိုစိမ်းမေ့နိုင်စွမ်းမရှိ။

သူ့အတွက် ရင်မှာတသက်သက်နှင့် လွမ်းဆွတ်တသမောနေရသူ ဖြစ်ပါသည်။

ခုတော့ ခဲလေသမျှ သဲရေကျကိန်းနှင့် ကြုံနေမှတော့ မိစိမ်းတစ်ယောက် ငိုရုံကလွဲပြီး ဘာများတတ်နိုင်ပါမည်နည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

တနင်္ဂနွေနေ့မို့ ထုံးစံအတိုင်း ပဲခူးသို့ပြန်ခဲ့ပါသည်။

မေမေကလည်း သမီးအလာကို တမျှော်မျှော်နှင့်ရှိချေတော့မည်လို့ စိမ်းတွေးမိပါသည်။

စိမ်း၏မိခင်သည် စိမ်းအတွက်တစ်သက်ပတ်လုံး မြတ်နိုးတွယ်တာနေရသူတစ်ဦးပါ။

ဖေဖေ မရှိပြီးသည့်နောက် ချို့ချို့ငဲ့ငဲ့ကလေး နေရရှာသော မေမေ့ကို စိမ်း သနားလို့မဆုံး ဖြစ်နေရပါသည်။

ဖေဖေရှိတုန်းကလို သွက်လက်လှုပ်ရှားဟန်များဖြင့် အမြဲပျော်ရွှင်ပြုံးပန်းဝေနေသော မေမေ့ကို စိမ်းမြင်ချင်လှပါသည်။

အားကိုးရသော ခင်ပွန်းသည်လည်းမရှိ။

ရှိသမျှပစ္စည်းများလည်း ချွတ်ခြုံကျနှင့် စိတ်အားငယ်နေမည့်





မေမေ့အဖြစ်ကို စာနာလွန်း၍ စိမ်း မေမေ့အလိုဆန္ဒကို ဘယ်အခါမှ မငြင်းပယ်ဟု ဆုံးဖြတ်သမှုပြုထားပါသည်။

ခုတော့ဖြင့်. . .

မေမေစိတ်ချမ်းသာဖို့ စိမ်း၏အသက်ကို စတေးရတော့မလိုဖြစ်နေသည်ဟု တင်စားချင်ပါသည်။

"မေမေ. . . ဒီနေ့ ငါးသလောက်ဥတွေ ကြော်ထားတယ်၊ သမီးလေးအကြိုက် မုန့်ဆန်းလည်း လုပ်ထားတယ်၊ ဩော်. . . သမီးလေးကြည့်ရတာ နည်းနည်းပိန်သွားသလားလို့၊ အလုပ်က သိပ်ပင်ပန်းသလားဟင်"

စိမ်းအား စေ့စေ့ကြည့်ရင်း ပြောနေခြင်းဖြစ်သည်။

ဘာရယ်မဟုတ် စိမ်းရင်ထဲ ဝမ်းနည်းမိလာကာ မေမေ့ရင်ခွင်ထဲ တိုး၍ဖက်ထားမိ၏။

"သမီးဟာ အခုထိ ကလေးဆန်တုန်း. . . ဟိုနေ့ကလည်း မခိုင်က စိမ်းအကြောင်းပြောပြီး ရယ်နေတယ်၊ စိမ်းက ကိုနိုင်နဲ့ ပေးစားမယ်ဆိုလို့ ငိုကယ်ဆိုပြီး မေမေ့ကို မေးနေတယ်"

"မေမေ ဘယ် ဘုန်းက ရောက်တာလဲ"

"သမီးဆီကအပြန် ခဏဝင်လာတာပါ၊ ကြီးကြီးခင်ရဲ့ အလှူလည်း ဖိတ်ရင်းနဲ့. . ."

"အလှူက ဘယ်တော့လဲ. . ."

"ရှေ့အပတ်ထဲမှာ သမီးရဲ့. . ."

စိမ်း လက်မှနာရီကို ငုံ့ကြည့်လိုက်ပြီး. . .

"သမီး ရေချိုးချင်တယ် မေမေ၊ ပြီးရင် ထမင်းစားမယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

တနင်္ဂနွေနေ့မှ ထုံးစံအတိုင်း ပဲခူးသို့ပြန်ခဲ့ပါသည်။

မေမေကလည်း သမီးအလာကို တမျှော်မျှော်နှင့်ရှိချေတော့မည်လို့ စိမ်းတွေးမိပါသည်။

စိမ်း၏မိခင်သည် စိမ်းအတွက်တစ်သက်ပတ်လုံး မြတ်နိုးတွယ်တာနေရသူတစ်ဦးပါ။

ဖေဖေ မရှိပြီးသည့်နောက် ချို့ချို့ငဲ့ငဲ့ကလေး နေရရှာသော မေမေ့ကို စိမ်း သနားလို့မဆုံး ဖြစ်နေရပါသည်။

ဖေဖေရှိတုန်းကလို သွက်လက်လှုပ်ရှားဟန်များဖြင့် အမြဲပျော်ရွှင်ပြုံးပန်းဝေနေသော မေမေ့ကို စိမ်းမြင်ချင်လှပါသည်။

အားကိုးရသော ခင်ပွန်းသည်လည်းမရှိ။

ရှိသမျှပစ္စည်းများလည်း ချွတ်ခြုံကျနှင့် စိတ်အားငယ်နေမည့်





မေမေ့အဖြစ်ကို စာနာလွန်း၍ စိမ်း မေမေ့အလိုဆန္ဒကို ဘယ်အခါမှ မငြင်းပယ်ဟု ဆုံးဖြတ်သမှုပြုထားပါသည်။

ခုတော့ဖြင့်. . .

မေမေစိတ်ချမ်းသာဖို့ စိမ်း၏အသက်ကို စတေးရတော့မလိုဖြစ်နေသည်ဟု တင်စားချင်ပါသည်။

"မေမေ. . . ဒီနေ့ ငါးသလောက်ဥတွေ ကြော်ထားတယ်၊ သမီးလေးအကြိုက် မုန့်ဆန်းလည်း လုပ်ထားတယ်၊ ဩော်. . . သမီးလေးကြည့်ရတာ နည်းနည်းပိန်သွားသလားလို့၊ အလုပ်က သိပ်ပင်ပန်းသလားဟင်"

စိမ်းအား စေ့စေ့ကြည့်ရင်း ပြောနေခြင်းဖြစ်သည်။

ဘာရယ်မဟုတ် စိမ်းရင်ထဲ ဝမ်းနည်းမိလာကာ မေမေ့ရင်ခွင်ထဲ တိုး၍ဖက်ထားမိ၏။

"သမီးဟာ အခုထိ ကလေးဆန်တုန်း. . . ဟိုနေ့ကလည်း မခိုင်က စိမ်းအကြောင်းပြောပြီး ရယ်နေတယ်၊ စိမ်းက ကိုနိုင်နဲ့ ပေးစားမယ်ဆိုလို့ ငိုတယ်ဆိုပြီး မေမေ့ကို မေးနေတယ်"

"မေမေ ဘယ်တုန်းက ရောက်တာလဲ"

"သမီးဆီကအပြန် ခဏဝင်လာတာပါ၊ ကြီးကြီးခင်ရဲ့ အလှူလည်း ဖိတ်ရင်းနဲ့. . ."

"အလှူက ဘယ်တော့လဲ. . ."

"ရှေ့အပတ်ထဲမှာ သမီးရဲ့. . ."

စိမ်း လက်မှနာရီကို ငုံ့ကြည့်လိုက်ပြီး. . .

"သမီး ရေချိုးချင်တယ် မေမေ၊ ပြီးရင် ထမင်းစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အေး. . . ဟုတ်ပြီ၊ မေမေ ဟင်းနွှေးလိုက်ဦးမယ်"

စိမ်း မေမေ့အနားမှ ထလာခဲ့ပါသည်။

လေးလံသော ခြေလှမ်းများဖြင့် အခန်းထဲဝင်လာရင်းက ဖေဖေရယ်၊ မေမေရယ်၊ စိမ်းရယ် မိသားစုသုံးဦး တပျော်တပါးနေလာကြသည့်အဖြစ်ကို သတိရမိပါသည်။

ယခုတော့ အမေရယ်၊ သမီးရယ် နှစ်ယောက်တည်း။

ပျင်းခြောက်ခြောက်နှင့် ငြီးငွေ့စဖွယ်. . .

အကယ်၍ စိမ်း ရန်ကုန်မှာရှိနေသောအခါ မေမေတစ်ယောက်တည်း ဒီအိမ်ကြီးမှာ ဘယ်လိုလုပ်ပြီးနေပါသနည်းလို့ တွေးမိပြန်တော့ မေမေ့အား သနားသောစိတ်ဖြင့် စိမ်း ငိုချင်လာပါသည်။

ဆက်မတွေးချင်တော့ပါ။ ခုတလောလွမ်းဆွေးဝမ်းနည်းစဖွယ်အကြောင်းတွေချည်း စိမ်းရင်ထဲမှာ တွေးမိနေသည်ကိုပင် အံ့သြရပါသည်။

စိမ်း ပင်ပန်းတော့ လူကလည်း နွမ်းလာသည်။ မလှုပ်ချင်၊ မရှားချင်နှင့် ဘာကိုမှ စိတ်မပါသလိုလိုပါလား။

ရေချိုးပြီး သနပ်ခါးသွေးနေစဉ် အိမ်ရှေ့မှာ လူသံများကြားလိုက်ရပါသည်။

"စိမ်း ရောက်နေပြီ ကိုနိုင်၊ ဒီလိုမှန်းသိ ကိုနိုင့်ကားနဲ့ စိမ်းကို ခေါ်ခဲ့ရောပေါ့"

"ခေါ်ပါတယ်. . . ဒေါ်ဒေါ်၊ စိမ်းက သူ့ဘာသာသူ သွား





မယ်ဆိုလို့. . ."

"သြော်. . . ဒါဖြင့် အေးအေးဆေးဆေးမှပြန်၊ အခုဒေါ်ဒေါ် ထမင်းပြင်နေတာကွယ့်၊ စိမ်းတော့ အထဲမှာရေချိုးပြီးလို့ သနပ်ခါးလိမ်းနေတယ်ထင်ရဲ့"

ပဲခူးထိအောင်လိုက်လာသော ကိုနိုင့်ကို စိမ်း ငြိုငြင်မိပါသည်။

တစ်ဖက်သားရဲ့ဆန္ဒက ဘယ်လိုဆိုတာမသိ။ သူတို့ ဖြစ်ချင်တာတစ်ခုတည်းကြည့်ပြီး လူကို အတင်းလိုက်နှောင့်ယှက်ရန်ကောဟုမကျေမနပ် တွေးလိုက်ပါ၏။

"ကျွန်တော် စိမ်းပြန်တော့မှပြန်မယ် ဒေါ်ဒေါ်"

"ဒါပေါ့. . . တစ်လက်စတည်း အတူပြန်တော့ ကောင်းတာပေါ့၊ သားကို ဒေါ်ဒေါ်ပြောရဦးမယ်၊ စိမ်းက ကလေးစိတ်မပျောက်တပျောက်နှင့် အိမ်ထောင်သားမွေးကိစ္စကိုလည်း စိတ်ဝင်စားတာမဟုတ်ဘူး. . . ဒါကြောင့် စိမ်းနဲ့ပတ်သက်ပြီး မကျေမနပ်များရှိရင် အပြစ်မယူဘို့ တောင်းပန်ပါတယ် သားရယ်. . ."

အို. . . ဘာဆိုင်လဲ. . . လို့ စိမ်းရင်ထဲပြောပြီး ဒေါသဖြစ်နေရပါသည်။

မေမေ့ကိုလား၊ ကိုနိုင့်ကိုလား စိမ်းကိုစိမ်းပဲ ဒေါသဖြစ်ရတာလားတော့ သေချာမသိ။

မေမေကလည်းနော် သမီးရှင်ဖြစ်ပြီး ဟိုဘက်ကို အောက်ကျနောက်ကျခံ တောင်းပန်မနေစမ်းပါနဲ့လို့ တစ်ယောက်တည်း ပြောနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နားလည်ပါတယ် ဒေါ်ဒေါ်. . . စိမ်းကို မကျေနပ်စရာအကြောင်း ဘာမှမရှိဘူး၊ စိမ်းလောက် ရိုးသား အေးဆေးတဲ့ မိန်းကလေးကို ကျွန်တော် ဘာလို့မကျေနပ်ရမှာလဲ"

"သားနဲ့တွေ့တာ စိမ်းကုသိုလ်ကောင်းပါတယ်"

အမယ်. . . သားတဲ့. . .။

တို့မေမေကလေ. . . မတော်ရသေးတဲ့သမက်လောင်းကို သားတဲ့။

ဪ. . . မေမေ. . . မေမေ. . . ကိုနိုင့်ကို သိပ်သဘောကျနေရှာတာကိုးလို့တွေးပြီး ကရုဏာသက်မိရပြန်သည်။

ပစ္စည်းဥစ္စာပေါကြွယ်တဲ့ လူတန်းစားထဲက စိန်မရှား၊ ငွေမရှား အလွန်ပင်များပါတဲ့ ဒေါ်မမခင်ရဲ့သားမို့ စိမ်းနဲ့ သိပ်ကိုရစေချင်တာနေမှာ. . .။

အဲဒါဟာ မေမေ့ရဲ့ သမီးပေါ်ထားတဲ့စေတနာလို့တွေးပြီး မျက်လုံးအိမ်ထဲကလျှံထွက်လို့ ပါးပြင်ပေါ်စီးကျလာတဲ့ မျက်ရည်စနဲ့ရောပြီး သနပ်ခါးလိမ်းလိုက်ရပါသည်။

"စိမ်းရေ. . . သမီးလေး. . . ဟောဒီမှာ ကိုနိုင်ရောက်နေတယ်၊ မြန်မြန်လုပ်ကွယ်၊ ခများ စောင့်ရတာ အားနာစရာကြီး"

မေမေ့အသံ ပေါ်လာပြန်ပါသည်။

စိမ်း ဘာမှမဖြေတော့ဘဲ သွက်လက်စွာ သနပ်ခါးလိမ်းတဲ့ စခန်းသိမ်းလိုက်ပါသည်။

ရှိသားနှင့်ချုပ်ထားသော ဘလောက်စ်အင်္ကျီ ဖားဖားလေးကို ပါတိတ်ထဘီတစ်ပတ်နွမ်းကိုဝတ်၍ အပြင်သို့ထွက်လာခဲ့ပါသည်။





"အတော်ပဲ သမီးရေ. . . ကိုနိုင့်ကို ထမင်းကျွေးလိုက်ပါ၊ ထမင်းပြင်ထားပြီးပြီ၊ ဟောဒီမှာ မမခင်က ကြီးကြီးခင်အလှူ အတွက် မှာထားတဲ့ပစ္စည်းတွေ ပေးလိုက်လို့ မေမေသွားပို့ဦးမယ်"

"ထမင်းစားပြီးမှသွားပါလား. . . မေမေ"

"ခုသွားလိုက်ချင် သမီး. . . နို့မို့ ကြီးကြီးခင်က သူမှာတဲ့ ပစ္စည်းတွေ အချိန်မီရပါ့မလားလို့ စိတ်ပူနေမှာ"

ပြောပြောဆိုဆို ဒေါ်မြအေးက ကိုနိုင် ယူလာသောပစ္စည်းများယူ၍ ထွက်သွားပါသည်။

ဒါ ဘာလုပ်တာလဲ၊ မေမေ တမင်ရှောင်ပေးဟာ သိသာလိုက်တာလို့ ပြောလိုက်ချင်ပါသည်။

ဒါပေမယ့် စိမ်းက သူတို့ကြိုးဆွဲရာ က,ရမည့် မင်းသမီး မဟုတ်လား။

ဘာများပြောနိုင်မှာလဲ။

ပြောလည်း မပြောရက်ပါဘူး မေမေရယ်. . .။

မေမေ စိတ်ချမ်းသာတယ်ဆိုရင် ပြီးရောပေါ့။

"ကိုနိုင် ပဲခူးကို လာမယ်မှန်းမသိလို့၊ စိမ်းနဲ့တွေ့တုန်းက ပြောပါတော့လား"

"ဪ. . . ကိုယ်လည်း မသိဘူး စိမ်းရယ်"

"ကဲ. . . လာ. . . ထမင်းစားကြရအောင်၊ မေမေပြင်ထားပြီးပြီတဲ့"

စိမ်းက သူ့ကို ခေါ်သွား၏။

"မှန်တာပြောရရင် ကိုယ်က ပဲခူးကို အကြောင်းရှာပြီး လာရ



www.burmeseclassic.com

www.burmeseclassic.com



တာပါ စိမ်းရယ်၊ ကိုယ်လေ စိမ်းနဲ့ သိပ်တွေ့ချင်တယ်၊ ပြီးတော့ စကားတွေလည်း အများကြီးပြောချင်တယ်"

စိမ်း သူ့ကို ဘာမှပြန်မပြောမိပါ။ သူ့အတွက် ထမင်းထည့်ပေး၊ ဟင်းထည့်ပေးနှင့် အလုပ်ရှုပ်နေမိပါသည်။

"စားလေ. . . ကိုနိုင်၊ ရော့. . . ဒီမှာ လက်ဆေး"

သူ့အတွက် လက်ဆေးဇလုံ ရှေ့သို့ထိုးပေးလိုက်၏။

"ဒေါ်ဒေါ်က သိပ်သဘောကောင်းတာပဲနော်၊ဟဲ. . . ဟဲ. . ."

သဘောကောင်းမှာပေါ့၊ သူနှင့်နှစ်ယောက်တည်း ကျန်ခဲ့အောင် အလိုက်တသိ ထွက်သွားပေးတာကိုး။

"ကိုယ်ကလေ ခုလို မျက်စိပြန်ကောင်းလာတာကိုတော်သိပ်မကြိုက်ချင်ဘူး"

"ဘာဖြစ်လို့လဲ. . ."

"ဩော်. . . နို့မို့ စိမ်းနဲ့ နီးနီးကပ်ကပ်နေရပြီး စိမ်းရဲ့ အပြုအစုတွေခံလို့ သိပ်ပျော်စရာကောင်းတာ"

နောက်လည်း ရှင့်ကို တစ်သက်လုံး ပြုစုသွားရမယ့် စိမ်းပါ။ ကျေနပ်ပါတော့ရှင်လို့ စိမ်းရင်ထဲ ပြောလိုက်မိပါသည်။

"ကိုယ့်ကို မေမေနဲ့ မခိုင်က အဖြစ်သည်းတဲ့ကောင်တဲ့. . . အမှန်က အချစ်သည်းတာပါဗျာ၊ နော်. . . စိမ်း. . . စိမ်းကတော့ ကိုယ့်ကိုမကြည်ပါဘူး သိပါတယ်၊ ဒါကြောင့် နှုတ်ခမ်းစူပြီး ထားတာ မဟုတ်လား"

ဟောတော့. . .။





စိမ်း ကပျာကယာ မျက်နှာထားကို ပြင်လိုက်ပါသည်။

ဇင်ချိုက တေမိမင်းသမီး,စိမ်းကို အားမလိုအားမရဖြစ်လာသည် ထင်၏။ ထမင်းစားပွဲပေါ် တင်ထားသော စိမ်း၏လက်တစ်ဖက်ကို သူ့လက်ဖဝါးတစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်ပါသည်။

ဒီတစ်ခါတော့ စိမ်း သူ့ကို တစ်ခုခုပြန်ပြောမှ ဖြစ်ပေတော့သည်။

"စိမ်း. . . ပြောပါရစေရှင်"

"ပြောပါ စိမ်း. . . စိမ်း. . . ပြောတာတွေသိပ်နားထောင်ချင်ပါတယ်"

"ဟိုလေ. . . စိမ်း ပြောမှာက စိမ်းကို မေမေက ကိုနိုင်နဲ့ လက်ထပ်ပေးချင်တယ်လို့ ပြောပါတယ်၊ စိမ်း မေမေ့စကားနားထောင်မယ်လို့ ပြောထားပါတယ်၊ ဒါပေမယ့် စိမ်းက ကိုနိုင့်ကို ချစ်သလား၊ မချစ်ဘူးလားဆိုတဲ့ မေးခွန်းတော့မမေးပါနဲ့လို့ တောင်းပန်ပါရစေလား"

"ဩော်. . . စိမ်းကလဲဗျာ၊ အပြတ်ပြောလိုက်တာကိုး၊ ဒါပေါ့လေ ဒီက သိပ်ချစ်ရတဲ့လူဆိုတော့ စိမ်းကို လိုက်လျောရမှာပေါ့၊ ကိုယ်မြတ်နိုးတဲ့စိမ်းကို ပိုင်ဆိုင်ခွင့်ရတယ်ဆိုတာ ကိုယ့်အတွက် ပျော်စရာ တစ်ခုပါ၊ မေတ္တာဆိုတာ ရောင်ပြန်ဟပ်ပါတယ်လေ"

ကိုနိုင် ဝမ်းသာကြည်နူးစွာပြောရင်း စိမ်း၏မျက်နှာကို စိုက်ကြည့်နေသည်။

စိမ်းက သူ့ကို မကြည့်ရဲ၊ အရှက်သည်းစွာဖြင့် မျက်လွှာလေး ချထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းက ချက်ချင်းလက်မထပ်ချင်သေးဘူးဆိုရင် စေ့စပ်ပွဲလေး လုပ်ထားမလား"

"အို. . . ဒါတွေ မလိုပါဘူးရှင်၊ စိမ်းက, ကတိတည်ပါတယ်"

"စိမ်းကို စိတ်မချလို့ မဟုတ်ဘူး"

"ရှင့်ကိုရှင် စိတ်မချလို့လား. . ."

"ဟာ. . . မဟုတ်တာ စိမ်းကလဲ. . . ကိုယ့်ကိုယ်ကို သာယုံကြည်သေး၊ စိမ်းကလွဲပြီး ဘယ်သူ့ကိုမှ ကိုယ်မယူနိုင်ပါဘူး. . . ဒါတော့စိတ်ချ"

စိမ်းစကား စိမ်းရယ်ချင်သလိုဖြစ်သွားမိ၏။

ဘာကြောင့်မှန်းမသိ၊ သူ့ကို ရန်လိုသည့်စကားတွေသာ ပြောနေမိပါသည်။

"အများလည်းသိအောင်၊ ကိုယ်တို့ချင်း တရင်းတနှီးနေတဲ့ အခါ တင့်တယ်အောင် စေ့စပ်ထားချင်တာပါ၊ ရွှေ့လထဲမှာ မေမေ့ မွေးနေ့ရှိတယ်၊ နှစ်တိုင်း ကျွေးမွေးနေကျလေ၊ အဲဒီအခါကျရင် စိမ်း နဲ့ကိုယ် စေ့စပ်ဖို့ တစ်ခါတည်းစီစဉ်လိုက်မလို့. . ."

စိမ်း မျက်လုံးများ. ဝိုင်းသွားရ၏။

ဒီလောက် မြန်မြန်ဆန်ဆန် သူစီစဉ်ချင်တာလား။

"ကဲပါလေ. . . မေမေနဲ့ တိုင်ပင်ပါဦးရှင်၊ ဒါတွေ နောက် တော့ပြောကြတာပေါ့၊ ထမင်းစားပါဦး၊ စကားတွေများနေတာနဲ့ ထမင်းတောင် ဘယ်ရောက်သွားမှန်းမသိဘူး"

ကိုလေအိုးကို ထမင်းစားခိုင်းရပါသည်။

သူမည်မျှ ပျော်နေသည်မသိ။ စိမ်းမျက်နှာကို ပြုံးစိစိလုပ်၍





ကြည့်ကာ ထမင်းစားနေပါသည်။

ယောကျ်ားများဟာ ဒီလိုပါပဲ၊ အဖြစ်သည်း၊ အချစ်သည်း ချင်လည်း သူတို့အပြင်မရှိဘူး။

တွယ်တာပြီးဆဲ သံယောဇဉ်တွေ ဖြတ်ရမှာလည်း တိခနဲ ဖြတ်နိုင်တာ သူတို့ပေါ့။ သစ်စိမ်းချိုး ချိုးတဲ့အလုပ်မျိုး သူတို့ယောကျ်ား များပဲ လုပ်ရက်ကြတာပါရှင်။

ဒီတစ်ပတ် ပဲခူးပြန်ရတာ စိမ်းအတွက် သက်သက်ဂြိုဟ်ဝင် တာပဲလို့ တွေးမိပါသည်။

တစ်နေ့လုံး ဇင်ချိုအနားမှာရှိနေတော့ စိတ်လွတ်ကိုယ်လွတ် ဘယ်မှာနေထိုင်ခွင့်ရပါတော့မလဲ။

စိမ်း၏ မေမေကတော့ မတော်ရသေးသည့် ချွေသမက်ကို ဖူးဖူးမှုတ်လို့။

တစ်ခုပြီးတစ်ခု စီမံကျွေးမွေးလို့။

သူတို့ချင်း ကျေနပ်နေကြတာကိုကြည့်ပြီး စိမ်း စိတ်ညစ်တာ ကလွဲပြီး ဘာများတတ်နိုင်မှာလဲ။

❉ ❉ ❉



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၉)

မဖြစ်ချင်တာလည်း ဖြစ်ရ။

ဖြစ်ချင်တာလည်း မဖြစ်ရ။

လူ့ဘ၀ လောကကြီးတွင် အရာခပ်သိမ်း ပြီးပြည့်စုံအောင် မဖန်တီးနိုင်၍ နေသလိုဖြစ်ကြရသောသူများသည် ဖြစ်သလိုနေခဲ့ကြရပါသည်။

စိမ်းကိုပင်ကြည့်။

ဖြစ်စေချင်တာက တစ်မျိုး။

ဖြစ်လာတာက တစ်မျိုး။

စိတ်တိုင်းကျဖြစ်မလာတဲ့ဘ၀ကြီးကို သံဝေဂရပါဘိလို့ အော်ဟစ်လိုက်ချင်ပါသော်လည်း တကယ်တမ်းလက်တွေ့တွင်မူ စိမ်းသည် အလွန်ပျော်ရွှင်နေသော မိန်းကလေးတစ်ယောက်လို အလှအပ





တွေ့ မွှန်းမံချယ်သ၍ ပျော်ရွှင်ဟန်ဆောင်နေရပေသည်။

စိမ်း၏ အပေါ်ယံဟန်ဆောင်ပြုံးကိုကြည့်၍ အများက ပစ္စည်းဥစ္စာပညာပြည့်စုံ ပေါကြွယ်ဝသူ၊ ရုပ်လည်းချောသူ ကိုနိုင်နှင့် စေ့စပ်ခြင်းအမှုကိုပြု၍ ကံကောင်းလေစွဟူသော ပီတိဖြင့် ကြည်နူးနေသည်လို့ ထင်ကောင်းထင်မည်။

ဟန်ဆောင်ပြုံး၏ ကန့်လန့်ကာ လှန်လျှောကြည့်ပါမှ နောက်ကွယ်တွင် သေချင်လောက်အောင် ရှုပ်ထွေးစွာ ခံစားရသောအဖြစ်ကို သိကြပါလိမ့်မည်။

"အလှပဆုံး ပြင်ပေးပါနော်. . . မာမီ"

ရှင်ယွန်းခိုင်က မိတ်ကပ် ဆံပင်အလှဖန်တီးရှင်အား သေချာမှာကြားနေသည်။

"စိတ်ချ. . . အလှဆုံးဖြစ်ရမယ် မခိုင်"

ရဲရဲကြီး အာမခံ၍ ပြင်ဆင်ပေးပါသည်။ ကျွမ်းကျင်သော အလှပြုပြင်မှုကြောင့် ထူးထူးခြားခြားလှသည်ဟု အများက ဆိုကြသော်လည်း စိမ်းကတော့သိပ်ပြီး ပျော်ရွှင်ခြင်းမဖြစ်မိ။

ရှင်ယွန်းခိုင်ကိုယ်တိုင် စီမံဝယ်ယူအပ်နှံပေးသော အဝတ်အစားများကိုလည်း စိတ်မပါ့တပါနှင့် ဝတ်လိုက်ရပါသည်။

နဂိုထက် များစွာပြောင်းလဲထူးခြားသည်လို့တော့ ထင်မိပါသည်။

"ကိုနိုင်က မခိုင့်ကို တာဝန်ပေးထားတာနော် စိမ်းရဲ့. . . ကိုဆန်ဆန်နဲ့ လှလှကလေးတဲ့၊ တကယ်လက်ထပ်တော့ မြန်မာဆန်ဆန်ဖြစ်ရမယ်တဲ့၊ သူကလည်း ကိုဖိုးသည်း စိမ်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



စိမ်း ဘာမှမပြောလို့တော့ပါ။

စိမ်း မေမေကတော့ သမီးဖြစ်သူ မျက်နှာကိုကြည့်ရင်း ကျေနပ်လို့သာ နေပါတော့သည်၊

ရှင်ယွန်းခိုင်၏ အခန်းထဲမှာပဲ စိမ်းကို ပြင်ဆင်နေခြင်းဖြစ်၏။

အောက်ထပ်မှ လူသံများ၊ ခုံရွှေ့သံများ၊ နေရာထိုင်ခင်း ပြင်ဆင်ခြင်းများ ပြုလုပ်နေသံများ ကြားနေရပါသည်။

စိမ်း ကိုပြင်ပေးပြီး ရှင်ယွန်းခိုင်အားပြင်နေစဉ် စိမ်းက ပြတင်းပေါက်မှနေ၍ ခြံထဲသို့ အမှတ်မထင်ကြည့်လိုက်မိပါသည်။

"အို... ဟင်..."

ဟု စိမ်း နှုတ်ဖျားကရေရွတ်လိုက်မိသလို အလွန်အမင်း အံ့သြတုန်လှုပ်ခြင်း ဖြစ်သွားရပါသည်၊

ခြံထဲမှာ ရောင်စုံမီးလုံးများ တပ်ဆင်ပြီးဖြစ်ပါသည်၊

ဒါကတော့ စိမ်း အတွက်မဆန်းပါ၊

ထိုင်ခုံများ အစီအရီခင်းထားပုံ၊ ပန်းကန့်ခွက်ယောက်များ အဆင်သင့် ပြင်ဆင်ထားပုံ၊ ပန်းစက္ကူများဖြင့် တခမ်းတနား မွမ်းမံပုံတွေသည်လည်း အထူးတုန်လှုပ်စရာမဟုတ်၊

ခြံထောင့်စွန်းတစ်နေရာမှ အိမ်ဘက်ဆီသို့ မျက်နှာပြု၍ တည်ဆောက်ထားသည့် စင်မြင့်တစ်ခု။

စင်မြင့်ပေါ်မှ တူရိယာပစ္စည်းများ ဆက်စပ်တွေးကြည့်လိုက်မိသည့်အကြောင်းက စိမ်း ရင်ကိုဖျပ်ဖျပ်ခါအောင်ကို လှုပ်ရှားသွားစေပါသည်။





"ခါတိုင်းတော့ မနက်ဘုန်းကြီးဆွမ်းကျွေး၊ ညနေဘက် လူတွေကို အကျွေးအမွေးလုပ်ရုံပဲ၊ ဒီနှစ်တော့ ထူးထူးခြားခြားလေးတွေ ရှိနေတော့စပါယ်ရှယ်ကို စီစဉ်ရတာ... မခိုင် အပေါင်းအသင်းတွေကလည်း သိပ်ကူညီချင်တာနဲ့ တီးဝိုင်းတွေဘာတွေ လုပ်ရတာလေ... အစားအသောက်ကလည်း ဘူဖေးလ်"

စိမ်း တစ်စုံတစ်ရာကိုပြောဖို့ နှုတ်ခမ်းကိုလှုပ်လိုက်ပေမယ့် လည်ချောင်းဝမှာပင် အသံပျောက်သွားပါသည်။

မခိုင်ရဲ့ အပေါင်းအသင်းတွေကလည်း သိပ်ကူညီချင်တာနဲ့ တီးဝိုင်းတွေဘာတွေ လုပ်ရတာဘဲ။

မေတ္တာနဲ့ကူညီကြတဲ့ လူတွေထဲမှာ ဘယ်သူတွေပါကြမလဲ။

စိမ်းရင်ထဲမှာ အပူမီးတွေ တငြိုးငြိုးတောက်လောင်နေပါပြီ။

စိမ်း ဘာလုပ်ရမလဲ။ ဘာလုပ်ရမလဲ။

စိမ်း ရင်မဆိုင်ရဲသည့်အချိန်၊ မရောက်စေချင်သည့်အချိန်နဲ့အခြေအနေကို မလွှဲမရှောင်သာ ရောက်လာပါပြီ။

ခြံထဲမှာ မီးရောင်စုံထွန်း၍ တီးဝိုင်းမှ တူရိယာသံများ စတင်တီးမှုတ်နေပါပြီ။

ကားကြီးကားငယ်အသွယ်သွယ်ဖြင့် ဝတ်ကောင်းစားလှဝတ်ထားသူများ ခြံထဲမှာ ပြည့်လျှံနေပြီ။

တစ်ဦးနှင့်တစ်ဦး ခေါ်ကြ၊ ပြောကြ၊ နှုတ်ဆက်ကြ၊ စားသောက်ကြ။

ဩော်... သူတို့ကြည့်ရသည်မှာ အပူအပင်ကင်းမဲ့လို ပျော်နိုင်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညှော့ခန်းထဲမှာပင် လူကြီးများနှင့် စိမ်းတို့စေ့စပ်ခြင်းကို ပြုလုပ်ပါသည်။

တော်ပါသေးရဲ့။

လူလယ်ခေါင်မှာ ပွဲထုတ်ပြီး စေ့စပ်ခြင်းမလုပ်လို့။

သို့သော် ကိုနိုင်က သူ့အပေါင်းအသင်းမိတ်ဆွေများကို ခေါ်လာပြီး သူနှင့် လက်ထပ်မည့်မိန်းကလေးအဖြစ် မိတ်ဆက်ပေးနေသည်မှာ စိမ်းအတွက် စိတ်အနှောင့်အယှက်တစ်ခုလို ဖြစ်နေပါသည်။

"ဟော... စိမ်းရေ၊ ဒီမှာ ခေိုင် မိတ်ဆက်ပေးမလို့"

စိမ်း ရင်တွေ တုန်ခနဲဖြစ်သွားပါသည်။

မခိုင်နှင့်အတူ ပါလာသူ...

သူ... သူ့ကို စိမ်း တုန်တုန်ယင်ယင် ကြည့်လိုက်ပါသည်။

"မခိုင်ရဲ့ ယောင်းမချောလေ မောင်မောင်ရဲ့၊ ဒီနေ့ စေ့စပ်ပွဲက သူတို့ပွဲပေါ့၊ စိမ်း... မခိုင်ရဲ့ မောင်မောင်လွှမ်းပြေလေ... ဒါက ကိုနိုင်"

"တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ"

ကိုနိုင်က စတင်လက်ဆွဲနှုတ်ဆက်သည်။

သူကလည်း ခပ်ပြုံးပြုံးလုပ်၍ စိမ်းကို လက်ဆွဲနှုတ်ဆက်ပါသည်။

အို... သူ့လက်တွေ အေးစက်လို့ပါလား။ စိမ်းရင်ထဲမှာတော့ နုံးချည့်နေပါသည်။

"စိမ်းက မောင်မောင့်သီချင်းတွေ သိပ်ကြိုက်တာ"

"ဟုတ်ကဲ့... အခုလို ကျွန်တော့်ကို အားပေးတဲ့ပရိသတ်





နဲ့တွေ့ရတာ ဝမ်းသာပါတယ်"

သူ သတ်သက်ရှဲ့တာ၊

စကားနာထိုးလိုက်တာလေ။

စိမ်းမျက်နှာ ဘယ်လိုထားရမှန်းပင် မသိ။ ဟန်ဆောင်၍ ပြုံးပင်ပြုံးပြလိုက်လေသလားပင်။

"ဒီည မောင့်ရဲ့စိမ်းဆိုနော်... ကိုမောင်မောင်လွှမ်းပြေ"

ကိုနိုင်က ထပ်ကွန့်လိုက်သေးသည်။

"လာ... မောင်မောင်၊ မေမေနဲ့ မိတ်ဆက်ပေးရဦးမယ်"

မခိုင်က သူ့ကိုဆွဲခေါ်သွားတော့သည်။

ကိုနိုင်က သူတို့ကိုကြည့်ပြီး စိမ်း၏လက်ဖဝါးကို အသာအယာဆွဲကိုင်ကာ...

"တွေ့လား၊ တို့အစ်မအပျိုကြီး... ဟိုလူကို မောင်မောင်ခေမာင်ခေမာင်နဲ့ ရိုးမှရိုးရဲ့လား မသိဘူး"

စိမ်း၏ အသည်းတွေအူတွေ ဖျပ်ဖျပ်ခါတုန်နေပြီထင်၏။

လှုပ်ရှားရသောစိတ်ကို တည်ငြိမ်အောင်ကြိုးစား၍ မရနိုင်ပေ။

တစ်သက်တာလုံးမျှော်လင့်ရသော စိမ်း၏အချစ်ကိုပြန်လည်တွေ့ဆုံရသောပွဲက ရင်ကွဲနာကျလောက်ပါပေသည်။

စိမ်း၏ ပတ်ဝန်းကျင်မှာ လူသံ၊ ပန်းကန်သံ၊ သီချင်းသံ လှုပ်ရှားမှုတွေအမျိုးမျိုးမှ သံစုံများတိုးဝင်နေသော်လည်း ဘာမှသဲကွဲခြင်းမရှိ။

မှုန်ရီဝေဝါးလို့ နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေပွဲလာညှော့်ပရိသတ်များရှင်၊ ယခုဆက်လက်ဖျော်ဖြေမယ့်သူကတော့ မောင်မောင်လွမ်းပြေဖြစ်ပါတယ်"

"ဖျောင်း. . . ဖျောင်း. . . ဖျောင်း"

ဆူညံစွာတီးနေသောလက်ခုပ်သံများ တိတ်ဆိတ်သွားသောအခါ သူ့ကိုစင်မြင့်ပေါ်မှာ တွေ့လိုက်ရပါသည်။

မောင်မောင်လွမ်းပြေ. . . တဲ့။

တကယ်ပဲ သူ့မှာ ချစ်အလွမ်းစိတ်တွေ ဖြေပြေနိုင်ပါပြီကော။

အချစ်သစ်နှင့်ဘဝသစ်တည်ဆောက်နေသူကို စိမ်းအနေနှင့် မမေ့နိုင်စွမ်းရှိသည်နှင့်အမျှ သူ့အတွက် ရင်မှာခံစားနေရသမျှသည် ကြေကွဲမှုတွေနှင့် အတိပြီးပါသတည်း။

အချစ်ရေ. . .

မင်းကိုသိပ်ချစ်တယ်ကွယ်. . .

ချစ်တဲ့အကြောင်းတွေ အခါခါ ထပ်မနား

သောင်းသောင်းညံညံပြောတော့. . .

အချစ်ရူးလို့ ကိုယ့်ကိုဆိုမလားခင်. . .

အချစ်နဲ့ ပတ်သက်ရင်

မင်းနဲ့ ပတ်သက်ရင်

ကိုယ်ရူးပါရစေတော့ခင်. . .

သူ့အသံသည် ပရိသတ်အားလုံးကို ညို့ယူဖမ်းစားနိုင်စွမ်းရှိပါသည်။

စိမ်းရဲ့နားထဲမှာ စွဲနေတဲ့သီချင်း. . .

စိမ်းရဲ့အသည်းမှာ စွဲလှတဲ့သီချင်း. . .





ယခုတော့. . .

စိမ်း ရင်တွေကွဲအောင် လုပ်နေပြီကော။

သူကတော့ စင်မြင့်ပေါ်ကနေ အသံဝါကြီးနဲ့ အချစ်နဲ့ပတ်သက်ရင် မင်းနဲ့ပတ်သက်ရင် ကိုယ်ရူးပါရစေတော့ခင်လို့ ဆိုပေမယ့် တကယ်ရူးရမှာက စိမ်းပါရှင်။

ငယ်ငယ်ကတည်းက ချစ်ခဲ့သူရေ. . .

စားအတူသွားအတူ အမြဲကြည်ဖြူမယ်တဲ့. . .

မင်းအပြောလေးက လွမ်းလောက်ပါရဲ့. . .

အို. . . ခင်ရယ်. . .

ချိုပလီ မုသားသစ္စာတွေ ယုံခဲ့မိသူပါကွယ်။

ချစ်သံယောဇဉ်အမျှင်တန်းနေသရွေ့တော့

လွမ်းနေရမှာပေါ့နော်

အချစ်ရယ်. . . စိမ်းရယ်

လွမ်းရသူက ခေါ်နေပါတယ်. . .

ကြားပါရဲ့လားကွယ်. . .

မင်းကို ချစ်ရလွန်းလို့. . .

မင်းနဲ့ ဝေးရမှာကြောက်လွန်းလို့. . .

မင်းကို စိမ်းလို့ကိုယ်မခေါ်ရက်ဘူးကွယ်. . .

ခုတော့ စိမ်းရယ်. . . စိမ်းရယ်

မင်းရဲ့အသည်းတွေ စိမ်းခဲ့ပြီကော

ပစ်ပစ်ခါခါ လုပ်ခဲ့ပြီကော စိမ်းရေ. . .

စိမ်းရင်မှာ သောကပင်လယ်ဝေနေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်တဖျပ်ဖျပ်ခတ်ရင်းက မျက်ရည်စတွေကို ထိန်းသိမ်းပေမယ့် ခံစားမှုစွမ်းအင်ကြီးသမျှ လွမ်းမျက်ရည်တွေ ဝေလျှံလာရပြီ။

"ချစ်သူမျက်နှာ ပွင့်ရွှေကြာကို စဉ်သာမြင်တွေ့ ကြည်မွေ့ချစ်ခြင်း ပျက်ယွင်းခဲ့ရပြီ"

"ချစ်သူရယ်ရှင် လွင်သံဆည်းလည်း သဲကွဲမပီ ဝေးဆီမှေးမှိန် စိတ်ပျက်ခဲ့ရပြီ"

"ချစ်သူသံသာ တေးတံတျာသည် သည်းလှာနှလုံး ချိုမြဆုံးလည်း ဆိတ်သုဉ်းခဲ့ပြီ"

"မြကျွန်းမှာ မမွေးဖွားသော်လည်း စိမ်းကားသူခင်"

"မြစိမ်းနွယ်မြရည်စိမ်းသလို စိမ်းမြမြသွင် အစိမ်းဘုရင်
သခင်လို့တင်စား
မြကျောက်လိုနဂိုစိမ်းတာမို့
စိမ်းရက်နိုင်အား. . ."

အသံ၏ကောင်းခြင်း အဆိုပါရမီထူးရှိနေခြင်းတို့ကြောင့် သူ၏ပညာရှိနှိပ်စက်ခြင်းဝယ် စိမ်းကိုနာနာကျင်ကျင်ကြီး ထိခိုက်စေပါသည်။

ဩော်. . . ပညာသားပါလှချေလားရှင်။

ပင့်သက်ပြင်းပြင်းရှိုက်၍ ခုပဲငိုချလိုက်တော့မလို သူ့ဆိုဟန်ကြောင့် သူသည်စင်မြင့်ပေါ်မှာတော့ တကယ်ခံစားမှုဖြင့် သနားစရာကောင်းလေသူ. . .။

တကယ်တမ်း ရင်ထဲမှာ လူမသိ သူမသိ ငိုရှိုက်နေသူက





စိမ်း. . .။

မြကျွန်းမှာ မမွေးဖွားသော်လည်း စိမ်းကားသူခင်တဲ့။

သူစွပ်စွဲပုံက. . .

မြစိမ်းနွယ် မြရည်လိမ်းသလို စိမ်းမြမြသွင်တဲ့. . .။

ဩော်. . . ဒီကနာမည်က စိမ်းနုငယ်ဆိုတော့ သူပြောမယ်ဆိုလည်း ပြောစရာ။

ဒါပေမယ့်. . .

အစိမ်းဘုရင် သခင်လို့ခေါ်တင်စားရမှာက စိမ်းမဟုတ်ဘူး။ သူပါရှင်. . . သူပါ။

မြကျောက်လို နဂိုစိမ်းတာမို့ စိမ်းရက်နိုင်အားသူ ဘယ်သူဆိုတာလည်း သူအသိဆုံးပါ။

"ဟာ. . . တကယ်ကောင်းတဲ့ သီချင်းပဲ၊ သူဆိုပုံပညာသားပါတယ်နော်၊ ကိုယ်ဖြင့် လွမ်းတောင်လာပြီကွာ"

ကိုနိုင့်ချီကျူးသံကို စိမ်းရင်နာအသည်းနှင့် ခေါင်းညိတ်ပြလိုက်ပါသည်။

ပြောရက်ပါပေ့ကွယ်လို့ စိမ်းသူ့ကို ပြောလိုက်ချင်ပါသည်။

သူ စိမ်းတဲ့အဖြစ်ကို သူကမေ့၍ ဒီကအချစ်ရူးမလေး၊ အချစ်ပျောက်မလေးကို အမျိုးမျိုးယိုးစွပ်ပြောဆိုရက်ပါပေ့ချိရယ်. . .

တကယ်ဆို ချို့ကို သိပ်ချစ်သိပ်တွယ်တာခဲ့တာတွေ မသိတော့ဘူးလား။

ဟောဒီ မိစိမ်းဟာ အချစ်ကြီးတဲ့မိန်းကလေး၊ လူတစ်ယောက်ကို စွဲစွဲမြဲမြဲ ချစ်ရလွန်းလို့ ရူးမတတ်ခံစားရတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ဘယ်လိုစာဖွဲ့ပြရမှာလဲကွယ်။

ချစ်သံယောဇဉ်အမျှင်တန်းနေသရွေ့ လွမ်းနေရမှာပေါ့နော် ဆိုတဲ့သူ့သီချင်းက လွမ်းရမှာကြောက်လို့ စိမ်းအပေါ် ချစ်သံယောဇဉ် တွေပြတ်ပြတ်သားသား ဖြတ်တောက်လိုက်တာလား။

ခုတော့ ချစ်ကမ္ဘာသစ်မှာ ပျော်နေတာကမင်းပါ ချိုရယ် . . . မင်းပါ။

စိမ်း၏စေ့စပ်ပွဲကား စိမ်း၏ရင်ကို ခွဲလိုက်သလိုခံစားရပါ လေသည်။

❖ ❖ ❖



## အခန်း(၂၀)

ညကပင်ပန်းနွမ်းမောမှုဒဏ်ကြောင့် အတော်ကလေး နေမြင့် မှ အိပ်ရာက နိုးပါသည်။

ဒီတော့မှ မေမေ ပဲခူးပြန်ရဦးမယ်ကို သတိရကာ ကပျာ ကယာ မျက်နှာသစ်ရပါသည်။

ပစ္စည်းများ သိမ်းဆည်းပြီးနေသော ဒေါ်မြအေးက စိမ်းအနီး ဟှာ ထိုင်ရင်းတီးတိုးညင်သာစွာ ခေါ်လိုက်ပါသည်။

"သမီး. . . စိမ်း"

"ရှင်. . . မေမေ"

ဒေါ်မြအေးမျက်နှာသိပ်မကောင်းပါ။

"ညက ဟိုသူငယ်ကိုတွေ့တယ် မဟုတ်လား၊ တွေ့မှာပေါ့ သမီးက မေမေ့ထက်ပိုသိမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုသူငယ်ဆိုတာ ဖင်ချို့ကို ပြောခြင်းဖြစ်ကြောင်း စိမ်း ချက်ချင်းနားလည်ရပါ၏။

"စိတ်မကောင်းလိုက်တာ သမီးရယ်၊ ဖြစ်မှဖြစ်ရလေ၊ ဒီနေ့ ညမှ သူ့ကိုတွေ့ရတယ်၊ သူကအဆိုတော်ဖြစ်နေတာကို။ မေမေဖြင့် ရင်တွေတုန်နေတာပဲ၊ ဘာတဲ့... သူဆိုတဲ့သီချင်းက စိမ်းတဲ့ ဟုတ်လား၊ ဒီကောင်လေးသက်သက်များ လိုက်နှောင့်ယှက်တာလား ကွယ်"

မိခင်ဖြစ်သူရင်ထဲမှ စိုးရိမ်စိတ်ကို စိမ်းဘယ်လိုဖြေဖျောက် ရမလဲလို့ စဉ်းစားနေမိပါသည်။

"မေမေတော့ ဒီကောင့်ရန်က မအေးဘူးထင်တယ်၊ ဘုရား သိကြားမ,လို့ ငယ်ငယ်ကအကြောင်းတွေ ကိုနိုင်တို့သိသွားမှဖြင့်၊ သမီး ကတော့ သွားမပြောလိုက်နဲ့နော်"

"ဘာမှ မစိုးရိမ်ပါနဲ့ မေမေရယ်၊ စိမ်းနဲ့သူ ဘာဆိုင်တာ မှတ်လို့၊ စိမ်းက မေမေ့စကားနားထောင်ဖို့ ကတိပေးထားပြီးပြီပဲ၊ စိမ်းကို ယုံပါ"

"ယုံတယ် သမီး၊ ဒါပေမယ့် မေမေက မမျှော်လင့်ဘဲသူ့ကို တွေ့ရတော့ ရင်ထဲမှာထိတ်သွားတာ၊ မေမေ့သမီးဘဝကို ထိခိုက်မှာ စိုးတာကြောင့်ပါ၊ သူက ရန်ကုန်မှာရှိတယ်၊ အဆိုတော်တစ်ယောက် ဖြစ်နေတယ်၊ ပြီးတော့ မခိုင်ရဲ့အပေါင်းအသင်းဖြစ်နေတယ်ထင်ရဲ့၊ မတတ်သာလို့ တွေ့ရတာတောင် သတိထားဆက်ဆံ၊ သမီးရဲ့ ဘဝ သစ်ကိုစ,ရမယ့်အချိန်မှာ အတိတ်ကအကြောင်းတွေကြောင့် အနှောင့် အယှက်မဖြစ်ပါစေနဲ့ သမီးလေးရယ်... ခုချိန်ထိ သမီးသူ့အပေါ်





သံယောဇဉ်ထားတုန်းပဲလား... မှန်မှန်ပြောစမ်း၊ ခုနေ သမီးနဲ့ သက်ဆိုင် တာက ကိုနိုင်၊ အဲဒါတစ်ခုပဲ ခေါင်းထဲစွဲစွဲမြဲမြဲမှတ်ထား"

"စိမ်းနားလည်ပါတယ် မေမေရယ်၊ စိမ်းရင်ထဲမှာ ဘယ်လောက်ပဲခံစားရခံစားရ၊ မေမေတို့အလိုကျဖြစ်အောင် နားထောင်မယ့် ဆန္ဒနဲ့အားလုံးထိန်းသိမ်းချုပ်တည်းထားပါ့မယ်၊ စိမ်းဘဝမှာ စိမ်းစိတ်ချမ်းသာမှုထက် မေမေစိတ်ချမ်းသာဖို့ ဦးစားပေး မယ့် သမီးပါ၊ စိမ်းနဲ့သူဟာ ဘာမှမဆိုင်တော့ပါဘူးဆိုတာ သိပါတယ်၊ စိမ်းကို စိတ်ချပါ၊ စိမ်းကို စိတ်ချစမ်းပါ မေမေရယ်"

စိမ်းရင်တွေပွင့်ထွက်သွားမတတ်ခံစားလိုက်ရ၍ မေမေ့ ရင်မှာမှုတ်နှာငှက်တာ အားပါးတရ တနင့်တနဲကြီး ရှိုက်ငိုမိပါ သတည်း။

❈ ❈ ❈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

အတိတ်၏ မှုန်မှိုင်းပြာရီဖြစ်ရပ်များကို မေ့ပျောက်နိုင်သလောက်မေ့ပျောက်ထားပြီး အလုပ်ခွင်မှာ စိတ်ဝင်တစား အားသွန်ကြိုးပမ်းရပါသေးသည်။

အချစ်နှင့်ပတ်သက်၍ လွမ်းဆွတ်နေလို့ဒုည်းမပြီးလို့ ခံယူထားပါသည်။

ထိုအခါ နှလုံးသားကိစ္စကိုဘေးဖယ်၍ အလုပ်ခွင်မှာပျော်ရွှင်ရန်ကြိုးစားလင့်ကစား ရင်တွင်းအပူမီးကား တငွေ့ငွေ့ လောင်ကျွမ်းနေဆဲပါပင်။

စိမ်းတို့သူနာပြုဆရာမများမှာ ကုသိုလ်လည်းရ ဝမ်းလည်းဝသော အလုပ်ဖြစ်သလို တော်ရုံတန်ရုံနှင့်တော့ သူနာပြုလုပ်ငန်းကို ကြာရှည်လုပ်ကိုင်နိုင်မည်မထင်။





ရောဂါဝေဒနာ သည်းသည်းထန်ထန်ခံစားနေရသူများ၊ ရောဂါကြောင့် စိတ်ဓာတ်ညှိုးငယ်သနားစဖွယ် လူနာများကို ပြုစုစောင့်ရှောက်ရမည့်သူများအဖြစ် သူနာပြုလုပ်ငန်းကို စိမ်း ဂုဏ်ယူပါသည်။

လူနာ၏ကျန်းမာရေးမှာ ဆရာဝန်သည်သာ အရေးကြီးသည် မဟုတ်။ စိမ်းတို့သူနာပြုများလည်း အရေးပါအရာရောက်သော အဓိကအခန်းမှ ပါဝင်နေသည် မဟုတ်ပါလား။

"ဟွန်း. . . မောလိုက်တာကွာ"

"ခဏနေနဲ့ မိရွှေစိမ်း၊ ရှင့်လူရောက်နေတယ်".

"ဟင်. . . သူရောက်နေတယ်"

"ရှင့်လူ"ဆိုကတည်းက ဘယ်သူ့ကိုပြောတယ်ဆိုတာ သိပြီးဖြစ်ပါသည်။

ပစ္စည်းများ ကမ္ဘာကယာသိမ်း၍ ဆေးရုံပေါ်မှ ဆင်းလာခဲ့သည်နှင့် စိမ်းလာမည့်လမ်းကို တမျှော်မျှော်ရှိနေတဲ့ ကိုနိုင့်ကို တွေ့လိုက်ရပါသည်။

ကိုနိုင့်ကိုတွေ့တာနှင့် စိမ်းရင်ထဲမှာ တစ်စုံတစ်ခုလက်လွတ်ဆုံးရှုံးရသလို ကြေကြေကွဲကွဲ ခံစားလိုက်ရပါသည်။

"စိမ်းကို တွေ့ချင်လွန်းလို့ ဒီကိုလိုက်လာတာ"

"အဆောင်ကနေ စောင့်ရောပေါ့ ကိုနိုင်ရယ်"

"ဟင့်အင်းကွာ. . . မစောင့်နိုင်လွန်းလို့ပေါ့"

သူ့ကို စိမ်း ဒါပဲပြောနိုင်ပါ၏။ အဆောင်ကနေ စောင့်ပါဆိုတာပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မလာနဲ့။

စိမ်းဆီကို လာမတွေ့ပါနဲ့လို့ ပြောပိုင်ခွင့်ပင် မရှိပါ။

သူနဲ့ စေ့စပ်ထားတဲ့ မိန်းကလေးပဲ။

သူလာချင်လာမှာပေါ့။

စိမ်းသူ့ကိုမော့ကြည့်လိုက်တော့ ရွှန်းတင့်နေသော သူ့အကြည့်နှင့် ရင်ဆိုင်လိုက်ရပြီး ရင်ထဲမှာ ဒိတ်ခနဲခုန် သွားပါသည်၊

သူ စိမ်းလက်ထဲက ခြင်းတောင်းကလေးကို အတင်းဆွဲယူပြီး စိမ်းနှင့်တွဲကာ အဆောင်သို့ လျှောက်လိုက်လာပါသည်။

"စနေနေ့မှာ စိမ်းအော့ဖ်ရတယ် မဟုတ်လား"

"ဟုတ်တယ် ကိုနိုင်"

"ဒါဖြင့် ကိုယ်နဲ့ လျှောက်လည်ရအောင်"

"ပဲခူးပြန်. . ."

"တော်. . . တော့၊ ပဲခူးပြန်မလို့ဆိုတဲ့စကားရပ်၊ ပဲခူးကို ဆန်းဒေးမှပြန်၊ ကိုယ်လိုက်ပို့ပေးမယ်၊ ကျေနပ်ပြီလား"

ငြင်းစရာအကြောင်းမဟုတ်၍ စိမ်းခေါင်းညိတ်ပြရပါသည်။

ဘာပဲဖြစ်ဖြစ် သူကကိုယ့်ကို တစ်ဝက်ပိုင်ဆိုင်ပြီပဲ။

❁ ❁ ❁



အခန်း(၂၂)

သူ၏ပထမဆုံးအစီအစဉ်က ဘုရားဖူးမယ်တဲ့။

စေ့စပ်ပြီးသည့်အမှတ်တရအဖြစ် ကိုနိုင်က စိမ်းနှင့်အတူ ဘုရားဖူးရခြင်းလို့ ပြောပါသည်။

နောင်တစ်သက်ပတ်လုံး ဘုရားသွားကျောင်းတက်လုပ်ရမည့် ဇနီးမောင်နှံလောင်း၏ပဏာမ ဘုရားဖူးခြင်းဆိုပါတော့။

ရွှေတိဂုံ၊ ကမ္ဘာအေး၊ ကျောက်တော်ကြီး၊ အာလိန်ငါးဆင့် အစရှိသော ဘုရားများဖူးပြီး နံနက်စာကို ရှမ်းကန်မှာစားဖြစ်ကြသည်။

နေ့လယ်သူ့အိမ်မှာ ပြန်နားသည်။ တိရစ္ဆာန်ရုံ သွားမလား လို့ မေးပါသေးသည်၊

မနက်က ဘုရားစုံဖူးခဲ့ရသဖြင့် ပင်ပန်းနေ၍ စိမ်းက



www.burmeseclassic.com

www.burmeseclassic.com



ငြင်းလိုက်ပါသည်။

"တိရစ္ဆာန်ရုံဆိုတာ ဒီအချိန်သွားရတာမှ မဟုတ်ဘဲ၊ ကိုယ်တို့ သားတွေသမီးတွေနဲ့ကျမှနော်. . . နော်"

လို့ပြောပြီး၊ ကိုနိုင်သူ့အတွေးနှင့် သူ တဟားဟားအော်ရယ်နေပြန်သည်။

စိမ်းမှာလည်း ရှက်သွေးလေးမစို့မပို့ဖြင့် မျက်လွှာချ၍ ငြိမ်နေပါမိသည်။

"ရုပ်ရှင်လေး ဘာလေးကြည့်ပါလား"

မခိုင်က ပြောသည်၊

"ဘယ်နှယ့်လဲ စိမ်း"

"စိမ်းဘယ်မှ မသွားချင်ဘူး၊ မခိုင်"

"ဟုတ်တယ်၊ စိမ်းပင်ပန်းနေပြီ၊ အိမ်မှာပဲ နားတော့နော်၊ မနက်ဖြန် စိမ်းကို ပဲခူးလိုက်ပို့ပေးရမယ်"

"ဒါဆို မခိုင်ရဲ့ကားယူသွားမယ်ပေါ့. . . ဟုတ်လား"

"မခိုင် သွားစရာရှိလား"

"မရှိပါဘူး၊ ယူသွားပါ၊ မေမေ့ကားနဲ့မေမေ အလှူသွားမှာ"

"မခိုင် အဆက်ကြီးကော လာမယ်မဟုတ်လား"

"အို. . . ဟဲ့၊ မောင်လေး"

ရှင်ယွန်းခိုင် ဒါပဲပြောပြီး ထွက်သွားသည်။

"တွေ့လား အပျိုကြီးရှက်သွားပြီ၊ ကိုယ်တို့အစ်မအပျိုကြီးလည်း တစ်သက်လုံး လင်မယူတော့ဘူးလို့သိုနဲ့၊ ခုတော့ မနိုးတော့ဘူး စိမ်းရဲ့၊ အဆိုတော် မောင်မောင်လွမ်းပြေနဲ့ ပြေလည်နေပြီလေ"





စိမ်းသိပြီးသော အကြောင်းအရာတစ်ခုကို သူက တအံ့တဩ ပြောပြနေလေသည်၊

"မေမေ့ကို ပြောပြနေတာ ကိုယ်သေချာကြားလို့ပြောတာ၊ မေမေက သိပ်တော့ သဘောမကျဘူး၊ ဒါပေမယ့် မေမေက သားသမီးစိတ်ချမ်းသာဖို့ ဦးစားပေးတတ်ပါတယ်၊ ကိုယ်တို့ထက်အရင် သူတို့ကိစ္စများစောနေမလား မသိဘူး၊ ကိုယ်တကွာ စိမ်း စိတ်ချမ်းပါစေဆိုပြီး လိုက်လျောရတာ၊ တကယ်တော့ခုပဲ ခိုးပြေးလက်ထပ်လိုက်ချင်ပြီ"

ကိုနိုင်ပြောပြောဆိုဆို စိမ်းပခုံးကိုဖက်၍ ရုတ်တရက် စိမ်းပါးကိုနမ်းရှိုက်လိုက်ပါသည်။

"အို. . . ကိုနိုင်"

စိမ်းရှက်လန့်တကြား အော်လိုက်ပုံကို သူကပြုံးထေ့ထေ့လုပ်ကြည့်နေသည်။

"ဘာလဲ မကြိုက်ဘူးလား၊ စိမ်းကလည်းကွာ၊ ကိုယ်ကချစ်လို့နမ်းတာပဲဟာ"

သူ စိမ်းပါးလေးကို မနာအောင်ညင်ညင်သာသာ လိမ်ဆွဲရင်း ပြောလိုက်ပါသည်၊

"စိမ်းမကြိုက်ပေမယ့်. . . ကိုယ်ကမနမ်းဘဲ မနေနိုင်ဘူး၊ သိပ်ချစ်တော့ သိပ်နမ်းချင်တာပဲ"

သူ့အပြောများ ရှက်စရာလို့ စိမ်း ခံစားမိပါသည်။

"မရှက်ပါနဲ့ကွာ၊ လင်မယားဘဝ ကရှက်ကုန်၊ သမီးရည်းစားဘဝမှာ အချစ်ကုန်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါသမီးရည်းစားမှ မဟုတ်ဘဲရှင့်"

"ဟင်. . . ဒါဖြင့်ဘာလဲ၊ လင်မယားလား"

"မဟုတ်တာတွေပြောမနေပါနဲ့၊ ကိုနိုင်နဲ့စိမ်းဟာ လူကြီးတွေ သဘောတူစေ့စပ်ထားတာပဲရှိသေးတယ်၊ တကယ့် သမီးရည်းစား လည်း မဟုတ်ဘူး"

ကိုနိုင် မျက်နှာပျက်သွားပါသည်။

စိမ်းစကားမှားသွားပြီလို့ သိပေမယ့် ဒီလိုပြောလိုက်ရတာ ကိုပဲ ကျေနပ်သလိုလို။ သူ့ကို ဘာကြောင့် ဆန့်ကျင်ပြီး ကပ်ပိုးကပ်ပဲ့ ပြောချင်နေရပါလိမ့်နော်။

တကယ်ဆို သူ့အကြိုက်အလိုက်သင့် ပြန်ပြောဖို့မကောင်း ပါလား။

တစ်နေ့ယူကြရမယ့် လူတွေပဲ။

"လူကြီးတွေပေးစားလို့သာ ယူရမယ်လို့သဘောထားတယ် ပေါ့လေ၊ စိမ်း ဟုတ်လား၊ အေးပေါ့လေ. . . ကိုယ်က ချစ်ရဘဲ့သူဆို တော့ အစစအရာရာ စိမ်းကို အရှုံးပေးရမှာပဲ၊ ဘာတဲ့. . . ဟိုစကား ကြိုက်မရှက် ငတ်မရှက်ဆိုတာလို စိမ်း ဘယ်လိုပဲငြင်းငြင်း၊ ကိုယ်က တော့ ကိုယ့်ဇနီးလောင်းဆိုပေမယ့် အတင်းလိုက်ပြီး ချစ်စကားပြော ရမှာပဲ၊ စိမ်းကို သိပ်ချစ်တယ်၊ အရမ်းကို ချစ်တယ်၊ တဲ. . ."

ဟောလုပ်ပြန်ပြီ။

သူက စိမ်းကိုရင်ခွင်ထဲအတင်းဆွဲပွေ့ပြီး ဘယ်ပြန်ညာပြန် မနားတမ်း အကြမ်းဖက်လို့ နမ်းရှုံ့နေပြန်သည်။

ရုတ်တရက်တော့ ကြောင်စီစီနှင့် သူပြုသမျှနေပြီးမှ စိမ်း





သတိပြန်ဝင်လာကာ သူ့ကို တွန်းဖယ်လိုက်သည်။

"ကိုနိုင်. . . နော်"

သူ လွှတ်ပေးပါသည်။

ပြီးတော့ စိမ်းမျက်လုံးထဲ စိုက်ကြည့်၍. . .

"စိတ်ဆိုးသလား. . . စိမ်း"

သိပ်စိတ်ဆိုးတယ်၊ ရှင့်ကို ပါးရိုက်ချင်တယ်လို့ ပြန်ပြောဖို့ စိတ်ကူးပြီးမှ စိမ်းကြမ်းပြင်ကို ငေးကြည့်၍. . .

"အဲဒီလို အကြမ်းပတမ်းလုပ်တာမျိုး စိမ်း သိပ်မုန်းတယ်၊ သူများတွေတွေ့သွားရင်လည်း မကောင်းဘူး"

"ဘယ်သူတွေ တွေ့မှာလဲ"

"အိမ်ကလူတွေပေါ့"

"ဟား. . . ဟား. . . ဟား. . . စိတ်ချ၊ ဘယ်သူမှ တက် မလာဘူး၊ တမင်တောင် ရှောင်ပေးနေကြတဲ့ဟာ၊ စိမ်းရယ် ရိုးလည်း ရိုးပါကွာ၊ သူများတွေ တွေ့မှာစိုးလို့ ဟုတ်လား၊ ကိုယ် နမ်းတာကိုတော့ စိတ်မဆိုးဘူးပေါ့"

စိမ်းသူ့ကိုကြည့် လိုက်ပါသည်။

ကရုဏာရေကြည်ဝေ့ဝေ့လည်နေသော သူ့မျက်လုံးများသည် စိမ်းရင်ကိုနွေးနွေးထွေးထွေးရှိပါစေသော်လည်း စိမ်း ဘာကိုဝမ်းနည်း မှန်းမသိဘဲ ငိုချင်နေပါသည်။

"ကိုနိုင်နဲ့စိမ်းဟာ တစ်နေ့အကြင်လင်မယားဖြစ်ကြမှာပါ၊ ဒါပေမယ့် ခုနေခါတော့ စိမ်း. . . စိမ်း"

"ဟောဗျာ. . . ငိုနေတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲကိုယ်



www.burmeseclassic.com

စိတ်မကောင်းလိုက်တာကွာ၊ ကိုယ်ကတော့ စိမ်း ပျော်ပါစေဆိုပြီး အတူတူသွားလည်ပတ်ဖို့ စိတ်ကူးခဲ့တာ၊ နောက် စိမ်းမကြိုက်ရင် ကိုယ်မနမ်းတော့ပါဘူး"

သူ့ဘက်က ချော့တော့လည်း စိမ်း စိတ်တွေအလိုလို လျှော့လာသည်။

"ကိုနိုင်နမ်းလို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် စိမ်း ရင်ထဲမှာ ခံစားရတယ်သိလား၊ တစ်ခုခု ဝမ်းနည်းသလိုလိုနဲ့"

"ဟာ. . . ဒါဆို စိမ်းရင်ထဲမှာ လှုပ်ရှားနေတာ ကိုယ့်ကို ချစ်လို့ပေါ့ ကြည့်စမ်း. . . ခေါ်စိမ်းနုငယ်. . . ကိုယ့်ကို မချစ်ဘူး၊ မချစ်ဘူးနဲ့၊ ဟား. . . ဟား အညာမိပြီကွာ"

သူထပ်၍ နမ်းပြန်သည်၊

သြော်. . . ထိုနေ့က အနမ်းမိုးတွေချည်း ဆက်တိုက်ရွာ၍ အနမ်းသံသရာကြားထဲ စိမ်းဝဲလည်နေရပါပြီရှင်။

❁ ❁ ❁



## အခန်း(၂၃)

ကိုနိုင့်ကြောင့် စိမ်းပဲခူးသို့ မှန်မှန်မပြန်ဖြစ်တော့ပါရှင်။

စိမ်းမေမေကလည်း စိမ်းအတွက် စိတ်အေးရသလိုဖြစ်ကာ အေးအေးဆေးဆေးတရားအားထုတ်မည်ဆိုပြီး စစ်ကိုင်းသို့ ဘုရားဖူးခရီးရက်ရှည်ထွက်နေသောကြောင့်၊ စိမ်း အလုပ်နားရက်များတွင် ကိုနိုင်တို့အိမ်တွင်သာ အချိန်ကုန်လျက်ရှိပါသည်။

စိမ်း မသွားဘူးဆို၍လည်း မရပါ။ ကိုနိုင် အမြဲလာခေါ်နေသည် မဟုတ်လား။

စိမ်းနှင့်အတူတွဲ၍ သွားလာနေရသည်ကို သူပျော်တယ်ဆိုရင်ပဲ သူ့အိမ်ကလည်း သူ့အတွက် ကျေနပ်နေကြပါသည်။

စိမ်းကမူ ကိုနိုင်တယုတယ ပြုစုဆက်ဆံပုံများကို ကျေနပ်မိသည်ဖြစ်သော်လည်း အလွန်အမင်း ပျော်ရွှင်ခြင်း မဖြစ်မိပါ။

www.burmeseclassic.com



ရင်ထဲမှာ တသသခံစားနေရသော ချစ်ဝေဒနာဖွဲ့မီးတား တမြေ့မြေ့လောင်ကျွမ်းနေဆဲ မဟုတ်လား။

ငယ်ငယ်တုန်းက ချစ်ချေစင်ကို လွမ်းမောတမ်းတဆဲရှိလှ သော စိမ်း၏ချစ်စိတ်ခိုင်မြဲမှုသည် စိမ်းအသည်းတွေကွဲကြေကုန် အောင် ဖန်တီးနေသလိုရှိပါတော့သည်ရှင်။

ပို၍ခံစားရသည်ကတော့ စိမ်းသူ့ကို မကြာခဏဆိုသလို မတွေ့ချင် မမြင်ချင်ပါမှ တွေ့မြင်နေလျက်သား ဖြစ်နေရခြင်းပင်။

တချိန်က စွဲစွဲလန်းလန်းချစ်ခဲ့ရသူ၊ ငယ်စဉ်ကလေးဘဝ ချစ်သူငယ်ချင်းလို စိတ်တူကိုယ်တူ တွယ်တာသံယောဇဉ်ထားလာရာမှ မေတ္တာတွေ အလွန်အကျွံပိုကာ ချစ်သူများအထိ ကျွမ်းချစ်ရပါတဲ့ ငယ်ကျွမ်းချစ်သူ သူ့ကို စိမ်းရင်မှာထာဝစဉ် ဖိုးမိုးတမ်းတလွမ်းမော နေဆဲပါ။

ချစ်သူအတွက် တသက်သက်ရင်မှာခံစားနေရတဲ့ စိမ်း။

ချစ်သူမျက်နှာကို ထာဝစဉ်မြင်ချင်တွေ့ချင် မနေဘဲရှိပါ့ မလားရှင်။

ဒါပေမယ့်လေ. . .

မကောင်းလှတဲ့ ကံကြမ္မာကြောင့် စိမ်းတို့ အတိတ်ဟောင်းကို မမေ့ချင်ဘဲ မေ့ထားရတော့မည်။

မဆုံစည်းနိုင်သော အချစ်မျဉ်းပြိုင်မှာ လျှောက်လှမ်းနေကြရ တဲ့ လူသားနှစ်ဦးမှာဖြင့် ကိုယ့်ဘဝခရီးလမ်းကို ကိုယ့်ခရီးဖော်နှင့် ဆက်လျှောက်ကြရမည့် တာဝန်ဝတ္တရားတွေ ကိုယ်စီနှင့်ပါ။

မလွမ်းသာ မလွမ်းဝံ့တဲ့ ဘဝမှာတောင် စိမ်းခမျာ သူ့ကို





ရင်နာနာနှင့် တမ်းတမိပါသေးသည်။

ချစ်ရသူနှင့် ပေါင်းပါရစေဆိုတဲ့ဆုကို အခါခါတောင်းဆိုခဲ့ သော်လည်း ဘဝအကျိုးပေးနုံနဲ့စွာ ဆုတောင်းမပြည့် အကျိုးမပေးရှာ လေသော စိမ်းဘဝကိုပင် အသည်းနာနာနှင့် ယူကျုံးမရဖြစ်ရပါသည်။

သူ့အတွက်. . .

ငယ်ချစ်အတွက် ရင်ထဲမှာ မချိတင်ကဲ အလွမ်းဝေဒနာကို အုံ့ပုန်းလူမသိအောင် တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနိုင်ပါသော် လည်း သူ့ကိုရုတ်တရက် အမှတ်မထင် မျက်နှာချင်းဆိုင် တွေ့ဆုံလိုက် ရပါလျှင် တစ်ကိုယ်လုံးဆတ်ဆတ်တုန် ဖျပ်ဖျပ်ခါအောင်ပင် လှုပ်ရှား ရလွန်းပါသည်။

ထွန်ရွေ့ဆည်မရအောင် ပင်ပန်းမှုများနှင့် ပက်ရည်များက တာကျိုး၍ ကျလာသလို အဟုန်လျှင်မြန်စွာ စီးကျမတတ်ဖြစ်ရပါ သည်။

ထိုသို့သောအဖြစ်ဆိုးကို ချုပ်တည်းတားဆီး၍မရသည့် စိမ်း ၏ရင်သည် မည်မျှနာကျင်ပါမည်နည်း။

စဉ်းစားကာ တွေးဆကြည့်ပါတော့ရှင်။

ရင်ထဲမှာ လှုပ်ခတ်နေသောဝေဒနာကို မျက်လုံးမှာ အရိပ် ထင်အောင် ကြိုးစားရသည်မှာ ပင်ပန်းပါဘိကွယ်။

ခြော်. . . သူနဲ့ကိုယ်ဘာမှမဆိုင်တော့ပါဘူး၊ ကိုယ့်မှာ လည်း ရည်ရွယ်ထားသူနှင့်။

သူ့မှာလည်း ချစ်ခရီးဖော်နှင့်ဟူ၍ တွေ့ဆပါသော်လည်း ဖြေသာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့အဖြစ်ကို ကြည့်ပါဦး။

ထုံးစံအတိုင်း တနင်္ဂနွေအားရက်မို့ စိမ်း မနက်စောစောကပဲ ကိုနိုင့်အိမ်ရောက်ခဲ့ပါ၏။

အုန်းနို့ခေါက်ဆွဲချက်စားမည်ဟုသော အစီအစဉ်လည်းရှိနေသဖြင့် စိမ်း မီးဖိုထဲမှာ အလုပ်ရှုပ်နေရပြန်ပါသည်။

စိမ်းအနားမှာလာ၍ ဟိုစပ်စပ်ဒီစပ်စပ် ဝင်ပါနေတတ်သော ကိုနိုင့်ကို မျက်စိအေးနားအေးအောင် စာသွားကျက်နေပါ၊ ချက်ပြီးမှ စားဖို့အခေါ်လွှတ်မယ်ဟူ၍ ချော့မော့နှစ်သိမ့်ပြီးမှ လွှတ်လိုက်ရပါသည်။

"ဖိုးနိုင်. . . ဖိုးနိုင်၊ အတော်ဘဲပိုတဲ့ကောင်၊ ဒီနှစ်ယောက်ကြားထဲ ငါအပျိုကြီးနေရထိုင်ရ အတော်ခက်တာပဲ၊ ကြာတော့ မျက်ဒီနောက်လာပြီဟေ့၊ ငါလည်း လင်အရင်ယူမှ အေးမယ်"

ရှင်ယွန်းခိုင် ပြောလိုက်ပုံကြီးကြောင့် မီးဖိုချောင်ထဲကလူများ ခွက်ထိုးခွက်လန်ပင် ရယ်နေကြပါသည်း

မရယ်နိုင်တာက စိမ်း။

"သိပါတယ်၊ မခိုင်ကတွေ့နေမှကိုး ဟဲ. . . ဟဲ. . . ယူချင်လည်း မြန်မြန်ယူကြဗျ နို့မို့ ဒီကောင့်မျက်စိထဲ အမြင်မတော်တာတွေ တွေ့နေရတာ၊ နှမလင်နေမောင်ဖင်ကြွမ်းတဲ့"

"ခွေးကောင် ဖိုးနိုင် ဖင်ကြွမ်းဦး"

ရှင်ယွန်းခိုင်တွေ့ကရာနှင့် ကောက်ပေါက်မည်လုပ်နေသောကြောင့်၊ ကိုနိုင်မီးဖိုခန်းမှ ပြေးထွက်သွားပါတော့သည်။

"တွေ့လား စိမ်း၊ အနိုင် အရှက်မရှိမျက်နှာပြောင်တဲ့ကောင်၊





ဟိုကလာရင် သူမှာ ဣန္ဒြေမရ၊ ကျောက်ကျောရေပက်ထားတဲ့မျက်နှာနဲ့ မခိုင်ဖြင့် သူ့အစားရှက်လိုက်တာ၊ မောင်မောင်က သူနဲ့တူတာ မဟုတ်ဘူး၊ ဒီအိမ်ကို လိုက်လာရတာ မခိုင် အိမ်သားတွေကို မျက်နှာပူသတဲ့၊ မလွှဲသာလို့လာရတာ၊ မခိုင်က သူ့ကို မေမေတို့နဲ့ ရင်းနှီးအောင်လို့ အတင်းလာခိုင်းနေတာ"

မခိုင်ပြောသည့် မောင်မောင်သည် စိမ်း၏ ဇင်ချိုပေမို့ စိမ်း အငိုမျက်လုံးလေးနှင့် ချက်နှာကို ပြုံးယောင်ယောင်လုပ်၍ နားထောင်နေရပါသည်။

"တဲ. . ., ကိုနိုင်လည်း မီးဖိုချောင်ထဲ မလာတော့ဘူး၊ မခိုင်လည်းသွားချင်သွားလေ၊ စိမ်း အသာချက်လိုက်ပါ့မယ်၊ မကြည်စိန်တို့ အလုတ်ပွဲအားလုံး အဆင်သင့်လုပ်ပေးထားတာပဲ"

တစ်ခါမှ မီးဖိုချောင်မဝင်ဖူးသော ရှင်ယွန်းခိုင်ကို စိမ်း ဤသို့ပြော၍လွှတ်လိုက်ပါသည်၊

"ဒါဖြင့်လည်း မခိုင်ရေချိုးဦးမယ်နော် စိမ်း"

ဝမ်းသာအားရ ကျေနပ်စွာပင် ရှင်ယွန်းခိုင်ထွက်သွားမှ စိမ်း အုန်းနို့ခေါက်ဆွဲဟင်းရည်ကို စတင်ချက်ပါသည်။

ခေါက်ဆွဲအဆင်သင့်ဖြစ်လျှင် ဘုန်းကြီးကျောင်းသို့ လေးဆင့်ချိုင့်နှင့်ထည့်၍ ဒေါ်မမခင်က သွားပို့ပါသည်။

စိမ်းရေချိုးရန်အပေါ် တက်လာချိန်တွင် ရှင်ယွန်းခိုင် တစ်ယောက်ကျော့နေအောင် အလှပြင်ပြီးသည်ကို တွေ့ရပါသည်။

ရှင်ယွန်းခိုင်၏အခန်းထဲရှိ ရေချိုးခန်းမှာပင် ရေချိုးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီး သနပ်ခါးလိမ်းပြင်ဆင်နေဆဲ ကိုနိုင် အခန်းဝမှာ လာရပ်သည်။

"ဟေး. . . ခုထိ မပြီးသေးဘူးလားကွ"

စိမ်း ရှက်လန့်တကြား သူ့ကိုကြည့်ပြီး မျက်နှာသုတ်ပဝါ ကိုယ်ပေါ်တင်လိုက်ပါသည်၊ ကိုနိုင်က ပြုံးစေ့စေ့လုပ်နေသည်။

"အဝတ်အစားလဲရုံပဲ ကိုနိုင်ရေ၊ အောက်ကသွားစောင့်နေလေ"

"ဟင့်အင်း. . . ဒီကပဲ စောင့်မယ်"

"ဟာ. . . ကိုနိုင်ကလည်း ရှိုးဒိုးပါရဲ့ အပြင်ထွက်ပါ. . . ရှင့်"

သူ မလှုပ်မယှက်ရပ်နေပြန်ပါသဖြင့် စိမ်းငိုမဲ့မဲ့ မျက်နှာထားနှင့်. . .

"ကိုနိုင်နော်၊ အဲဒီလို မဆိုးနဲ့၊ စိမ်းငိုလိုက်မှာ၊ နောက်တော့ သာ စိမ်းအပြစ်မပြောနဲ့၊ စိမ်းဘယ်တော့မှ ဒီအိမ်ကို မလာတော့ဘူး"

"ငိုတော့ မငိုလိုက်ပါနဲ့ မိရွှေစိမ်းရယ်၊ ကျွန်တော် အောက်က သွားစောင့်နေပါ့မယ်၊ တကယ့် သူ့စိမ်းတွေကျလို့၊ ရှက်တတ်နေ လိုက်တာ မြန်မြန်လုပ်နော်"

တော်ပါသေးရဲ့။

တစ်ဇွတ်ထိုးလုပ်တတ်သည့်ပုံစံရှိသော်လည်း စိမ်း၏ ဇာတ်လိုက်ကြီး ကိုနိုင်က သည်လိုပြောစကား နားထောင်တတ်သူ လည်းဖြစ်ပါသည်။

စိမ်းက သနပ်ခါးရေကြဲမျက်နှာကို တို့ဖတ်ရိုက်ပြီး ဘလောက် ရှပ်အကျီပွပွလေးကို ကောက်စွပ်လိုက်ပါသည်။





ဆံပင်များဖြန့်ချကာ ဘီးနှင့် တစ်ချက်နှစ်ချက်မျှ ဖြီးသင်ပြီး ထဘီလဲကာ အောက်သို့ဆင်းလာခဲ့ပါသည်။

လှေကားရင်းမှာ စောင့်နေသောကိုနိုင် စိမ်းလက်ကိုဆွဲခေါ် ကာ နှာခေါင်းကို ရှုံ့ချည်ပွချည်လုပ်နေပါသဖြင့်. . .

"ဘာဖြစ်တာလဲ"

"သနပ်ခါးနံ့လေးက မွှေးနေတာပဲ၊ မှန်းစမ်း. . . ဟောဒီ ပါးက ထင်တယ်"

"အို. . . ကိုနိုင်"

စိမ်း ဖျက်ခနဲရုန်းထွက်လိုက်ပြီး ထမင်းစားခန်းသို့ ပြေးဝင် လာခဲ့ပါသည်။

"ဟဲ့. . . ဘာဖြစ်တာလဲ"

ဧည့်ခန်းမှာနေ၍ မခိုင်လှမ်းပြောလိုက်သဖြင့် လှည့်ကြည့် လိုက်စဉ်ပင်. . .

"ဟင်. . . သူ. . . သူရောက်နေပါလား"

မခိုင်နှင့် မျက်နှာချင်းဆိုင်ထိုင်နေသော ဇင်ချို့ကို မမျှော် လင့်ဘဲ တွေ့လိုက်ရ၍ စိမ်းရင်များတုန်ခနဲ ဖြစ်သွားရပါသည်။

ကိုနိုင်ပြုံးစိစိနှင့် စိမ်းအနားလာထိုင်ပါသဖြင့် သူစားရန် အတွက် အုန်းနို့ခေါက်ဆွဲပန်းကန် ပြင်ပေးနေမိပါသည်။

ဧည့်ခန်းနှင့် ထမင်းစားခန်းသည် တစ်ဆက်တည်းလိုဖြစ်နေ ၍ ဇင်ချို ထိုင်သောနေရာမှ စိမ်း ရှိရာနေရာကို တန်းခနဲမြင်နေရပါ သည်။

ကိုနိုင် စိမ်းလက်ကို ဖျက်ခနဲဆွဲ၍ နမ်းလိုက်ပါသည်။ ဒီလူ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်သည်းနေပုံကြောင့် စိမ်း ဝိတ်ညစ်ရပါလေပြီ။

"စိမ်းတွေ့လား၊ မခိုင်အဆက်ကြီး ရောက်နေတယ်"

ကိုနိုင်တိုးတိုးပြောလိုက်သဖြင့် ဝိမ်းက ဇင်ချိုရှိရာကို ဖုက်ခနဲ လှမ်းကြည့်မိပြန်သည်။

ဇင်ချိုနှင့် မခိုင်လည်း ဝိမ်းတို့ဆီသို့ကြည့်နေသဖြင့် အကြည့် ချင်းဆုံမိပါသည်။

အထူးသဖြင့် ဇင်ချို၏ စိန်းစိန်းကြီးစိုက်ကြည့်နေပုံသည် စိမ်း ရင်ဖျပ်ဖျပ်ခုန်မတတ် လှုပ်ရှားစွာ ခံစားလိုက်ရပါသည်။

"စိမ်းရေ. . . မောင်မောင့်ဖို့ အုန်းနို့ခေါက်ဆွဲကျွေးရအောင် လုပ်ပါဦးကွယ်"

ဒီအပျိုကြီးသည် သူ့မောင်မောင်ကို ချိန်းဆိုထားသဖြင့် မနက်က စိမ်းတို့အုန်းနို့ခေါက်ဆွဲချက်ရာမှာ ကန့်လန့်ကန့်လန့်ပါဝင် နေကြောင်း ယခုမှရိပ်မိသည်။ ယခုလည်း နှုံးမိုးတွေအပြည့်နှင့် ညှော်ခန်းထဲမှာ ချစ်သူကို စည့်ခံနေပေပြီ။

စိမ်းအုန်းနို့ခေါက်ဆွဲပန်းကန်နှင့် ဟင်းရည်ပန်းကန်ကို လင်ပန်းတစ်ချပ်တွင် သပ်ရပ်စွာပြင်၍ သူတို့ထိုင်နေရာသို့ ယူသွား ပေးလိုက်ပါသည်။

သူ စိမ်းကို မော့ကြည့်သည်။

"အုန်းနို့ခေါက်ဆွဲက စိမ်းကိုယ်တိုင်ချက်ထားတာလေ၊ မခိုင် ယောင်းမက အချက်အပြုတ်ကောင်း"

မခိုင်ကတော့ ဇင်ချိုနှင့် စိမ်း မည်သို့ပတ်သက်ခဲ့မှန်း မသိရှာ သူမို့ စကားတွေရယ်ရွှန်းပတ်ရွှန်းပြောကာ သူစားဖို့အတွက်





မုန့်ပန်းကန်ထဲ ဟင်းရည်ဆမ်းပေးနေသည်။

သူနှင့် ဝိမ်း အကြည့်ချင်းဆုံမိကြခိုက် သူ့မျက်လုံးများထဲမှ အဓိပ္ပာယ်ကို စိမ်းရှာဖွေကြည့်မိပါသည်။

"အလှူရှင်မှန်းသိအောင် မဏ္ဍပ်တိုင်တက်ပြမနေပါနဲ့ စိမ်းရယ်၊ ဒါစိမ်းရဲ့အိမ်မှန်းသိပါတယ်" လို့များ ခနဲ့တဲ့တဲ့ စကားတွေ ရင်မှာဆိုနေမလား။

"မင်းမို့ အရှက်မရှိ မျက်နှာပြောင်တိုက်ပြီး ငါ့ရှေ့လာဝံ့ သေးတယ်နော်၊ ဒီမှာ စိမ်းနုငယ်၊ မင်းတင် သူဌေးသားကို ယူနိုင်တာ မဟုတ်ဘူး။ ကျုပ်လည်း သူဌေးမကြီးကို အပိုင်ချိုင်ပြနိုင်တယ်ဗျ"လို့ မခံချင်စကားတွေ ပြောနေလေမလား။

"ငယ်က သံယောဇဉ်တွေကိုမေ့လို့ ကိုယ့်ကို ငယ်စာရင်းက ဖျက်လိုက်ပြီလား စိမ်းရယ်" လို့ ကြေကွဲသံနှင့် သူညည်းနေရှာမလား။

ထွေပြားသော အနက်အဓိပ္ပာယ်အကျယ်အဝန်းများစွာနှင့် သူ့အကြည့်ကို စိမ်းနားမလည်နိုင်ပါသော်လည်း စိမ်း၏ မျက်ဝန်းညိုညို များတွင်မူ. . .

"စိမ်းကို ခွင့်လွှတ်ပါ ချိုရယ်၊ စိမ်းဟာ သစ္စာရှိတဲ့ မိန်းကလေး အဖြစ် ငယ်ချစ်ကိုစောင့်မျှော်နေခဲ့ပေမယ့် မဆုံစည်းနိုင်တဲ့ ကံကြမ္မာ ကြောင့် ဘို့များခေးကွာရမယ့်အဖြစ်နဲ့ ကြုံကြရတောင် ဘယ်သူ့အပေါ် မှ အပြစ်မမြင်ဘဲ မောင်နှမအချစ်၊ သူငယ်ချင်းအချစ်နဲ့ ချစ်ခင်ပြီး နေကြရအောင်ပါကွယ်"လို့ တောင်းပန်းစကားဆိုနေကြောင်း မျက် နက်ဝန်းများမှတစ်ဆင့် သူ့ကိုပြောကြားခဲ့ပါသည်။

စိမ်းထမင်းစားပွဲသို့ ပြန်လျှောက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းရေ. . . ကိုယ့်အတွက်ရော"

ကိုနိုင့်အတွက် ခေါက်ဆွဲပြင်ပေးရပြန်သည်။

"ဟာ. . . ကိုယ့်ဖာသာမစားချင်ဘူး စိမ်းရ၊ အရင်တုန်းက လို ကိုယ့်ကိုခွံ့ပေးပါလား"

"အရင်က မျက်စိဒဏ်ရာကြီးနဲ့ကိုး"

"အဲသလို သဘောထားပြီးကျွေး"

အရေးထဲ အယုယခံချင်နေသော ကိုနိုင်က တစ်မျိုး။

သူ့ဆန္ဒအတိုင်း သူ့ကိုခေါက်ဆွဲတစ်ဇွန်းခွံ့ကျွေးမိပါသည်။

"အင်း. . . အယုအယ အပြုအစု ကြိုက်တဲ့မိုးနိုင်နဲ့မှ သူနာပြု ဆရာမလာတွေ့နေတာကိုး၊ လိုက်လဲလိုက်ပါ"

စည့်ခန်းမှနေ၍ ကိုနိုင်နှင့်ဆိုးဆိုးပုံကို ကြည့်နေသော ရှင်ယွန်းခိုင်ပြောလိုက်ခြင်းဖြစ်ပါသည်။

စိမ်း ရှက်အမ်းအမ်းလေးဖြစ်ကာ၊ မျက်လွှာချပြီး နေလိုက်ပါ သည်။

သူလည်း ကြည့်နေပါသည်။

"ဒါကတော့ ကိုယ့်ကုသိုလ်နဲ့ကိုယ်ဖြစ်တာ မခိုင်ရ၊ မနာလို စရာ ပဟုတ်ပါဘူးနော်၊ ဒီလိုအပြုအစုခံချင်လို့ သူနာပြုဆရာမကို ရွေးထားတာပါနော်၊ ဟဲ. . . ဟဲ"

သူတို့ချင်း ပျော်စရာအဖြစ် နောက်ပြောင်နေသော စကား များသည် စိမ်းအသည်းနှလုံးကိုအပ်နှင့်ဆွသကဲ့သို့ နာနာကျင်ကျင် ဝေဒနာများခံစားနေရပါလား။

ဇင်ချို၏ အကြည့်မျက်ဝန်းနှင့် တင်းတင်းစေ့ထားသော





နှုတ်ခမ်းအစုံသည် စိမ်းကို ကဲ့ရဲ့ပြစ်တင်စကားများဆိုချင်နေပါလား မသိ။

"သိပ်လည်တဲ့မိန်းမ၊ တတ်လည်းတတ်နိုင်တဲ့မိန်းမ၊ မျက်နှာ များတဲ့မိန်းမ၊ ရည်းစားဟောင်းရှေ့ အသစ်တစ်ယောက်နဲ့ ကလူ ကျီစယ်ပြရဲတဲ့မိန်းမလို့များ ပြစ်တင်ရှုံ့ချမည်ဆိုလျှင် စိမ်း ရင်ကွဲ၍ သေပွဲဝင်လိုက်ချင်သည်။

❋

"စိမ်းစိတ်နဲ့ စိမ်းကိုယ်တစ်သားတည်းမဖြစ်ဘဲ သူတို့အလိုကျ လှုပ်ရှားနေရတဲ့ စိမ်းကိုခွင့်လွှတ်ပါ ချိုရယ်"လို့ တောင်းပန်အကြည့် ဖြင့် သူ့အားကြည့်မိပါသည်။

"တော်ပြီ မခိုင်၊ ကိုယ် အိမ်ကမုန့်ဟင်းစားလာသေးတယ်၊ ဗိုက်ကိုတင်းနေတာပဲ"

သူခေါက်ဆွဲ မစားတော့ပါရှင်။

"ဟယ်. . . ကြည့်စမ်း၊ နည်းနည်းလေးစားတယ်၊ မခိုင်က သူလာမယ်ဆိုလို့ တမင်ချက်ခိုင်းထားတာ"

"တကယ့်ကို မစားနိုင်တော့လို့ပါ မခိုင်ရယ်နော်"

သူက မခိုင့်လက်ကလေးကိုဆွဲ၍ တောင်းပန်ပြောလိုက်ပုံ များကို စိမ်း မြင်တွေ့နေရသည်၊



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ သူတို့လည်း မကြာခင် ယူမှာပဲ၊ ဪ. . . သူတို့အကြောင်း၊ ငါဘာလို့ တွေးနေတာလဲ၊ ဇင်ချို့ကို ခေါင်းထဲကထုတ်ပစ်လိုက်၊ ထုတ်ပစ်လိုက်၊ ငါ့ရင်ထဲမှာ တွဲနေရမှာက ကိုနိုင်ပဲ၊ ကိုနိုင်ဟာ ငါ့တစ်သက်တာ တစ်ဘဝလုံးအတွက် ခရီးဖော်"

ကိုယ့်ကိုယ်ကို တည်ငြိမ်အောင် အသိစိတ်ဓာတ်တွေ မွေးနေရသည်မှာလည်း ပင်ပန်းလှ၏။

ဦးနှောက်ရဲ့ဆန္ဒနဲ့ဆုံးဖြတ်ချက်က နှလုံးသားအလိုကို မပါတော့ ရင်ထဲမှာတနင့်တနဲကြီး ခံစားလာရပါတော့သည်ရှင်။

❖ ❖ ❖



# အခန်း(၂၄)

ကိုနိုင်နှင့် စိမ်း ဒီနေ့ရုပ်ရှင်ကြည့်ရန် အစီအစဉ်ရှိပါသည်။

တစ်နာရီခွဲပွဲကြည့်မည်မို့ စိမ်းတို့ အေးအေးဆေးဆေးပင် စားသောက်ပြီး စကားပြောနေကြပါသေးသည်။

ကိုနိုင်သည် စိမ်း၏အပြုအစုကို ကလေးတစ်ယောက်လို ခံယူချင်သလို သူ့ကိုယ်ဘိုင်ကလည်း စိမ်းအနား ပွတ်သီးပွတ်သပ်လုပ်၍ ယုယနေတတ်သူပင်တည်း။

စိမ်းကို အကောင်းဆုံးဆိုတဲ့ အဝတ်အစားတွေ ဝယ်ပေး၊ အရသာအရှိဆုံးဆိုတဲ့ အစားအစာများ ရောင်းချသောဆိုင်များသို့ ခေါ်ကျွေး၊ လိုလေသေးမရှိ စေတနာဖြိုးဖြိုးဝေတတ်သူပင်။

သည်မျှကောင်းသော သူ့အပေါ် စိမ်းဘာလို့ နှစ်နှစ်ကာကာ မဖြစ်နိုင်တာလဲဟူ၍ တွေးကာ ခါမ်းကိုယ်စိမ်းအပြစ်တင်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာတွယ်ငြိနေသော အချစ်ဟောင်းအပေါ် သံယောဇဉ် မကုန်နိုင်သေးသရွေ့ ကိုနိုင့်ခမျာ တစ်ဖက်သတ်မြတ်နိုးမှုများဖြင့်ပင် သနားစရာကောင်းပါတော့သည်။

ထို့ကြောင့် ရှေ့ဆက်ရမည့်ခရီးတွင် စိမ်းသည် ခမက္ကာနှင့် သစ္စာတရားကို သူ့အပေါ် သာ ကြင်ကြင်နာနာနှင့်ပုံထား၍ လက်တွဲသွားပါတော့မည်ဟု သန္နိဋ္ဌာန်ချပြီး ဖြစ်ပါသည်။

ဒီနေ့လည်း ထမင်းစားပြီးသည်နှင့် သူကိုယ်တိုင်ရေခဲသေတ္တာထဲမှ စတော်ဘယ်ရီထုတ်ကာ နွားနို့နှင့်ဖျော်၍ ပေးနေပါသည်။

ပြီးတော့ သူကိုယ်တိုင်ဇွန်းနှင့်ခပ်၍ ခွံ့ကျွေးပြန်ပါသည်။

မကျွေးပါနှင့် ဆိုလည်းမရ။

သူက တစ်ခါတလေ ကလေးကိုအပြုအစုခံချင်၍ တစ်ခါတလေ သူကပြန်ပြီး ယုယချင်သူ။

"ဘယ်နှယ့်လဲ၊ ကောင်းလား"

"ကိုနိုင့်စေတနာကြောင့်လားမသိဘူး... စတော်ဘယ်ရီဖျော်ရည် ကလေးက ချိုမွှေးနေတာ၊ ရင်ထဲကိုအေးသွားတာပဲ"

"ဟဲ... ဟဲ"

သူကျေနပ်သွားပါသည်။

"လင်နဲ့ မယားဆိုတာ"

"ဘယ်က လင်နဲ့ မယားလဲ ကိုနိုင်ရဲ့"

"တစ်နေ့တော့ ကိုနိုင်ဟာ စိမ်းရဲ့လင်၊ စိမ်းဟာ ကိုနိုင့်မယားဖြစ်တော့မှာပဲကွာ၊ အဲဒီအခါဆိုရင် ဒီလိုပဲ တစ်ယောက်တစ်လှည့်ကြင်နာမယ် သိလား၊ ကိုနိုင် ပင်ပင်ပန်းပန်းအလုပ်က





ပြန်လာတဲ့အခါ စိမ်းရဲ့ အပြုအစုခံပြီး စိမ်းပင်ပန်းတဲ့အခါ ကိုယ်က ပြန်ပြုစု၊ အဲ... ဒါပဲနော် စိမ်း၊ ကိုယ်နဲ့ လက်ထပ်ပြီးရင် အလုပ်မလုပ်ရတော့ဘူး"

"ဟင်... ဘာဖြစ်လို့လဲ"

"ကိုယ့်မိန်းမဖြစ်ပြီပဲ၊ ကိုယ်တစ်ယောက်တည်း စိမ်းကပြုစုတိုယ့်အတွက် စိမ်းပဲဖြစ်ရမယ်၊ ကိုယ်ရှာကျွေးတာ အေးအေးဆေးဆေး ထိုင်စား"

"ဘယ်ဖြစ်မလဲရှင်ရဲ့၊ စိမ်းက ဝါသနာနဲ့ စေတနာကြောင့် သူနာပြုအလုပ်ကို ဝင်လုပ်နေတာပါ၊ စိမ်းရဲ့သန့်စင်တဲ့စေတနာကို အသိအမှတ်ပြုရင် စိမ်း အလုပ်ဝင်လုပ်ပါရစေကွယ်... နော်"

"အေးလေ... လုပ်ချင်လုပ်ပေါ့၊ ဒါပေမယ့် မိန်းမလူနာကိုပဲ ပြုစုရမယ်"

"အဟင်း... ဟင်း၊ ကိုနိုင်ရယ်၊ ကြံဖန်ပြီး သဝန်ကြောင်တတ်လိုက်တာနော်"

"ချစ်တာကိုး စိမ်းရဲ့၊ တော်ကြာ ကိုယ့်ရင်ထဲကနေ တခြားတစ်ယောက်ယောက်နေ ဘ် ကောက်ကောက်ပါအောင် လိုက်သွားမှ ဒီကောင်ဆွေးရမယ့် အဖြစ်မျိုး"

"တော်ပါတော့ ကိုနိုင်ရယ်၊ အဲဒီလို သဘောထားမှသေးစမ်းပါနဲ့၊ ကိုနိုင့်ကျတော့ စိမ်း လာပြုစုရတာ"

"အဲဒါကြောင့် ပြောတာပေါ့၊ ကိုယ့်လိုလူမျိုးနဲ့တွေ့မှ ဟုတ်ပေ့ဖြစ်နေမယ်"

"စိမ်းတို့ သူနာပြုဆရာမများဟာ... လူနာတိုင်း အပေါ်



www.burmeseclassic.com

www.burmeseclassic.com



သက်သာပျောက်ကင်းအောင်ပြုစုရမှာပဲ၊ လူနာအပေါ်ထားတဲ့ စေတနာကတစ်မျိုး၊ ကိုနိုင့်အပေါ်ထားတဲ့ စေတနာကတစ်မျိုး"

"ကိုယ့်အပေါ်ထားတဲ့ စေတနာဆိုတာက. . ."

"ဩော်. . . ကွယ်၊ ကိုနိုင့်ကိုတော့ ချစ်သူတို့ထားတဲ့ အချစ်မျိုးနဲ့"

"ဘာ. . . ကိုယ့်ကို စိမ်းချစ်ပြီပေါ့ ဟုတ်လား၊ ပြန်ပြောစမ်း ပြောစမ်း၊ ကိုယ်ထပ်ကြားချင်တယ်"

"ကိုနိုင်ကလဲ"

"ပြောစမ်းပါ စိမ်းရယ်၊ ချစ်တယ်လို့"

သူ စိမ်းကိုရင်ခွင်ထဲပွေ့ရင်းက သူ့လက်များဖြင့် စိမ်း မေးဖျားလေးကို ကိုင်မော့လိုက်ပါသည်။

"ပြောကွာ. . .၊ စိမ်းက တကယ်တပ်အေးနည်းတယ်၊ ချစ်တယ်ဆိုတဲ့ စကားကိုတောင်ပြောဖို့ နှမြောသေးတယ်နော်၊ ကိုယ့်ကို ချစ်လား"

သူ့ကို ချစ်တယ် မပြောမချင်း လူနာအမဲခြောက်တောင်း သလို တောင်းနေတော့မည့်ပုံစံမျိုးမို့ သူကြားချင်သည့်စကားပြောရန် ပါးစပ်များ ဖွင့်ဟလိုက်စဉ်. . .

"ကလင်. . . ကလင်. . . ကလင်"

"ဟာ. . . အရေးကောင်းတုန်း ဒိန်းဒေါင်းဖျက်ပြီ"

သူမျက်နှာကြီးစူပုတ်ပြီး တယ်လီဖုန်းရှိရာ ထသွားပါသည်။

ဟယ်လို. . . အမိန့်ရှိပါ"

". . . . . . . ."





"အင်း၊ ဘာလဲ၊ ဦးလှမြင့် ကားနဲ့ပြန်လာမယ်ဆို"

". . . . . . . ."

"မခိုင်က သိပ်လောတာပဲ၊ အဲဒီကားနဲ့ အေးအေးဆေးဆေး ပြန်လာခဲ့ပေါ့၊ ခုတော့ ကျွန်တော်တို့လည်း ရုပ်ရှင်သွားရမှာ"

". . . . . . . ."

"ဒါပေါ့၊ သူနဲ့ပဲဖြစ်ရမယ်၊ စိမ်းနဲ့အတူတူ သွားမှာပေါ့၊ ခု. . . စိမ်း အနားမှာရှိတယ်"

". . . . . . . ."

"အခုလာခဲ့မယ်"

သူတယ်လီဖုန်းကို ချလိုက်ပြီး. . .

"ကဲ. . . စိမ်း၊ ခဏစောင့်ဦး၊ မခိုင်ကို သွားကြိုရမယ်"

"ဟင်. . . မခိုင်ပြောတော့ အလျှအိမ်ကကားနဲ့ ပြန်လာမယ် ဆို"

"အဲဒီလိုပြောသွားတာပဲ၊ ခုတော့ အလျှအိမ်ကကား မအားတာနဲ့ ကိုယ့်ကိုလာကြိုခိုင်းနေတယ်၊ မခိုင်က အဲဒါမျိုးချည်းပဲ"

"သွားလိုက်ပါ၊ ကိုနိုင်ကလည်း၊ ဘယ်နှယ့် ဒေါသဖြစ်နေတာ လဲ"

"မဟုတ်ဘူးကွ၊ မခိုင်လုပ်ရင် ဒီအတိုင်းချည်းပဲ၊ ဒရိုင်ဘာ ကလည်း ခွင့်ယူထားတယ်"

"အိမ်စောင့်နေရလို့ ဘာမှအပန်းမကြီးပါဘူးကွယ်၊ သွား လေ"

သူ စိမ်းပခုံးကို တစ်ချက်ဖျစ်ညှစ်ပြီးမှ နေကာမျက်မှန်ကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်တပ်၍ထွက်သွားပါသည်။

ရှင်ယွန်းခိုင်တို့မှာ ဆွေမျိုးမိတ်သင်္ဂဟ ပေါများသည့်အပြင် အဆိုတော်လည်းဖြစ်နေ၍ သွားစရာပွဲလမ်းအလှူမင်္ဂလာကိစ္စတွေက မအားမလပ်ရအောင် များပြာလှသည်။

ဒေါ်မမခင်ကလည်း သာရေးနာရေးကိစ္စတွေ သွားသမျှ သမီးကြီးကိုတော့ မအားသည့်ကြားက အရခေါ်သွားတတ်ပါသည်။

ကိုနိုင့်ကိုတော့မူ ဘယ်လောက်ခေါ်ခေါ်လိုက်မည်မဟုတ် သည့်အတူတူ ချန်ထားခဲ့သည်သာများ၏။

ကိုနိုင်က လူထူထပ်ရာနေရာများကို ရှောင်တတ်၏။

သူ့ဖာသာ အေးအေးဆေးဆေးနေတတ်သူ။

အစားကောင်းကောင်းကြိုက်သူ၊ အဝတ်အစားကို သန့်ပြန့် နေမှု၊ နေရာထိုင်ခင်း သန့်ရှင်းမှု. . . .

"အဟမ်း. . . အဟမ်း"

ရုတ်တရက်ကြားလိုက်ရသောအသံကြောင့် စိမ်း စဉ်းစား တွေဝေနေမိရာမှ အလန့်တကြားနောက်သို့ လှည့်ကြည့်မိပါ၏။

ညှော်ခန်းအလယ်မှာရပ်နေသော သူ့ကို တွေ့လိုက်ရပါသည်။

သူဆိုသည်ကား ကိုနိုင်မဟုတ်။

မောင်မောင်လွမ်းပြေဟု နာမည်ကြီးနေသော ဇင်ချိုပင်ဖြစ် ပါသည်။

တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ကင်းမဲ့သောမျက်လုံး များဖြင့် ခေတ္တခဏ ကြာအောင်ငေးကြည့်မိကြပေသည်။

သူကားအရင်လိုပုံစံမပျက်၊ နူးငယ်ချောမောသော ရုပ်ရည်





ပိုင်ရှင်တစ်ဦးပင်တည်း။

ရှပ်အရှည်လက်ရှည်အသားရောင်၊ ပုဆိုးအညိုကွက်နှင့် သပ်ရပ်စွာ ဝတ်ဆင်ထားသည်။

စိမ်းကအရင် စတင်ပြောလိုက်ပါသည်။

"မမခိုင်ဇီနဲ့တွေ့ချင်လို့လား"

သူခေါင်းညိတ်ပြီးမှ. . .

"ဟုတ်ပါတယ်၊ သီချင်းရေးပြီးသားလာပို့တာ"

"မခိုင်မရှိပါဘူး၊ စောင့်ချင်စောင့်ပါလား၊ ခုပဲ. . . ပြန်လာ မှာ"

"ဟုတ်ကဲ့"

သူဒါပဲပြောပြီး ထိုင်ခုံတစ်ခုံမှာ ထိုင်ချလိုက်သည်။

စိမ်းလည်းသူနှင့် စကားဆက်ရန်အကြောင်းမရှိ၍ ထိုင်နေ ရာကောင်းနိုးနိုးစဉ်းစားတာ ထမင်းစားခန်းဘက်သို့ လှည့်လိုက်ပါ သည်။

"စိမ်း"

သူ စိမ်းကို ခေါ်လိုက်ပါသည်။

သူ့အသံသည် စိတ်လှုပ်ရှားမှုကြောင့် တုန်ယင်နေပါသည်။

စိမ်းရင်များလည်း ခုန်နေပါသည်။ သူ့ကိုကြည့်ရင်းအလိုလို ငမ်းနည်းလာသည်ဟု ထင်ပါ၏။

"ကိုယ့်ကိုစကားတောင် မပြောချင်တော့ဘူးလား"

မပြောချင်လို့ မဟုတ်ဘူး၊ မပြောရက်လို့၊ ပြောရခက်လို့ ဆိုတာ သူသိအောင် ပြောမထွက်ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့လေ၊ သူဌေးကတော်ကြီးဖြစ်တော့မယ့်သူဆိုတော့ ကိုယ်တို့လို ဂီတသမားအညတြကို စကားမပြောချင်အောင်ဖြစ်ပြီး စိတ်ကြီးဝင်နေတော့မှာပေါ့နော်"

"ဟင်"

စိမ်းဆတ်ခနဲ တုန်လှုပ်သွားပါသည်။

ကြည့်စမ်း. . .။ သူ့စကားက ဘာစကားလဲ။ လူကို သက်သက်ငေါ့လိုက်တာနေမှာပေါ့။

သူဌေးကတော်ကြီး ဖြစ်တော့မယ့်သူတဲ့။

စိမ်းကို မာနတွေကြီး၊ နားထင်သွေးရောက်အောင်ဘဝင်မြင့်နေလို့ သူ့ကိုစကားပြောဖော်မရတာလို့ ခနိုးခနဲ့ထေ့လိုက်တဲ့စကားက စိမ်းအသည်းကို ဆတ်ဆတ်ခါနာကျင်စေပါသည်။

"ရှင်. . . ဘာစကားပြောတလဲ ကိုမောင်မောင်လွမ်းပြေ၊ မိန်းမလို မိန်းမရခနိုးခနဲ့ မပြောပါနဲ့၊ ကျွန်မတင် သူဌေးကတော်ဖြစ်တာလား၊ ရှင်ကော သူဌေးမနဲ့ယူတော့ သူဌေးကြီးဖြစ်မှာပဲမဟုတ်လား"

ထွက်လာသော ဒေါသအရှိန်ကြောင့် စိမ်း ပက်ခနဲ ရန်စကားတွေ ပြောမိတော့သည်။

ဇင်ချိုသည်လည်း မေးကြောကြီးထောင်အောင် ဒေါသထွက်ေ ါသည်။

တောက်တစ်ချက်ခေါက်ရင်း. . .

"ဒီမှာ. . . မင်းလို ဂုဏ်ပစ္စည်းငွေအရှိန်ကြောင့် မခိုင်ကို ယူမယ်အောက်မေ့လို့လား"





"ဩော်. . . အဲဒီလိုအောက်မေ့တယ်လို့ မပြောရဲပါဘူးရှင်၊ မခိုင်ကို တကယ့်မေတ္တာစစ်နဲ့ချစ်လို့ယူမယ်လို့ပဲ ထင်ပါတယ်နော်၊ ရှင့်ရဲ့တစ်ချစ်ကနှစ်ချစ်ပြောင်းလွဲပြီး ချစ်တတ်တဲ့ မေတ္တာကိုလည်း လေးစားမိပါရဲ့၊ အဟင်း. . . ဟင်း"

"မင်း၊ ငါ့ကိုမစော်ကားနဲ့၊ မင်းကျတော့ကော တစ်ယောက်ကနှစ်ယောက်မပြောင်းလဲဘူးလား၊ ပြော. . . ပြောလေ"

ဇင်ချို ဒေါသတကြီး စားပွဲကိုလက်နှင့် ထုကာအော်ပါတော့သည်။

"ပြောပါ့မယ်၊ ရှင်ထင်သလို ကျွန်မကတစ်ချစ်ကနှစ်ချစ်၊ အသစ်အသစ်တွေပြောင်းလဲချစ်တတ်ခဲ့တာ မဟုတ်ဘူး၊ ကျွန်မရင်ဘတ်ထဲမှာ နှလုံးသားတစ်ခုနဲ့ အချစ်တစ်ခုပဲရှိတယ်၊ ခုတော့ အဲဒီ အချစ်လည်း မရှိဘူး၊ မရှိတော့ဘူး၊ ကျွန်မမှာ အချစ်မရှိတော့ဘူး သိရဲ့လား၊ ကိုနိုင့်ကို လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့တာ သူ့ကို ပစ္စည်းမက်လို့ ကျွန်မအလွယ်တကူလက်ခံခဲ့တယ်လို့ မယူဆလိုက်ပါနဲ့၊ ကျွန်မချစ်တဲ့သူကို အနှစ်နှစ်အလလစောင့်ခဲ့ပြီး အတန်တန်ငြင်းခဲ့ပါတယ်၊ ကျွန်မချစ်သူဟာ တခြားတစ်ယောက်နဲ့ယူတော့မလောက် သေချာနေတယ်ဆိုမှ ကျွန်မ မေမေ့စကားကို ခေါင်းညိတ်ခဲ့ရတာပါ၊ ဒါကို ရှင်သိရဲ့လား၊ သစ္စာမရှိတာကရှင်"

ဒေါသအရှိန်သေသွားပြီမို့ စိမ်း ငိုချင်လာပါသည်။

ဇင်ချိုကလည်း စိမ်းမျက်နှာကို သေချာကြည့်ပြီး. . .

"အေး၊ မင်းအဲလိုထင်တာမှားသွားပြီ၊ မင်းအိမ်ထောင်ကျပြီ ပြုတ်လို့ မင်းအတွက်သောကတွေပျောက်မလားလို့အစားထိုးအချစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုရှာခဲ့တာ၊ ဒီမှာ စိမ်း၊ ငါဘဝနာခဲ့ရတဲ့အကြောင်း မင်းဘယ်လောက် သိလို့လဲ၊ မင်းကလွဲပြီး ဘယ်သူ့မှ မချစ်ခဲ့တာမင်းသိမှာပါ။ မင်းဟာ အစအနရှာမရအောင် ပျောက်သွားခဲ့ပြီး ကိုယ်ရူးမတတ်ခံစားခဲ့ရတယ်၊ နောက်တော့ ဖေဖေဆုံးတယ်၊ ကိုယ့်ဘဝ ခြေသလုံးအိမ်တိုင်ဘဝနဲ့ လေလွင့်ခဲ့ရတယ်၊ မင်းကို မမေ့နိုင်လို့ တမ်းတတဲ့စိတ်နဲ့ မောင့်ရဲ့ စိမ်းသီချင်းကို ငါဆိုခဲ့ရတာပေါ့"

စိမ်း ဘာမှမပြောနိုင်တော့။

ချစ်သူဘဝ ရင်နာရှင်နင့်စရာတွေနဲ့ ကြုံခဲ့ရမှာပဲလို့ တွေးရင်း ဇင်ချို့လက်မောင်းတစ်ဖက်ကို မချိတင်ကဲ ဝမ်းနည်းစွာဖြင့် ကိုင်တွယ်မှီထားလိုက်ပါသည်။

"စိမ်းသိပါပြီ ချိုရယ်၊ ချို့ကို စိမ်းသနားတယ်"

လွမ်းမောရသောရက်များနှင့် ထိန်းချုပ်ရသော သောကဝေဒနာများ ပေါက်ကွဲထွက်ကြကုန်ပြီ ထင်ပါရဲ့. . .

ဇင်ချိုက စိမ်းငိုနေတာကိုမကြည့်ရက်စွာ သူ့ရင်ခွင်မှာထား၍ စိမ်းအားချော့မော့နှစ်သိမ့်သလို ပခုံးကို ပွတ်ပေးမိ၏။

"စိမ်းဟာ လွတ်လပ်တဲ့ဘဝမှာရှိသေးတယ်ဆိုရင် ကိုယ်မခိုင်ကို သံယောဇဉ်ဖြစ်မိမှာ မဟုတ်ဘူး။ စိမ်းကို ဘယ်လောက်ထိချစ်တယ်ဆိုတာ စိမ်းသိမှာပါ၊ စိမ်းအတွက် ခံစားတဲ့ဝေဒနာတွေပျောက်လေမလားလို့ အစားထိုးအချစ်နဲ့ မခိုင်ကို စချစ်ခဲ့မိတာပါ၊ ဒီအချိန်ကျမှ စိမ်းကိုလာတွေ့ရတာ ဘယ်လောက်ရင်နာဖို့ ကောင်းလဲ"

ကြေကွဲမှု အထွတ်အထိပ်ကိုရောက်သောအခါ စိမ်းနှင့်





ဇင်ချိုတို့မှာ မငိုဘဲ မနေနိုင်ကြပါ။

မျက်ရည်များစီးကျနေသော ဇင်ချို့ပါးပြင်ကို စိမ်းက လက်ကိုင်ပဝါဖြင့် အသာတို့၍ ပွတ်ပေးမိပါသည်။

"မငိုပါနဲ့ ချိုရယ်၊ မငိုပါနဲ့၊ တို့များချစ်သူနှစ်ယောက် တကယ်ချစ်ကြပါလျက်နဲ့ လမ်းလွဲခဲ့ကြတော့ အသည်းနာစရာကောင်းပါတယ်၊ ဘဝကံကြမ္မာဆိုးကြောင့်လို့ ပြောရမှာပေါ့နော်၊ ချို့ကို အငိုစေချင်ဘူး၊ စိမ်းကြောင့် ချိုမငိုရဘူး"

စိမ်းသည် စိတ်ကိုလွှတ်ပေးမိသည်အဖြစ်ကို သတိတရ ပြန်လည်ချုပ်ထိန်းကာ မသင့်တော်သောအခြေအနေကို ဆင်ခြင်မိသဖြင့် ဇင်ချို့ရင်ခွင်မှ ရုန်းထွက်လိုက်ပါသည်။

ဇင်ချိုကလည်း သာသာကြည်ကြည် လွှတ်ပေးပါသည်။

"ခုနေခါ စိမ်းတို့မှာ ပိုင်ဆိုင်ရမယ့် သူတွေကိုယ်စီနဲ့ စောင့်ထိန်းရမယ့် သစ္စာကို မဖျောက်ဖျက်ကြရအောင် ကြိုးစားကြပါစို့ကွယ်. . . နော်. . . ချို၊ စိမ်း. . . ချို့အတွက် ဝမ်းသာပါတယ်၊ လောင်တဲ့ အချစ်တွေကိုမေ့ပြီး သန့်စင်တဲ့မေတ္တာနဲ့ မောင်နှမတွေလို သက်ပြီးချစ်နိုင်ကြပါစေတယ်ကွယ်၊ စိမ်းကို သူငယ်ချင်းလိုပဲ ချစ်ပါ"

"ပြောရက်တယ် စိမ်းရယ် အေးလေ. . . အဲဒီလိုပဲ ဖြစ်ရမှာပေါ့"

ဇင်ချို စိမ်း၏ပခုံးနှစ်ဖက်ကိုဖွဖွကိုင်ရင်း မျက်လုံးများထဲသို့ စိုက်ကြည့်ကာ မချင့်မရဲလေးပြောလိုက်ပုံသည် စိမ်းအသည်းတွေကို ဖျပ်ဖျပ်ခါ တုန်လှုပ်စေပါသည်။

"သြော်. . . ကောင်းကြတယ်၊ သိပ်ကို ကောင်းကြတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



လေ"

ဖျတ်ခနဲ စိမ်းတို့လူချင်းခွာလိုက်မိပါသည်။ ရုတ်တရက် ကြားလိုက်ရသော အသံနှင့်အတူ ဒေါသတကြီး အမူအရာများနှင့် စိမ်းတို့ဆီလျှောက်လာနေပါသော ဒေါ်မမခင်နှင့် ရှင်ယွန်းခိုင်ကို တွေ့လိုက်ရပါသည်။

"တော်တယ်၊ တော်ကြတယ်၊ အများကြားလို့မြင်လို့မှ မကောင်း၊ သင်းတို့မို့ အရှက်မရှိဖောက်ပြန်ကြတာ ခွေးတိရစ္ဆာန်တွေ ခွေးဇာတ်ခင်းကြဟာ"

ရင့်ရင့်သီးသီးစကားများပြောဆိုလာသော ဒေါ်မမခင်ကို စိမ်းတို့မှင်သက်ငေးကြောင်ကြည့်နေမိကြပါသည်။

ရှင်ယွန်းခိုင်၏ပါးမှာမူ မျက်ရည်စတွေနှင့် တုန်ယင်နေသော နှုတ်ခမ်းလှလှကို ငိုက်ကိုက်ထားသည်ကို တွေ့ရပါသည်။

စိမ်း စိုးရိမ်တကြီး ကိုနိုင့်ကိုရှာနေမိ၏။ သူတို့နှင့်အတူ ကိုနိုင်ပါမလား..

"ဘုရားမလို့ ဒီအဖြစ်ကို စောစောစီးစီးသိရတာ၊ နို့မို့ ငါတို့ မိသားစုကိုယ်ကျိုးနည်းရတော့မှာ ဒီမှာစိမ်း... ညည်းကို အစက ရိုးရိုးအေးအေးလေးလို့ တို့အထင်တကြီးနဲ့ သားနဲ့ပေးစားဖို့ စိစဉ်ထားတာ တော်ပါသေးရဲ့၊ ဒီပုံစံနဲ့ ဒီအဖြစ်ကို ငါသားမတွေ့လို့"

"ကျွန်တော် ရှင်းပြပါရစေ ဒေါ်ဒေါ်"

"ဘာမှ မရှင်းနဲ့ မကြားချင်ဘူး၊ သစ္စာမရှိတဲ့လူ၊ တော်ပါ သေးရဲ့၊ စောစောက သိတာ ကိုဘာသမားလူရိုးလူအေးပါ မေမေရုပ် သမီးကို ကြင်နာပါတယ်ဆိုအေး... မခိုင်... ညည်းလူဘက်





ရွေ့နေလိုက်ပါဦးလားအေး၊ အစကဘည်းက ပြောခဲ့တယ် မဟုတ်လား၊ အလျင်စလို မဆုံးဖြတ်ပါနဲ့၊ ညည်းအဖြစ်ဟာ ကလေးမုန့်ပေးကြိုက် သလိုဖြစ်နေပြီ၊ အရွယ်နှင့် မတူတဲ့အထဲ အဆင့်ချင်းလည်းမတူ၊ ခုတော့ အပျိုကြီးတစ်သက်လုံးလုပ်မယ်ဆိုတဲ့ မိန်းမ၊ ခုတော့ ကောင်း သေးရဲ့သား ရှက်လိုက်တာအေး၊ ရှက်လိုက်တာ..."

"မခိုင်... ကျွန်တော် ရှင်းပြ..."

"စိမ်းပြောတာနားထောင်ပါဦး မခိုင်"

"ဘယ်သူဘာမှ ပြောမနေနဲ့၊ တို့ကို အနုံအ,အတွေမှတ်လို့ လား၊ တော်ပါပြီ မိန္ဒေစိမ်းရယ်၊ ညည်းကစကားလေးချိုချို လျှာဖျားနဲ့ စားလာတာ၊ ငါတို့ ညည်းအပြောကောင်းတာတွေကြောင့် သား နဲ့တောင် ပေးစားမလို့"

"မခိုင်... မောင်ရှင်းပြ..."

"တော်ပါလတ်ဆုပ်လက်တိုင်မိနေမှ မုန်လာဥလုပ်မနေပါနဲ့ တော့၊ တို့မြင်လည်း မမြင်ချင်ဘူး၊ ကြားလည်း မကြားချင်ဘူး"

အခြေအနေတွေ ရှုပ်ထွေးလွန်းနေပြီ။

စိမ်းတို့စကားကို အယုံအကြည် မရှိကြ။ တစ်ယူသန်စိတ်နဲ့ စွပ်စွဲပြောဆိုသမျှ ငြိမ်ခံနေရသော်လည်း စိမ်းမှာ ဖြေရှင်းနိုင်စွမ်းပင် မရှိတော့၊ ဆိုးရွားသောကံကြမ္မာနှင့် ရင်နင့်ဖွယ်ရာအဖြစ်ကိုသာ နာကြည်းမဆုံး ငိုရှိုက်နေမိပါသည်၊

"မခိုင်... ရှင်းပြတာ သေချာနားထောင်ပါဦး"

"နားမထောင်ချင်ဘူးလို့ ပြောနေတယ် မဟုတ်လား"

"ဟုတ်တယ်၊ ဆင်သေကို ဆိတ်သားရေနဲ့ဖုံးလို့မရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဟင်း. . . စကတည်းက မပြောဘူးလား၊ ညည်းထက် အသက်ငယ်တဲ့ ကောင်လေးက ညည်းကို ကြိုက်တယ်ဆိုတာ ပစ္စည်းမက်လို့၊ ခု. . . သိပြီလားဟင်၊ အပျိုကြီးမရဲ့"

"ဟာ. . . ဒီစကားထည့်ပြောမနေပါနဲ့၊ ခင်ဗျားတို့ ငွေရှင်ကြေးရှင်တွေဟာ ဒီလိုပဲ၊ တစ်ဆိတ်ရှိငွေ. . . ငွေနဲ့ ငွေစကား၊ ရွှေစကားက,လွဲရင် တခြားဟာ မပြောတတ်ဘူးလား။ ဒီမှာ ငွေမက်တဲ့ ကောင်မှတ်နေလား၊ ကြည့်ထား. . . ကျွန်တော်ဟာ အနုပညာက လွဲရင် ဘာမှတန်ဖိုးမထားဘူး၊ ဒီလောက်တောင် မာန်တက်ခနေပါနဲ့၊ ဒေါ်ဒေါ်တို့ ဘယ်လောက်ချမ်းသာသာ ကျုပ်အတွက် အကြောင်းမဟုတ်ဘူး၊ ဒီမှာ မခိုင်၊ ကျွန်တော့် မေတ္တာကို သံသယဖြစ်နေရင် လမ်းခွဲရုံပဲ"

"ဟင်. . . သူကပဲ ပြောရတယ်ရှိသေး၊ ကြွ. . . ကြွ၊ မြန်မြန်ကြွ၊ တို့သမီးကလည်း မင်းလို သီချင်းရေးပြီး ထမင်းစားနေရတဲ့လူကို ဘာမက်မှာလဲ"

ဆောင့်ကြီးအောင့်ကြီးပုံစံနှင့် ဇင်ချိုထွက်သွားပါတော့သည်။

❉ ❉ ❉



## အခန်း(၂၅)

"စိမ်း"

ကိုနိုင်ပြန်လာသောအခါ ဒေါ်မမခင်က အိမ်မှာပြဿနာဖြစ်နေပုံကို ပြောပြနေသဖြင့် ကိုနိုင်ဒေါသမီးတောက်နေပါသည်။

"မေမေတို့ ပြောတာ ဟုတ်လား"

စိမ်း၏ပခုံးနှစ်ဖက်ကို လက်ဖြင့်ဆုပ်ကိုင်ပြီး မေးလိုက်သော ကိုနိုင့်မျက်လုံးတွေသည် မခံချင် မကျေနပ်စိတ်တွေဖြင့် ဝင်းဝင်းတောက်နေလေသည်။

ဖြေရှင်းခွင့်မပေး စွပ်စွပ်စွဲစွဲ ပြောချင်တိုင်းပြောနေကြသောကြောင့် စိမ်း ငမ်းပန်းတနည်းငိုကြွေးနေမိသည်။

"စိမ်းနဲ့ ကိုလွမ်းပြေ အရင်ကချစ်ခဲ့ကြလား"

စိမ်း ခေါင်းညိတ်ပြမိသည်နှင့် ကိုနိုင် ပေါက်ကွဲတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငယ်ရည်စားတွေပေါ့ ဟုတ်လား"

"စိမ်းတို့ ပဲခူးမြို့မှာ ငယ်ငယ်ကတည်းက ကျောင်းနေဖက် သူငယ်ချင်းတွေပါ"

"ဒါတွေ မလိုချင်ဘူး၊ မင်းတို့ ချစ်ခဲ့ကြတာ အမှန်ပဲပေါ့"

"ချစ်. . . ချစ်ခဲ့ပါတယ်၊ ဒါပေမယ့် ခုနေခါ စိမ်းသူ့ကို သူငယ်ချင်းတစ်ယောက်လိုပဲ သဘောထားပါတယ်၊ စိမ်းက ကိုနိုင့်ကိုပဲ လက်ထပ်မှာပါ"

"တော်ပါတော့၊ ငါနဲ့လက်ထပ်မှာက လူကြီးတွေကို မလွန်ဆန်နိုင်လို့ မဟုတ်လား၊ မင်းသဘောနဲ့ မင်းဆိုရင် မင်းငါ့ကို မယူပါဘူးကွာ၊ ဘာကြောင့်ငါ့ကို ငြင်းခဲ့သလဲဆိုတာ ငါခုမှ နားလည်တယ်၊ မောင်မောင်လွမ်းပြေရဲ့ စိမ်းသီချင်းဟာ လက်စသက်တော့ ဒီမရွှေစိမ်းကိုကွ၊ ဒါနဲ့များ တို့ရှေ့ကျတော့ မသိကြသလိုလိုနဲ့ မင်းတို့သိပ်ပိုင်တယ်ကွာ၊ ကြာကြာဟန်မဆောင်နိုင်လို့ မေမေတို့ သိကုန်ကြတာပေါ့၊ ရက်စက်ပါပေ့ကွာ"

"မေမေတို့ အမြင်လွဲတာပါ ကိုနိုင်ရယ်"

"မပြောနဲ့. . . မပြောနဲ့၊ စကားပြောကောင်းလှပြီ ချိုသာလှချည့်ရဲ့လို့ ငါထင်ခဲ့တဲ့ မင်းပါးစပ်က အလိမ်အညာတွေနဲ့ပလီဦးမလို့လား၊ မေမေက မဟုတ်ဘဲ မပြောဘူး၊ ခွေးကောင်မောင်မောင်လွမ်းပြေ၊ အနုပညာပန်းပြီး မိန်းမတွေကို ဖျက်ဆီးနေတာ၊ ငါ့အစ်မကိုလည်း လှည့်စား၊ ငါ့ကိုလည်းစော်ကား၊ ကိုနိုင်တို့ကို ဒီလိုလှည့်စားလို့ ဘယ်ရမလဲ"

ကိုနိုင်သည် စိမ်းကို တွန်းပစ်ခဲ့ပြီး လျှင်မြန်စွာထွက်သွား





တော့သည်။

တွန်းပစ်သည့်အရှိန်နှင့် စိမ်း ကြမ်းပြင်ပေါ်သို့ လဲကျသွားတော့၏။

သို့သော် နာကျင်ရမှန်းမသိ။ ကိုနိုင်ကို ဆွဲထားမိ၏။

"ကိုနိုင်ဒေါသရှေ့ထားရင် မှားလိမ့်မယ်၊ စိမ်းရှင်းပြတာနားထောင်ပါဦး၊ စိမ်းအပေါ်မှာ သံသယစိတ်တွေ မဝင်ပါနဲ့၊ စိမ်းပြောတာနားထောင်ပါဦး ကိုနိုင်ရယ်နော် ခဏလေးနေပါဦး"

"ဖယ်စိမ်း၊ ဘာမှ မူယာမာယာတွေပြပြီး မပလီပါနဲ့၊ ဒီကောင်နဲ့တွေ့ကိုတွေ့ရဦးမယ်"

ကိုနိုင်သည် စိတ်ဆတ်သူ၊ စိတ်မြန်သူဖြစ်သည့်အားလျော်စွာ စိမ်းစကားတွေ နားမဝင်၊ ကမူးရှူးထိုး ကားမောင်းပြီး ထွက်သွားတော့၏။

စိမ်းရင်တို့သည် အထိတ်တလန့် ခံစားနေရသလို တဖျပ်ဖျပ်တုန်ကာ ကတုန်ကယင်နှင့် ခေါင်းတစ်ခုလုံးလည်း အပူမီးတွေလျှံဝေနေပါပြီ။

ကြီးမားသောစိုးရိမ်စိတ်တို့ဖြင့် စိမ်းခြံပြင်သို့ ပြေးထွက်လာမိ၏။

စိတ်ကယောက်ကယက်နှင့် စိမ်းအဖြစ်မှာ စိတ်မမှန်သူ စိတ္တဇဝေဒနာသည်တစ်ယောက်နှင့် တူနေပါလိမ့်မည်ကိုပင် သတိမထားနိုင်။

စိမ်း ရှေ့ရောက်လာသောအငှားကားကို လက်တားရှ်ကိုနိုင့်ကားနောက်လိုက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်ယွန်းခိုင်ပြောပြ၍ ဇင်ချိုဘယ်မှာနေသည်ဆိုတာသိသည်။ အဲဒီကိုပဲ ကိုနိုင်သွားမှာ မဟုတ်လား။

စိမ်းငှားစီးလာသောကားက စက်သိပ်မကောင်းလှဘဲ ဖြည်းလေးစွာ မောင်းနေပါ၏။ ကားပေါ်မှာ ဝနာမငြိမ်လိုက်ပါရင်းက စိမ်းအတွက် တစ်ကမ္ဘာမျှလောက်ကြာသည်ဟု ထင်ရသည်။

စိတ်တိုစိတ်ဆတ်စိတ်မြန်သူ ကိုနိုင်၏အပြုအမူကို လူဖြောင့်စိတ်တိုဇင်ချိုက မည်သို့တုန့်ပြန်လိုက်မည်နည်း။

နှစ်ဦးစလုံး၏ဒေါသအရှိန်ကြီးအားလာလေလေ ပြဿနာကြီးထွား၍ ခြေလွန်လက်လွန်ဖြစ်ပါက မည်သို့မျှအကျိုးမရှိ၊ နစ်နာထိခိုက်ကြမည့်အကြောင်းများသာ ဖြစ်ပါသည်။

ဇင်ချိုနေသောအိမ်ကို အလွယ်တကူရှာမတွေ့သေး၍ စိတ်ရှုပ်ထွေးရပြန်ပါသည်။

"ဟော. . . အဲဒီအိမ်ပဲ၊ ရပြီ. . . ရပြီ"

ကိုနိုင့်ကားရပ်ထားသော ခြံဝင်းလေးထဲသို့ စိမ်း ပြေးဝင်ခဲ့သည်။

"အို. . . ချို"

တံခါးမကြီးမှ စိမ်းအားဝင် တစ်စုံတစ်ခုသောအရာက စိမ်းခြေရင်းသို့ ဝုန်းခနဲပစ်ကျလာပါသည်။

ထိုသူမှာ ဇင်ချိုဖြစ်ပါသည်။

စိမ်း ဇင်ချို့အားပွေ့ထူလိုက်ရင်း ဒေါသကြီးဖြစ်နေသော ကိုနိုင့်ကို မော့ကြည့်မိကာ. . .

"ကိုနိုင်. . . စိမ်းတောင်းပန်ပါတယ်၊ စိတ်လိုက်မာန်ပါလုပ်





ရင် အားလုံးမှားကုန်မယ်၊ မဖြစ်သင့်တာတွေ ဖြစ်မှာစိုးလို့ စိမ်း ပြောနေတာ"

ကိုနိုင် တဟားဟားအော်ရယ်နေပါသည်။ နာကြည်းခံပြင်းစွာ ပေါက်ကွဲထွက်လာသောရယ်သံမျိုး။

တစ်နည်းအားဖြင့် ပြောင်လှောင်ထေ့ငေါ့လိုသည့် ရယ်သံမျိုး။

ကိုနိုင်မျက်လုံးတွေ ဝိုင်းဝိုင်းလည်နေသည်ကို အံ့သြစွာတွေ့ရ၏။

"မဖြစ်သင့်တာတွေ ဖြစ်မှာစိုးတာက မင်းလူအထိနာမှာစိုးလို့မဟုတ်လား၊ တော်ပါပြီ. . . မိရွှေစိမ်း၊ မင်းတို့အကြောင်းခုမှ ပိုရှင်းပါပြီ၊ မင်းလို သစ္စာမရှိတဲ့မိန်းမတစ်ယောက်အတွက် ငါ တမြေ့မြေ့ခွေးပြီး ဒုက္ခရောက်စရာမလိုဘူး၊ ကိုနိုင်ဆိုတဲ့ကောင်က သိပ်ပြတ်တယ်ကွ မှတ်ထား၊ မိရွှေစိမ်း မင်းလိုအသည်းစိမ်းတဲ့ မိန်းမကို ချစ်ခဲ့တာမှားတယ်၊ သိပ်မှားတယ်၊ ငါ့ဘဝမှာ မင်းမရှိတော့ဘူး၊ မင်းနဲ့ငါ ဘာမှမပတ်သက်တော့ဘူး၊ ဒါပဲ"

သူ ဒေါသတကြီးပြောဆိုပြီး ထွက်သွားတော့၏။

အိမ်လှေကားမှ ခြေသံပြင်းပြင်းနင်း၍ ဒေါသတကြီးဆင်းပြေးသံ၊ ကားတံခါးကိုဆောင့်၍ ဖွင့်သံပိတ်သံ၊ ကားစက်နှိုးကာ အရှိန်ပြင်းစွာမောင်းထွက်သွားသံများကြားနေရသည်အထိ စိမ်းနှင့် ဇင်ချိုစကားတစ်လုံးမှမပြောဖြစ်သေး။

ဇင်ချိုသည် ပါးစပ်မှစီးကျလာသော သွေးစများ ကုန်စင်အောင် သုတ်ပစ်ရင်းမှ စိမ်းကိုကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းလိုက်လာတာ မြန်လို့ နို့မို့ လူသတ်ပွဲဖြစ်ကုန်ပြီ"

"စိမ်းတောင်းပန်ပါတယ် ချိုရယ်၊ ကိုနိုင်တို့မိသားစု စိမ်းတို့ကို အထင်လွဲနေကြပြီ"

"ဘာတတ်နိုင်မလဲ၊ အေးအေးသာနေ၊ နောက်တော့လည်း သူ့အလိုလို ရှင်းလာလိမ့်မယ်။ စိမ်း လိုက်သွားလေ"

စိမ်း သူ့အနီးမှထပြီး သူ့ကိုနှုတ်ဆက်လိုက်ပါသည်။

"စိမ်းသွားမယ်နော်"

သူဘာမှ မပြော။

ကြေကွဲသောအကြည့်ဖြင့်ကြည့်ရင်း ခေါင်းညိတ်ပြပါသည်။

ဪ. . . တစ်ချိန်က တစ်ခါက အူသည်းနှင့်အောင်ချစ်ရပါသော ချစ်သူနှစ်ဦး၏ ကြေကွဲစရာအဖြစ်များက ဘယ်သောအခါမှ ကုန်ဆုံးပါမည်နည်း။

❖ ❖ ❖



## အခန်း (၂၆)

မဆုံးနိုင်မရှုန်းနိုင်သော ဘဝအထွေထွေသံသရာအထပ်ထပ်၌ သတ္တဝါများစွာတို့သည် ထူးထွေဆန်းပြားသော အပြစ်မျိုးစုံနှင့် ကြုံကြရလေသည်၊

စိမ်းတို့ဘဝကိုပဲကြည့်. . . ။

မမျှော်လင့်သောအဖြစ်ဆိုးတို့ ဆက်တိုက်ကြုံရလေပြီ။

စိမ်း ဇင်ချို့ဆီမှအပြန်တွင် လမ်းဆုံ၌ ယာဉ်တိုက်မှုတွေ့ကြုံလိုက်ရ၏။

အုံ့ဩတကြီး အထိတ်တလန့် အသည်းတုန်ခံစားရပုံမှာ ထိုကားတိုက်မှုသည် ကိုနိုင် ဖြစ်နေ၍ပင်။

ကားရှေ့ပိုင်းတစ်ခုလုံးကြေမွပျက်စီးနေ၍ ကိုနိုင့်ကို သွေးအလိမ်းလိမ်းဖြင့် ကြည့်ရက်စရာမရှိအောင် ရုပ်ပျက်ဆင်းပျက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျက် မေ့မျောနေသည်ကို တွေ့လိုက်ရပါသည်၊

ရဲနှင့်ပြည်သူအကူအညီယူ၍ ကိုနိုင့်ကို ဆေးရုံသို့အမြန်ဆုံးပို့ဆောင်ပေးပြီး ရှင်ယွန်းခိုင်တို့ထံ ဖုန်းဆက်အကြောင်းကြားရပါသည်။

မျှော်လင့်စရာမရှိသော ကိုနိုင့်အခြေအနေကို စိမ်းသိပြီးဖြစ်ပါသော်လည်း ကိုနိုင့်အတွက် မျှော်လင့်ချက်ငွေ့ငွေ့သားကာဆုတောင်းနေမိပါသည်။

ရှင်ယွန်းခိုင်တို့ရောက်လာသည်မှာ ကိုနိုင့်အသက်မိရှုံလေးရှိပါသည်။

"သား. . . ကိုနိုင်"

"ကိုနိုင်. . . မောင်လေး၊ ဖြစ်မှဖြစ်ရလေတယ်ကွယ်၊ မခိုင်ဖြင့် မမြင်ရက်ပါဘူး"

မိခင်နှင့် အစ်မဖြစ်သူကို မျက်လုံးလေးများဖွင့်ကြည့်သော်လည်း မြင်တွေ့နိုင်စွမ်းမှရှိပါ့မလား။ စိမ်းကိုပင် သူ မသိသလိုနေသည်။

တကယ်ပင် အသိဉာဏ်မရှိတော့လို့ မသိတာလား။

နာကြည်းချက်များကြောင့် စိမ်းကားသွေဖီဆက်ဆံတာလား။

အို. . . ကိုနိုင်ရယ်၊ စိမ်းကိုခွင့်လွှတ်ပါ။ ခွင့်လွှတ်လိုက်စမ်းပါရှင်လို့ စိမ်းရင်ထဲမှာ အခါခါတောင်းပန်နေမိပါသည်။

အလွန်ပင်လှ၍ ရှန်းလက်နေတတ်သော ကိုနိုင့်မျက်လုံးများမှေးမှိန်၍ အဝါရောင်သမ်းနေသည်။

"သား. . . သား၊ ကိုကိုနိုင်၊ မေမေခေါ်နေတယ်လေ၊





သားလေးနားမှာ မေမေရှိတယ်၊ သားရဲ့မေမေခေါ်တာ ကြားရဲ့လားသားရယ်"

ထဆက်ဆတ်တုန်နေသောနှုတ်ခမ်းကို တင်းတင်းစေ့ထားရင်း စိမ်း အသံမထွက်အောင် ငိုရှိုက်နေမိပါသည်။

မကြည့်ရက်စရာအဖြစ်နှင့် သနားစဖွယ် ကိုနိုင့်ကို စိမ်းတို့ဆုံးရှုံးရမည့်အချိန်ပိုင်းလေး နီးကပ်သထက် နီးကပ်လာသည်။

ဝါယောင်ယောင်မျက်လုံးအိမ်အတွင်းမှ မျက်ရည်စများစီးကျနေပုံမှတစ်ပါး ကိုနိုင်ဘာမှပြောဆိုနိုင်ခြင်းမရှိ။

ကိုနိုင့်လက်ဖဝါးကို တင်းတင်းကျစ်ကျစ်ဆုပ်ကိုင်ရင်း ခေါ်နေသော ဒေါ်မမခင်အဖြစ်က ကြေကွဲစရာ။ သားအတွက် ကမ္ဘာမီးလောင်မတတ်ခံစားနေရသော မိခင်၏ရင်တွင်းမှအပူမီးကို စိမ်းချင့်တွက်၍ သနားစိတ်တွေ ဝေနေမိပါသည်။

ခြေရင်းမှာ တိတ်တိတ်ကြိတ်၍ ငိုရှိုက်နေသောစိမ်းကိုဖြင့် ဒေါ်မမခင်တို့ ဂရုထားမိကြဟန်မရှိ။

"ကိုနိုင်. . . ကိုနိုင်၊ဟင်. . . သူမရှိတော့ဘူး၊ ကိုနိုင်ဆုံးပြီမေမေရဲ့၊ ကိုနိုင်ရယ်. . . မခိုင်ဖြင့် ယုံတောင်မယုံချင်ဘူး၊ ငါ့မောင်လေး အခ နဲ့သေရခြင်း။ ကိုနိုင်. . . ကိုနိုင်ရယ်"

ရှင်ယွန်းခိုင်၏အော်ငိုသံပျံ့လွင့်ထွက်လာသည်။

သား. . . သားလေး၊ မေမေဘယ်လိုဖြေရမှာလဲ၊ သားသေမယ့်အစား မေမေသေပါရစေသားရဲ့၊ သားလေးကို မကယ်နိုင်ကြတော့ဘူးလား၊ လေ ကကြီးမတရားဘူး၊ သူတော်ကောင်းကျွန်မသားလေးကိုမှ ရွေးပြီး သေခိုင်းရက်တယ်၊ ကျွန်မသားမှာ အပြစ်မရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့ရဲ့၊ ကျွန်မသားကို မကယ်နိုင်ကြတော့ဘူးလား ဆရာဝန်ကြီးတို့ရဲ့၊ ဟင်. . . စိမ်းကို လက်ထပ်ရမယ့်နေ့မှာ သားအပျော်ဆုံးနေ့ဆို၊ ခုတော့ ဒီစကားတွေ မင်းမပြောနိုင်တော့ပါလား သားရယ်၊ မင်းသိပ်ချစ်တယ်ဆိုသောမိန်းမက မင်းကိုသတ်လိုက်ပါပကောကွဲ့၊ မေမေ့တစ်သက် ဘယ်လိုဖြေရမလဲသားရယ်၊ ကျွန်မရှိတဲ့စည်းစိမ်တွေ ကုန်ပါစေ၊ ကျွန်မသားအသက်ကို ပြန်ရအောင်လုပ်ပေးကြပါ ဆရာဝန်ကြီးတို့ရဲ့"

သည်းအူပြတ်မျှ ဝေဒနာဖြင့်မချိတင်ကဲ ခအော်ငိုလိုက်ရှာသော အသံများကား ဆူညံလို့သွားပါတော့သည်။

❁ ❁ ❁



အခန်း(၂၇)

နှုနယ်ရှုပ်ဆင်းပျို့မြစ်ခြင်းကား ဘိုမင်းနောက်ဆုံးရှိချေ၏။

ဥက္ကာဆင်မြင်းပေါ်ချားခြင်းကား ယိုယွင်းနောက်ဆုံးရှိချေ၏။

ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိချေ၏။

ဇီဝိန်ထိန်လင်း သက်ရှင်ခြင်းကား သေခြင်းနောက်ဆုံးရှိချေ၏။

ထိုသံဝေဂ တရားကိုလူတို့နားလည်ကြပါသော်လည်း ကာယ်တာမ်းချစ်ခင်သူ သေဆုံးပျက်စီးကြပါလျှင် ဖြေဆည်၍မပြေနိုင်အောင် ခံစားရသည်ချည်း ဖြစ်ကြပါသည်ရှင်။

သတ္တဝါတစ်ခု ကံတစ်ခုပါလား။

သေတစ်နေ့ မွေးတစ်နေ့၊



www.burmeseclassic.com

www.burmeseclassic.com



ကိုနိုင် ဒီနေ့သေဆုံးသလို စိမ်းတို့လည်း တစ်နေ့နေ့ သေခြင်းတရားကိုရင်ဆိုင်ကြရမည် မဟုတ်ပါလား။

စိမ်း ပဲခူးဆေးရုံကြီးသို့ တာဝန်ထမ်းဆောင်ရန် အမိန့်ကျလာပြီဖြစ်သည်။

ထိုကြောင့် ပစ္စည်းများသိမ်းဆည်း၍ မခိုင်တို့ကို နှုတ်ဆက်ကန်တော့ရန်လာခဲ့ပါသည်။

ကိုနိုင်သေဆုံးပြီး သုံးလကျော်အချိန်ဖြစ်ပါသည်။

မခိုင်တို့ရင်ထဲမှာ ကိုနိုင့်အတွက် အပူမီးတွေငွေ့ငွေ့လောင်ကျွမ်းဆဲ ရင်ထဲမှာတမြေ့မြေ့ ဆွေးနေဆဲဆိုတာလည်း စိမ်းသိပါသည်။

စိမ်း ခြံထဲသို့ဝင်လာသည်နှင့် တံနေ့သောခြေလှမ်းများဖြင့် ကိုနိုင်နှင့်အတူ လျှောက်ခဲ့သောပန်းခြံထဲမှ ပန်းပင်များကို တအောက်မေ့မေ့ကြည့်နေမိသည်။

ကိုနိုင်မျက်စိဒဏ်ရာနှင့်ရှိစဉ် သူ့လက်ကိုဆွဲ၍ စိမ်းတွဲခေါ်လာပုံများကို အရိပ်ထင်မြင်နေဆဲပါလား။

စိမ်းအိမ်ထဲသို့ဝင်လာသည်နှင့် ဒေါ်မမခင်သည်ဖတ်လက်စသတင်းစာကို ဖျတ်ခနဲချပြီး မျက်နှာလွှဲလိုက်ပါသည်။

ရှင်ယွန်းခိုင်က ရီဝေသောမျက်လုံးများဖြင့် အံ့သြစူးစမ်းစွာကြည့်နေ၏။

စိမ်းကိုသူတို့လက်ကမ်းမကြိုနိုင်အောင် စိတ်နာကြပေမည်။ ထို့အတွက် စိမ်းဘယ်လိုမှ မအောက်မေ့မိ။ စိမ်းကြောင့် ကိုနိုင်သေဆုံးရခြင်းလို့ ခံယူထားသူမို့ မခိုင်တို့အမုန်းကို စိမ်းပြုံး၍ ခံယူနိုင်ပါသည်။

စိမ်းက ဒေါ်မမခင်တို့ရှေ့ကြမ်းပြင်မှာ ကျုံ့ကျုံ့ထိုင်လိုက်





ပါသည်။

ရှင်ယွန်းခိုင်က စိမ်းအား နားမလည်သလို တွေဝေစွာကြည့်နေဆဲ။

လွမ်းဆွေးပူဆွေးခံစားမှုအရှိန်ကြောင့် စိမ်း၏ရင်သည် ကြေကွဲလျက် နှုတ်ခမ်းနှစ်လွှာကို ဖွင့်ဟ၍ပင် မရနိုင်အောင် တုန်ယင်နေပါသည်။

"အန်တီခင်. . . မခိုင်"

တိတ်ဆိတ်နေသောညနေခင်းသည် ပို၍တိတ်ဆိတ်သွားသည်ဟု ထင်ရ၏။ စိမ်း၏အသံတိုးတိုးသည်ပင် ပို၍ကျယ်လောင်သွားသယောင်။

ပျော်ရွှင်စွာနေထတ်ပါသော ဒီမိသားစုလေးဝယ် ကိုနိုင်တစ်ယောက်ပျောက်ကွယ်သွားခြင်းကြောင့် တစ်ခါမှမပျော်ရွှင်ခဲ့ဖူးသလို ခြောက်သွေ့တိတ်ဆိတ်လျက် ဆွေးမြည့်စဖွယ်ဖြစ်နေ၏။

"စိမ်း ပဲခူးကို ပြောင်းရတော့မယ်၊ အန်တီခင်နဲ့မခိုင်ကို နှုတ်ဆက်ရင်း ကန်တော့ပါတယ်၊ စိမ်းမှာရှိသမျှအပြစ်တွေကို ခွင့်လွှတ်ပါ"

ဒေါ်မမခင် စိမ်းကိုလွန်စွာမုန်းတီးဆုပ်သောအကြည့်ဖြင့်ကြည့်ရင်း. . .

"ညည်းမို့အရှက်မရှိမျက်နှာပြောင်တိုက်ပြီး ဒီအိမ်ကိုလာရဲသေးတယ်နော်၊ အားနာဖော်မှုမရှ ငါ့မှာတော့ သားကိုနိုင်အတွက်တနုံ့နုံ့ခံစားနေရတုန်း၊ ညည်းစနက်ကြောင့်သေရတဲ့သားကို ဘယ်လိုမှမေ့ရမှာမဟုတ်ဘူး၊ ညည်းကိုမြင်တိုင်း ငါ့သားလေးအဖြစ်ကို သတိရ



www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ ညည်းကိုနှလုံးနာတယ်၊ သွားစမ်းပါအေ၊ မြန်မြန်သွားစမ်းပါ"

ဒေါ်မမခင် ထိုနေရာကနေ ထသွားပါတော့သည်။

စိမ်း အသံထွက်အောင် ငိုရှိုက်လိုက်မိပါသည်။

ပြောပါစေ။

စိတ်ရှိသလောက် ပြောပါစေ။

အစားထိုးမရတဲ့ သားတစ်ယောက်ဆုံးရှုံးခြင်းမို့ စိမ်းကို ပြောချင်သလောက်ပြောပါစေ။

စိမ်းကိုယ်တိုင်လည်း ကိုနိုင့်အတွက် ဖြေဆည်လို့မရသေးတာမို့ ကြေကွဲလို့ မဆုံးနိုင်ပါဘူး အန်တီခင်ရယ်။

"စိမ်း"

မခိုင်၏တိုးတိုးညင်သာ ခေါ်လိုက်သံကြောင့် စိမ်းမျက်ရည်များလက်ကိုင်ပဝါဖြင့် သုတ်ရင်းက မော့ကြည့်လိုက်ပါသည်။

"စိမ်းအပေါ်မှာထိုင်ပါ၊ မခိုင်စိမ်းကို နားလည်ပါတယ်"

အလွမ်းမျက်ရည်ဝေ့ဝေ့လည်နေသော မခိုင်၏မျက်လုံးဝိုင်းလေးများသည် စိမ်းကို ကရုဏာသက်စွာကြည့်နေကြပါသည်။

"စိမ်းကို ခွင့်လွှတ်ပါ မခိုင်ရယ်၊ စိမ်း သစ္စာတရားကို စောင့်ထိန်းပါတယ်၊ အဲဒီနေ့က အဖြစ်အပျက်ကတော့. . ."

"ရပါတယ်၊ မတောင်းပန်ပါနဲ့တော့ သတ္တဝါတစ်ခုကံတစ်ခုလို့ မခိုင်မှတ်ယူပါတယ်၊ ဖြစ်ဖို့ကံပါလို့ ဖြစ်တာပါကွယ်၊ မခိုင်အရင်ကလိုပဲ စိမ်းအပေါ်မှာ အခင်မင်မပျက်ပါဘူးကွယ်"

"စိမ်းလည်း မခိုင်ကို အစ်မတစ်ယောက်လိုချစ်ပါတယ်၊ စိမ်း





တစ်ခုတောင်းပန်ပါတယ်။ ဇင်ချိုနဲ့ စိမ်းဟာ ခုနေခါ ဘယ်လိုမှ မပတ်သက်တော့ပါဘူး၊ မမခိုင်ရဲ့မာနတွေလျှော့ပြီး နာကြည်းစိတ်တို့ ပြေလျှော့လိုက်ပါ၊ ဇင်ချိုနဲ့မမဟာ ဝါသနာတူတဲ့ချစ်သူတွေအတွက် လက်တွဲကြဖို့ တိုက်တွန်းပါတယ်"

မခိုင်ဘာမှ မပြော၊

သူ့ရင်ထဲမှာ ချစ်သူကို အောက်မေ့တမ်းတနေသေးသလား၊ စိတ်နာနေဆဲလားဆိုတာ စိမ်းဘယ်လိုသိနိုင်မှာလဲရှင်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ကြည်လင်သာယာသော ရာသီဥတု မဟုတ်ပါချေ။

ဝန်းကျင်တစ်ခွင် အုံ့ဆိုင်းမှုန်မှိုင်းလို့ မိုးဦးရာသီအခါသမယမို့ အရာရာသည် စိုစွတ်နေပေသည်။

သစ်ပင်များစိမ်းစိုနေပုံနှင့် မိုးကောင်းကင်ကြီးညို့မှိုင်းနေပုံမှာ လွမ်းချင်စရာကောင်းနေပါသည်။

စံကားပင်ကြီးအောက်ကို စိမ်းလျှောက်ခဲ့ပါသည်။

အပွင့်တွေအပင်မှာ ဝေနေသလို၊ မြေမှာလည်း ကြွေနေသော ပန်းစံကားလေးများတား စိမ်းတို့ငယ်စဉ်က အတိုင်း။

သည်အပင်ကြီးအောက်မှာ စိမ်းနှင့်ဇင်ချိုချစ်ခင်ယုယ ကြင်နာစွာ ပျော်ရွှင်ခဲ့ကြပုံကို စိမ်းမျက်လုံးထဲမှာ အရိပ်လိုထင်နေပါသည်။





လေပြည်ကလေးသွေးနေမှုကြောင့် စိမ်း၏ထဘီအနားသည် ဘဖျပ်ဖျပ်လှုပ်ခါနေသည်။ စိုစွတ်သောမြေပေါ်မှ ပန်းများကို စိမ်းငုံ့ကြည့်မိပါသည်။

ပန်းကလေးများကို သွမ်းမျက်ရည်ပြည့်နေသော မျက်လုံးများဖြင့်ကြည့်ရင်း ငယ်ကအကြောင်းများ အောက်မေ့တမ်းတနေမိပါသည်၊

စိမ်းရပ်နေရာမှ ထိုင်လိုက်ပြီး ပန်းကလေးများကို တစ်ပွင့်ချင်းကောက်ယူနေမိပါသည်။

တစ်ပွင့်၊ နှစ်ပွင့်၊ သုံးပွင့်၊ လေးပွင့်၊ ငါးပွင့်. . .

အို. . .

စိမ်းရင်ထဲမှာ တုန်ခနဲဖြစ်သွားကာ မော့ကြည့်လိုက်ပါသည်။

ခြောက်ပွင့်မြောက်ပန်းကိုကောက်ယူ၍ တစ်စုံတစ်ယောက်သောသူက စိမ်းလက်ထဲသို့ ပန်းကလေးထည့်ပေးပါသည်။

ဘယ်သူရှိဦးမှာလဲ၊

သူ. . .

စိမ်းငယ်ချစ်ဦး ဇင်ချိုပင်ဖြစ်ပါသည်။

သူရောစိမ်းပါပြိုင်တူ မတ်တတ်ရပ်လိုက်ကြပါသည်။

"အံ့ဩသလား စိမ်း"

"ချို ဒီကိုလာမယ်လို့ စိမ်း မထင်မိဘူး"

"ဘာလို့ ခထင်ရတာလဲ၊ စိမ်းတောင် ဒီနေရာရောက်ခဲ့ပြီပဲ၊ ငယ်ဘဝကို ဘမ်းတာဘယ် မဟုတ်လား စိမ်း"

စိမ်းရင်ထဲက အကြောင်းများကို သူမသိအောင် ဖုံးခွယ်ချင်



www.burmeseclassic.com

www.burmeseclassic.com



၍ ငြိမ်နေမိပါသည်။

"စိမ်းနဲ့ ကိုယ်ရေစက်မကုန်သေးပါဘူး စိမ်းရယ်၊ စိမ်းနဲ့ ကိုယ်အရင်လိုပဲ ချစ်နေကြရအောင်၊ ဒီတစ်ခါ မဝေးနိုင်ကြတော့ပါဘူး စိမ်းရယ်"

ပန်းများဖြင့်ပြည့်နေသော စိမ်းလက်ကိုဆွဲယူ၍၊ ပန်းမှူးနှင့် ရောထွေးကာ မွှေးကြူလိုက်ပါသည်။

အို. . . စိမ်းရင်တွေ သိမ့်သိမ့်ခုန်သွားရပါလားချင်။

ဒါပေမယ့် ရင်ထဲမှာ နင့်နဲ့စွာခံစားရင်းက စိမ်းနူတ်ခမ်းများ တင်းတင်းစေ့လိုက်ပါသည်။

"ပြောလေ စိမ်း၊ စိမ်းကိုလက်တွဲပြီး တစ်သက်လုံးစောင့် ရှောက်ပါရစေ"

စိမ်း၏ရင်မှာ အနှစ်နှစ်အလလက တောင့်တခဲ့ရသော ချစ်သူ၏ငယ်ငယ်က ချစ်ရေစင်တွေ ခုထိ မခမ်းသေးပါလား၊

ဒါပေမယ့်. . . ဒါပေမယ့်. . .

"စိမ်းနဲ့ ချိုဟာ ငယ်သူငယ်ချင်းတွေပါ၊ ၅၂၈ မေတ္တာဟာ အေးမြသန့်စင်တယ်၊ တစ်ဦးနဲ့ တစ်ဦးပိုင်ဆိုင်လိုတဲ့ ၁၅၀၀ မေတ္တာဟာ မီးလိုပူလောင်တယ်၊ လူကို တမြေ့မြေ့လောင်ကျွမ်းစေတယ်၊ စိမ်းလေ. . . ချို့အပေါ် သန့်စင်တဲ့မေတ္တာတရားနဲ့ ထာဝရခင်တွယ် နေပါစေ၊ ချို့အနေနဲ့ အချစ်နဲ့သစ္စာတရားကို မခိုင်အပေါ်မှာ ထား သင့်ပါတယ်"

"မခိုင်နဲ့ ကိုယ်ကပြတ်ပြီးပဲ၊ ကိုယ့်အပေါ် အရမ်းနာကြည်းနေ တယ်၊ ခုနေကိုယ်ကပြန်ပြီး ဆက်သွယ်ရင်တောင် သူကလက်ခံမယ်





ထင်လားစိမ်း"

"မခိုင် မောင့်ကို လက်ခံဖို့စောင့်နေပါတယ်မောင်"

"ဟင်"

မမျှော်လင့်ဘဲ ထွက်ပေါ်လာသော ရှင်ယွန်းခိုင်၏အသံ။

မလှမ်းမကမ်းမှာ ရပ်နေသော မခိုင်သူတို့အနီးလျှောက် လာပါသည်။

"မခိုင်အထင်လွဲပြောဆိုခဲ့မိတာတွေအတွက်. . . မောင့်ကို တောင်းပန်ပါတယ်၊ မခိုင်ကို ခွင့်လွှတ်နိုင်သေးရဲ့လား"

သနားစရာ မခိုင်ပါပင်။

အမြဲတက်ကြွနေသော အမူအရာများနှင့် ပျော်ရွှင်နေသော မခိုင်မျက်နှာလေးမှာ ညှိုးရော်နွမ်းလျနေပါသည်။

"ကျွန်တော် အမြဲတစေခွင့်လွှတ်ထားပါတယ် မခိုင်"

"ငမ်းသာလိုက်တာ ခမောင်ရယ်၊ ဝမ်းသာလိုက်တာ၊ မေမေ့ကို လည်း နားဝင်အောင်ရှင်းပြပြီးပါပြီ မောင်ရယ်၊ မခိုင်လေ မောင့်ကို ချစ်လွန်းလို့ စိတ်လိုက်မာန်ပါ ပြောဆိုမိတာပါ. . . စိမ်းကိုရော တောင်းပန်ပါတယ်၊ မခိုင်နဲ့ ပြန်လိုက်ခဲ့ပါ မောင်ရယ်"

တောင်းပန်တိုးလျှိုးသော မခိုင်ကို ဇင်ချို အတန်ကြာ တွေကြည့်နေပြီး သက်ပြင်းချလိုက်ပါသည်။

ဇင်ချို စိမ်းအား ရီဝေသောမျက်လုံးများဖြင့် ကြည့်နေဆဲမှာ သူတို့နှစ်ယောက်ကြားမှာ ရပ်နေသောစိမ်းကပင်. . .

"လိုက်သွားလိုက်ပါ ချိုရယ်"

ဇင်ချို မခိုင်လက်တိုကိုင်လိုက်ပါသည်။ မခိုင်အားပါးတရ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရင်း. . .

"ဝမ်းသာလိုက်တာ. . . မောင်ရယ်"

ထို့နောက် သူတို့ စိမ်းကို နှုတ်ဆက်ပြုံးဖြင့်ကြည့်နေရင်း. . .

"သွားမယ်နော် စိမ်း"

စိမ်း ခေါင်းညိတ်ပြလိုက်ပါသည်။

တစ်ယောက်လက်ကို တစ်ယောက်ဆွဲ၍ လမ်းပေါ်မှာရပ်ထားသောကားဆီသို့ လျှောက်သွားကြသော သူတို့ကိုကြည့်ရင်း စိမ်းရင်တွင်းမှ ထိန်းချုပ်ခဲ့ရသည့် မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာသည်။

ဒီတစ်ခါ နှုတ်ဆက်ခြင်းကတော့ ထာဝရခွဲခွာခြင်းလို့ စိမ်းရင်ထဲမှာ နာနာကျင်ကျင်ကြီး တွေးမိပါသည်။

စိမ်း၏ချစ်သူများသည် စိမ်းကို ခွဲခွာသွားခဲ့ကြသည်ပင်မဟုတ်လား. . .

စိမ်းကချစ်ခဲ့ရသူ၊ စိမ်းအား ချစ်ခဲ့ကြသူများသည် စိမ်းအားအထီးကျန်ဘဝတွင် ထားခဲ့ပါပြီလားဟူသော အသိကြောင့် စိမ်းတသိမ့်သိမ့်ငိုရပါသည်။

စိမ်းငိုကြွေးရသလို တစ်ပါးသူများ၊ ချစ်သူတွေ မငိုကြစေလိုပါ။

စိမ်းဘဝ အထီးကျန်လို့ မည်သူ့အားမျှ အဖော်မခဲ့ခေလိုပါ၊

စိမ်းသည်သာ အကျည်းတန်သော အထီးကျန်ဘဝမှာချစ်ရသူတို့အား တမ်းတရင်း ငေးမြေမြေဆွေးနေပါစေ၊

စိမ်းသည်သာ အချစ်ကိုပေးဆပ်ရခြင်း၊ ဖွန့်လွှတ်ရခြင်းဖြင့်

ရှေ့ပဒေသာစာပေ



ချစ်သည်းတွေ မွမွကြေအောင် ခံစားရပါစေ. . :
စိမ်းသည်သာ . . . ။

ရွှင်လန်းချမ်းမြေ့ကြပါစေ။

တက္ကသိုလ် ယဉ်ယဉ်လဲ့

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com